www.burmeseclassic.com

နှင်းဆီသကြိုန်

ချစ်သူ

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတာ
ချစ်တတ်မှ ကောင်းတာ
မချစ်တတ်ရင်
ညှစ်သတ်ခံရတာထက် ဆိုးတယ်
မျက်နာကြီး အစ်ပြီးတော့လေ...
မျက်ရည်တွေထွက်၊ နှပ်တွေ တဖျစ်ဖျစ်နဲ့
စိတ်ညစ်စရာကြီး...
ခက်တာက
(မနိုင်ပြောသလိုပဲ)
မချစ်ရင် မနေနိုင်တာက ပြဿနာ...



BURMESE CLASSIC .com

အခန်း(တစ်)

ဒါဂါရောင်တွေ တဖျောင်းဖျောင်း ကျိုးကျတဲ့ မနက်ခင်းကြောင့် ထက်ခေါင် လန့်နိုးကာ ခုတင်ပေါ်က ခုန်ဆင်းလိုက်သည်။

(ဘာဖြစ်တာလဲဟ!. . .)

"မြန်း. . . ဖြောင်း. . . ဝေါ"

"ဝေးဟေး. . . "

"သကြိန်နွေဦး ××× တူးပို့ ××× တူးပို့ ×××"

(သြော်. . . ဟ. . . ဒီနေ့ သကြိန်အကျနေ့ပဲ)

ထက်ခေါင် သေချာနားစွင့်ကြည့်မှ လမ်းထိပ်ဖက်က လွင့်ကာလာသော သီချင်းသံ ကြားပြီး သကြိန်ကို သတိရကာ မြူးသွားသည်။

"မယ်တို့ကိုလည်း တူးပို့. . တူးပို့ မာပါစေခင်ဗျာ. . အဟတ်

www.burmeseclassic.com

www.burmeseclassic.com

ဟား. . သကြံန်ကျပြီကွ"

ကြားနေရသော သီချင်းအတိုင်း အသံထပ်ပြီး လိုက်ဆိုရင်း ရင်ဘတ်ထဲ ပိုက်လျက် ပါလာသော စောင်ကို လုံးထွေးပစ်တင်ခဲ့ကာ သန့်စင်ခန်းဆီ ခပ်မြူးမြူးလေး လျှောက်သွားစဉ်. . .

"ဗြောင်း. . ဗြောင်း. . ဝေါ. . ခရော. . "

(ဟင်!. . .)

အိမ်ရှေ့ဖက်က အသံဖြစ်၍ ထိုအသံနှင့် လန့်နိုးလာမှန်း သတိရကာ ခြေလှမ်းတွေကို သူ၏ခုတင်ဘေးမှ လေသာဆောင်ဆီ ထွက်သော တံခါးဆီ ပို့သည်။

ထို့နောက် တံခါးမကြီး၏ကျက်တွေ ဖြုတ်ပြီး တံခါးနှစ်ချပ်အား ခပ်သွက်သွက် ဖွင့်ကြည့်လိုက်သည်။

(ဟာ. . . ကုန်ပါပြီကွာ)

အိမ်ရှေ့က ပိတောက်ပင်ကြီး ကတုံးကျတော့မည်။ လှမ်းကြည့်လိုက်တော့ စိန်ကြီး. . . ခါးတောင်းမြောင်အောင်ကျိုက်ပြီး ပွင့်သမျှ ကိုင်းတွေ အကုန်ချိုင်ကာ ချနေသည်။ အပင်အောက်မှာလည်း မိန်းမတွေနှင့် ကလေးတွေ တစ်ပြုံကြီး စောင့်ကြည့်နေကြပြီး ကိုင်းတစ်ကိုင်း ကျလာသည်နှင့် ဝေးဝေးဝါးဝါး အော်ကာ သူ့ထက်ငါ အလုအယက် ချိုးကြ ခူးကြသည်။

(သွားပါပြီကွာ၊ ငါ့မှာ ဒီအပင်လေးနဲ့ လုပ်စားနေတာ. . . တောက်. . .)

ထက်ခေါင် ဒေါသအိုး ပေါက်ကာ ဝရံတာဆီ လျှောက်သွားပြီး. . .

"ဟေ့ကောင်. . ဟေ့ကောင်. . စိန်ကြီး၊ မင်းဘာလုပ်တာလဲ!"

အပေါ်ထပ် လသာဆောင်ကနေ ဒေါသအိုးဖွင့်ပြီး အော်လိုက်တဲ့ သူ့အသံက အတော်ကျယ်သွားပုံရသည်။ ပန်းချိုးသူတွေအားလုံး ထွန့်ခနဲဖြစ်ကာ လှည့်ကြည့်ကြသည်။ စိန်ကြီးလည်း ကြည့်သည်။ သူ့ရှေ့မှာ ပိတောက်ကိုင်းလေး ကွယ်နေသေးသဖြင့် ဓါးမနှင့် လှမ်းပက်ချ

ကာ သေချာကြည့်သည်။

"ဟားဟားဟားဟားဟား. . "

"ခိခိခိ. . ဟီးဟီးဟီး. . ဟားဟားဟားဟား"

"ဝါး. . အူး. . ထက်ခေါင်. . ကင်မရာ အဟောင်းကြီးနဲ့ ခါတ်ပုံထွက်ရိုက်နေတယ်ဟေ့. . ဟားဟားဟား"

"မဟုတ်ပါဘူးဟယ်. . ဗီဒီယို ရိုက်တာ. . ခစ်ခစ်ခစ်. . ဟိဟိဟားဟား. . "

ရုတ်တရက်မို့ သူကြောင်ကာသွားသည်။ ရယ်သံတွေ။ သူဒေါသတကြီး အော်တာကိုတောင် စိန်ကြီး တဟားဟား အော်ရယ်သည်။ ပြီးတော့ ဗီဒီယိုတွေ၊ ကင်မရာတွေ၊ ဘာလဲ!. . ဘာလဲ!. . ။

သူ မတွေးတတ်အောင် ဖြစ်နေသည်ထက် ဒေါသသံကို တုန့်ပြန်လာသော ရယ်မောသံက အုံနှင့်ကျင်းနှင့်ဖြစ်၍ သူ့ဒေါသတွေ ထွက်ပဲထွက်ရမလို ပြန်ပဲ ဝင်ပြေးရမလိုဖြစ်သွားသည်။

ထိုစဉ် နှစ်ခြေကျော်က မတရုတ်မက. . .

"ဟဲ့. . . ထက်ခေါင်၊ နင့်ဟာကြီး လာကြွားနေတာလား၊ ဒီမှာ အပျိုတွေနဲ့"

ဒီတော့မှ သူ သဘောပေါက်သွားပြီး ပြန်ငုံ့ကြည့်မိသည်။ ပုဆိုး ခါးမှာ မရှိ။

(ဟာ. . . ဒုက္ခပဲ)

အတွင်းခံဘောင်းဘီလေးနှင့် လူလုံးထွက်ပြနေမိလျက်သား ဖြစ်နေ၍ တစ်ကိုယ်လုံး ဖြန်းခနဲ ထူပူထွက်သွားကာ အခန်းထဲ ပြန်ဝင်ပြေးပြီး တံခါးကို ဝုန်းခနဲ ဆွဲပိတ်ပစ်လိုက်သည်။ တံခါးပိတ်ကာမှ ရယ်သံတွေက ပိုကျယ်လာသဖြင့် ခုတင်ပေါ် တက်ပြီး ပုဆိုးရှာမိသည်။ ပုဆိုးက စောင်နှင့် လုံးထွေးကာ နေ၍ ကပျာကယာ ဆွဲယူလျက် ခေါင်းပေါ်က စွပ်ချလိုက်သည်။

လူက လုံခြုံသွားသော်လည်း စိတ်က မလုံ၊ ကတုန်ကယင်နှင့် အရူးဖင် သရဲကုတ်သွားသလို ဘယ်သူ့ကို ကော်တုတ်လို့ တုတ်ရမှန်း

www.burmeseclassic.com

www.burmeseclassic.com

မသိ ဖြစ်နေသည်။

လူ့သဘောက ခက်လှ၏။ ထို့ကြောင့် နှေးလူကြီးတွေ စကားပုံထားခဲ့ခြင်းဖြစ်သည်။ ကြွက်မနိုင် ကျီမီးနဲ့ရှို့၊ ကုလားမနိုင် ရခိုင်မဲ့။ ယခုလည်း ရှက်ရွံ့တုန်ခါနေသော သူ့စိတ်ထဲမှာ စိန်ကြီးကို ကွက်ခနဲ သွားမြင်သည်။

(ဒီကောင့်ကြောင့်...)

(ခွေးကောင်...တွေ့မယ်...တောက်)

ထက်ခေါင် တွေဝေမနေဘဲ အိမ်ပေါ်ထပ်က ပြေးဆင်းလာခဲ့သည်။

"ဟဲ့...ဟဲ့...ထက်ခေါင်"

မေမေ ဘုရားခန်းကအထွက်၊ သူပြေးဆင်းသွားတာ မြင်၍ လှမ်းအော်တားသော်လည်း သူ့ခြေလှမ်းတွေ တုန့်မသွား။ ခြံထဲ ရောက်သည်နှင့် ခြံဝင်ခါးဘောင်မှာ ကပ်ချည်ထားသော မီးခိုတ်၊ မီးကပ်ဝါးလုံးအား ခပ်ကြမ်းကြမ်းပင် ဆွဲဖြုတ်ယူလိုက်သည်။

ထို့နောက် ဝါးလုံးကို အရင်းမှ ကိုင်၍ ခြံပြင်ပြေးထွက်ကာ ပိတောက်ပင်ပေါ် ရောက်နေသော စိန်ကြီးကို ထိုးခွ ရိုက်ချလေတော့၏။

"ဟေ့ကောင်...ဟ...ဟ..."

"သေ...သေစမ်း"

"ဟဲ့...လုပ်ကြပါဦး၊ ဟဲ့...ထက်ခေါင် မလုပ်ပါနဲ့ဟဲ့"

"အား...မဟုတ်တာ ထိုးမိမယ်ကွ...အား"

"သေ...သေ..."

"သင်္ကြန်..."

"ဘာလဲ!..."

ခပ်စူးစူးလေး ငေါက်သံကြောင့် ထက်ခေါင် ပခုံးပေါ် လောင်းချဖို့ မြှောက်ကိုင်ထားသော ငွေဖလားကြီး လက်ထဲက လွတ်ကျတော့မလိုဖြစ်သွားသည်။ လွတ်ကျလို့တော့ မဖြစ်၊ လုံးဝ မပိန်မှုန်စေရပါဘူးလို့ ဥပါသကာကြီး ဦးထူးထံ အာမခံနှေ့ အကြိမ်ကြိမ် ခံပြီး ဝယ်ထောင်ပေး ငှားလာသော ငွေဖလားဖြစ်သည်။

"ငါ...ဒါလေးနဲ့ လုပ်စားနေရတာနော် ထက်ခေါင်"

ဟု သေချာမှာလိုက်သော ဦးထူး၏စကားသံကိုလည်း ပြန်ကြားရသဖြင့် ဖလားကို လက်နှစ်ဖက်နှင့် သေချာကိုင်ပြီး ခပ်သွက်သွက် လျှောက်နေသော အိသင်္ကြန် ခြေလှမ်းတွေကို မီအောင် ဘေးကနေ လိုက်လျှောက်သည်။

မနှစ်က ဒီလိုသင်္ကြန်လ၊ သင်္ကြန်ပြီးမှ သူတို့မျက်နှာချင်းဆိုင် အိမ်ကို ပြောင်းလာသော အိသင်္ကြန်အား ထိုအချိန်ကစပြီး လာမယ့်နှစ်

www.burmeseclassic.com

www.burmeseclassic.com

သကြော်နှံမှာ ငါ အိသကြော်နှံကို ရေလိုက်လောင်းရင်း ချစ်ခွင့်ပန်မည်ဟု ဆုံးဖြတ်ချက် အခိုင်အမာ ချထားပြီးဖြစ်သည်။

အိသကြော်နှံက လှသည်၊ ယဉ်သည်၊ မြန်မာဆန်ဆန် ဝတ်စားထားလျှင် မြင်သူတိုင်း ငေးရလောက်အောင် ချောမောကာ မျက်လုံးဝိုင်းဝိုင်း၊ မျက်တောင်ကော့ကော့ ရှုတ်ရှုတ်ကြီးတွေ တဖျတ်ဖျတ် ခတ်ပြီး လှစ်ခနဲ အကြည့်ခံရတိုင်း ရင်ထဲမှာ ဗျစ်ခနဲမြည်ကာ လှိုက်ခါသွားရစမြဲ။

ရပ်ကွက်ထဲမှာ အိသကြော်နှံနှင့် နီးစပ်ဖို့ ကြိုးစားသူမှန်သမျှ ထက်ခေါင်က ရန်သူဟု သတ်မှတ်ကာ မည်သူမတာ ရှင်းပစ်သည်။ အိသကြော်နှံ၏ချစ်ခြင်းမေတ္တာအားလုံး သူမှလွဲ၍ ဘယ်သူ့အတွက်မှ မဖြစ်စေရ။ ထို့ကြောင့် လူရိုက်မှုနှင့် အချုပ်ကျနေသည့်အချိန်မှလွဲ၍ အိသကြော်နှံ ဘေးမှ ကိုယ်ရံတော်မှာ သူဖြစ်သည်။ တရားဝင်တော့ မဟုတ်၊ ကိုယ့်ဘာသာ ချစ်သူရဲ့ကိုယ်ရံတော်ဟု သတ်မှတ်ပြီး ချစ်သူနှင့် ခပ်လှမ်းလှမ်းမှ စောင့်ကြည့်လိုက်ပါကာ လုံခြုံမှု ပေးနေခဲ့ခြင်းဖြစ်သည်။

ညည ရပ်ကွက်ထဲက ကောင်တွေ လာကြောင်မှာစိုး၍ အိမ်ရှေ့က ပိတောက်ပင်ကြီးမှာ သရဲရှိသည်ဟု သတင်းလွှင့်ထားသည်။ ဒါကို အိသကြော်နှံလည်း သတိထားမိပါသည်။ မေဂျာမတူ အတန်းမတူသော်လည်း ဒဂုံတက္ကသိုလ် တစ်ကျောင်းတည်း၊ တစ်နှစ်တည်း အတူတူ တက်နေရခြင်းဖြစ်၍ သိနေသည်။

သို့သော် ခပ်ဆိုးဆိုး ခပ်တေတေ၊ ထစ်ခနဲဆို ရန်လိုမင်းမူနေတတ်သော သူ့ကို သူမ သဘောမကျပါ။ အိမ်ပြောင်းသည့်နေ့က အိမ်ထောင်ပြောင်းပစ္စည်းတွေ ကူသယ်ကူချပေးသော ကျေးဇူးနှင့် ဝတ်ကျေတန်းကျေ ခေါ်ပြောနေမှန်း သူသိသည်။

မည်သို့ဆိုစေ သူ့ဘက်က ဖိတ်စာတစ်ခြမ်းရိုက်ပြီး ခန်းမတစ်ဝက်ပင် ငှားပြီးနေချေပြီ။ အိသကြော်နှံကို သူချစ်သည်။ သကြော်နှံရေထဲ မေတ္တာရောပြီး ဟောခနဲ လောင်းရမည်။

ယခု သကြော်နှံကျချေပြီ။

"အိသကြော်နှံ"

"ဘာလဲဟာ!. . "

"ငါ. . ရေလောင်းချင်လို့ပါ"

"နင့်ဘာသာ လောင်းချင်လောင်း မလောင်းချင်နေ"

"လောင်းမှ ဖြစ်မယ်ဟ၊ အခု ငါလောင်းမယ့် သကြော်နှံရေထဲမှာ ချစ်ခြင်းမေတ္တာတွေပါ ရောပါနေတော့ နင့်ရင်ထဲ စိမ့်ဝင်သွားအောင် လောင်းချင်တာ"

"ငါစိတ်မဝင်စားဘူး"

"လုပ်ပါဟာ. . . ခဏလေးပဲ ရပ်လိုက်ပါ"

"မရပ်နိုင်ပါဘူး"

"ဟဲ့!. . . ထက်ခေါင်"

သူလှည့်ကြည့်လိုက်တော့ လမ်းထဲက ဟင်းရောင်းတဲ့ ဒေါ်ကုလားမ၊ သကြော်နှံရက်ဖြစ်၍ သူ့အိမ်ရှေ့က ဟင်းဆိုင်ကို အရောင်းပိတ်ပြီး အိမ်ရှေ့မှာပင် ရေစည်နှစ်လုံး ချကာ သူ့ကလေးတွေနှင့် ရေထွက်ပက် ကစားနေခြင်းဖြစ်သည်။

"နင်. . အဲ့ဒီဖလားက ဘာလုပ်တာလဲ!"

ဒေါ်ကုလားမ လှမ်းမေးနေတုန်း သူ့သမီး ကုလားပုမလေးက ထက်ခေါင်ကို ရေနှင့် လှမ်းပက်သည်။

"ဘာလုပ်ရမှာလဲဗျ. . . ရေပက်ဖို့ပေါ့!"

"အောင်မာ. . အဲ့ဒီဖလား. . အခုလာပေး၊ နင့်ကို ငါ့စိတ်မချဘူး"

"ဘာဗျ. . . စိတ်မချရအောင် ခင်ဗျားပစ္စည်းမို့လို့လား!"

"ဟဲ့. . . ငါ့ပစ္စည်း မဟုတ်ပေမယ့် ငါအပေါင်ခံထားတာဟဲ့၊ ဖလားယူထားလိုက်ရင် ဦးထူးအလှူခံစရာ ဖလားမရှိမှာစိုးလို့ နားလည်မှုနဲ့ ပြန်ပေးထားတာ သိရဲ့လား!"

"ဟာဗျာ. . . အဓိပ္ပါယ်မရှိလိုက်တာ. . . "

သူပြောရင်း အိသကြော်နှံကို လှမ်းကြည့်တော့ အိသကြော်နှံ သူ့မတို့ အိမ်ရှေ့ရောက်သွားချေပြီ။

www.burmeseclassic.com

www.burmeseclassic.com

(သွားပြီ၊ အခွင့်အရေးတောင်းကြီး လွတ်သွားပြန်ပြီ)

"ဟဲ့. . . လာပေးဆိုတာ မကြားဘူးလား!"

"မပေးဘူးဟျာ. . . မကျေနပ်ရင် ကြိုက်တဲ့နေရာ သွားတိုင်၊ ကျုပ်လည်း တစ်ရက်တစ်ထောင်နဲ့ ငှားထားတာ. . . ရှင်းလား!"

"ဘာ. . နင်. . နင်. . လာစမ်းပါဦး. . "

"မလာနိုင်ဘူးဟျာ. . . ခင်ဗျားဝင်ရှုပ်တာနဲ့ လွတ်သွားပြီ. . . တောက်"

ထိုအခိုက်မှာပင် အိသကြိန်နှင့် သူ့ညီမလေး မေသကြိန် ဒီဘက် ပြန်ထွက်လာသဖြင့် ထက်ခေါင် ပျော်သွားပြီး ဖလားတပြင်ပြင်နှင့် ရပ်စောင့်နေမိသည်။

သို့သော်. . .

"ပေး. . . အဲဒီဖလား. . "

"ဟာ. . ဒေါ်ကုလားမ. . ခင်ဗျား"

"ပေး. . "

"မပေးဘူး. . . "

ဒေါ်ကုလားမ ဖလားလာလုနေသဖြင့် ထက်ခေါင် ထောင်းခနဲ ဒေါသဖြစ်ကာ ဆောင့်အဆွဲ၊ ဖလားကို စုံကိုင်ထားသော ဒေါ်ကုလားမ ပါ. . လွှားခနဲ သူ့ဆီ ပြုံကျလာတော့သည်။

"အား. . "

"ထက်ခေါင်. . . ဟေ့. . . ထက်ခေါင်"

"ခင်ဗျား. . လွတ်နော်. . "

အချုပ်ခန်း အခန်းလူကြီး ဝင်းမောင် ကြောင်သွားပြီး မြေအင်တုံကြီး ပိုက်ကာ လူးလှိမ့်ကာ အော်နေသော ထက်ခေါင်ကို နားမလည်နိုင်အောင် ဖြစ်သွားသည်။ အင်တုံက အချုပ်ခန်းထဲမှာ အပေါ်အပါးသွားရန် ထားသော အင်တုံဖြစ်၍ ဒီမနက် ထုတ်သွန်ပြီးမှ ဆီးသွားထားတာတွေ ရှိသဖြင့် ဘောင်ဘင်ခတ်ကာ ထက်ခေါင် ကိုယ်ပေါ်မှာ ခွဲကုန်သည်။

"ဟေ့ကောင်. . "

"မလွတ်ဘူးလား!. . မလွတ်ရင် ရိုက်ခွဲပစ်. . . ဟင်"

ထက်ခေါင် လန့်နိုးလာကာ ထထိုင်လိုက်သည်။

သူ့တစ်ကိုယ်လုံး သေးနုံ့တွေနှင့် မွှန်ထူနေ၍ ငုံကြည့်မှ ပေါင်ကြားထဲ ရောက်နေသော ဆီးအင်တုံကြီးကို မြင်ကာ ဝေါခနဲ ဖျိုတက်

www.burmeseclassic.com

www.burmeseclassic.com

လာပြီး ထခုန်တော့သည်။

ပထမတော့ အခန်းထဲ ပြွတ်ခံနေသော အချုပ်သားတွေ မှင်တက်မိနေပြီးမှ ထက်ခေါင် အိပ်မက်ယောင်နေသောအဖြစ်ကို သဘော ပေါက်ကာ သောခနဲ ထရယ်ကုန်ကြသည်။

အခန်းလူကြီးက ထက်ခေါင်နားမှ အနည်းငယ် ခွာပြီး နှာခေါင်း ပိတ်ကာ. . .

"မင်း. . ဘာလုပ်တာလဲ!. . သေးအိုးကြီး ပိုက်ပြီးတော့မှား ကွာ"

"ဗျာ. . ကျွန်. . ကျွန်တော်၊ အိပ်မက်. . အိပ်မက်. . အား. . နံလိုက်လိုက်တာ အစ်ကိုကြီးရာ. . ၊

ကျွန်တော်. . ရေ. . ရေဆေးချင်လို့. . ဆရာတွေကို ပြော ပေးပါဦးခင်ဗျာ. . အော့. . ဝေါ့"

"ဆေးမနေနဲ့. . . အိမ်ရောက်မှ ရေချိုးတော့၊ မင်းအမေ မင်းကို အာမခံနဲ့ လာထုတ်နေပြီ. . . ထွက်"

"ဟင်. . . တကယ်"

သူ လှမ်းကြည့်လိုက်တော့ အချုပ်ခန်းတံခါးပေါက်မှာ တာဝန်ကျ ရဲတပ်ဖွဲ့ဝင်နှစ်ယောက် ရပ်စောင့်နေတာ မြင်လိုက်ရသဖြင့် ဝမ်းသာ အားရ ပြေးကာသွားသည်။

တစ်ကိုယ်လုံး ခွဲကာ နံနေ၍ အချုပ်သားများ နှာခေါင်းပိတ်ကာ လမ်းဖယ်ပေးကြသည်။

မေမေ မျက်နှာလေး မဲ့ကာ ကြည့်နေလေသည်။

သင်္ကြန်အကျ နေ့မှာပင် စိန်ကြီးကို မီးခိုတ် မီးကပ်နှင့် ပိတောက်ပင်ပေါ်က ရိုက်ချမှုကြောင့် အချုပ်ထဲ ဝင်လိုက်ရပြီး ဒီနေ့မှ ပြန်ထွက်ခွင့်ရခြင်းဖြစ်သည်။

"မေမေ. . ဒီနေ့ ဘာနေ့လဲဟင်!"

"နှစ်ဆန်း(၂)ရက်"

မာပြတ်စွာ ထွက်ပေါ်လာသော မေမေ့အသံကြောင့် သူ့နှလုံး

သည်းဆိုင်တွေ ပြတ်ထွက်ကုန်မလား ထင်ရသည်။

မေမေ့အသံ မာ၍ မဟုတ်၊ သင်္ကြန်ရက်တွေ ပြီးဆုံးသွား၍ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

♠ တကယ်တော့ အချစ်ဆိုတာ
ALTERNATIVE CURRENT များဖြစ်နေမလား
ကိုယ့်ဆီကပဲ သွားသွား
သူများဆီကပဲ လာလာ
တုန်ခါခုန်ပျံပြီး
ဒန့်တန်ဒန့်တန်နဲ့...။

♠ ဒန့်ဒလွန်သီးလုံးလုံးဖြစ်ရင်လည်း ကောင်းသား
ပဲကုလားဟင်းတစ်ခွက်ချက်
ချစ်သူအတွက်ဆိုပြီး မျက်နှာလုပ်လို့ရတယ်...
ခုဟာကြီးကဗျာ...။

အခန်း(၅)

"အိသကြော်နှင့်"

"ရှင်..."

"လာဦး ခဏ..."

မေမေ့ခေါ်သံကြောင့် အိသကြော်နှင့် ခြံထဲက ခုံတန်းလျားမှ ထလျှောက်လာခဲ့သည်။ အိမ်ဘက် လျှောက်လာရင်း လမ်းတစ်ဖက်ရှိ အကျိုးကျိုးအကြေကြေ ဖြစ်နေသော ပိတောက်ပင်ကြီးကို တစ်ချက် လှည့်ကြည့်လိုက်ပါသည်။ ပြီးမှ ပင့်သက်ခိုးရှိုက်ကာ ဧည့်ခန်းထဲ ဝင်လာခဲ့တော့သည်။

"ညည်း.. အဲ့ဒီမှာ ဘာထိုင်လုပ်နေတာလဲ.."

"ဘာရယ်လို့ မဟုတ်ပါဘူး.. မေမေ၊ ပျင်းပျင်းရှိတာနဲ့ ထွက်

www.burmeseclassic.com

www.burmeseclassic.com

ထိုင်နေတာ. . "

"အေး. . . ညည်း အဲ့ဒီမှာ ညိုမြ သွားလုပ်မနေနဲ့၊ ဟိုကောင် ပြန်လွတ်လာပြီ. . "

အိသကြိန်မျက်နှာ နွေးခနဲဖြစ်ကာသွားသည်။

ထိုစဉ် အိသကြိန်၏ဖခင် ဦးမြတ်ကျော် အပေါ်ထပ်မှ ဆင်းလာပြီး ဆက်တီမှာ ဝင်ထိုင်ရင်. . .

"ဘယ်ကောင်ပြန်လွတ်လာလို့လဲ. . . အမေကြီးရဲ့"

"အိမ်ရှေ့အိမ်က အကောင်လေ၊ ထက်ခေါင်. . . ထက်ခေါင်"

"အေး. . . ငါပဲ အာမခံ လိုက်ပေးတာ"

"ဘာ. . . ရှင်က အာမခံတယ်. . . "

"အေးလေကွာ. . . သူလည်း မင်းရဲ့သမီးနဲ့ အတန်းတူ. . . တက္ကသိုလ်ကျောင်းသား မဟုတ်လားကွ၊ အကြောကြီး အဖမ်းခံထားရရင် သင်တန်းတွေ လွတ်ကုန်မှာပေါ့၊ အခုက ကျောင်းပိတ်ထားပေမယ့် သင်တန်းတွေက သကြိန်ရက်ပဲ ပိတ်တာ. . . "

"ဟွန်း. . . ရှင်ပဲ အဲဒီလူမိုက်ကို အာမခံလိုက်ပေး၊ ဘယ်တော့ ရှင့်သမီးတွေ ပါသွားမလဲဆိုတာ စဉ်းစားထား"

"အဓိပ္ပါယ် မရှိတာကွာ၊ မောင်ထက်ခေါင်က လူဆိုးလူမိုက် မဟုတ်ပါဘူးကွ၊ ငါငယ်ငယ်တုန်းက လိုပဲ စိတ်မြန်လက်မြန်နဲ့ ဖျတ်လတ်တက်ကြွတဲ့ လူဖြောင့်လူမှန်. . . "

"အပိုတွေ ပြောမနေစမ်းပါနဲ့ရှင်. . . မှန်ကန်ဖြောင့်မတ်တဲ့လူတွေဟာ ရပ်ကွက်နဲ့ရုံးခန်းမှာ ရဲစခန်းမှာ ခံဝန်ထိုးနေစရာ လိုက်ဖြေရှင်းနေစရာ မလိုဘူးရှင့်"

"ဒါကတော့ မတရားတာ မှန်ရင် မျက်စိမှိတ်မနေနိုင်ဘူးဟေ့၊ အခုလည်း ထက်ခေါင် ဘယ်သူ့ကို စော်ကားလို့ အဖမ်းခံရတာလဲ. . "

"အို. . . ရှင်မမြင်ဘူးလား၊ ရပ်ကွက်ထဲက စိန်ကြီးလို့ ခေါ်တဲ့ မီးသတ်လူငယ်လေးကို မီးကပ်နဲ့ ရိုက်ချတဲ့အမှုလေ. . "

"ရိုက်မှာပေါ့ကွ. . . သူ တယုတယ ပြုစုထားတဲ့ ပိတောက်ပင်

ကြီးကို လာဖျက်ဆီးတာကို၊ ပြီးတော့ ပိုင်ရှင်ဆီလည်း ခွင့်တောင်းတာ မဟုတ်ဘူး. . "

"ဘာ. . . ဘာပိုင်ရှင်လဲ၊ သူ့ခြံထဲက အပင်လား၊ အမှားပိုင်တဲ့ လမ်းပေါ် ပေါက်နေတဲ့အပင်ကိုများ သူက ပိုင်ချင်သေးတာလား၊ သူနဲ့ ဘာမှမဆိုင်ဘူး. . . "

"ကောင်းပြီ. . . ရပ်ကွက်ထဲက နန္ဒာထွန်းတို့လင်မယား မနေ့က ငါ့ဆီမှာ လာခွင့်တောင်းတယ်၊ ဦးလေးတို့ခြံရှေ့မှာ ကွမ်းယာဆိုင်လေး ဖွင့်ချင်လို့ပါတဲ့၊ ဒီနေ့လာမေးရင် ဖွင့်ကွာလို့ ပြောလိုက်မယ်. . . "

"ဘာရှင့်. . . သူများအိမ်ရှေ့လာပြီး၊ ဟင်း. . . ခွင့်မပြုနိုင်ဘူးနော်. . ကိုမြတ်ကျော်. . "

"နေစမ်းပါဦး. . . မင်းက ခွင့်မပြုနိုင်ရအောင် မင်းခြံထဲ လာဖွင့်တာလား၊ အများပြည်သူပိုင်တဲ့ လမ်းဘေးမှာ ဖွင့်တာ. . . မင်းအပူပါလား. . "

"အဲ့ဒါ ကျွန်မအိမ်ရှေ့ ဥပစာလေ"

"ဟတ်ဟတ်ဟတ်ဟားဟားဟား. . . မင်းတို့လို တစ်ခြမ်းပဲ မြင်တဲ့လူတွေကြောင့် လူဖြောင့်လူမှန်တွေ ရုံးရောက်ဂါတ်ရောက် ရောက်ကုန်ကြတာ၊ တော်ပြီ. . . မင်းနဲ့ စကားပြောရတာ အာခြောက်တယ်၊ ငါ့ဘာသာ လက်ဖက်ရည် ထွက်သောက်မယ်"

"သောက်. . သောက်. . အဲဒီလို ကလေကဝ ဆိုင်တွေမှာ သောက်၊ ကလေကဝတွေနဲ့ အပေါင်းအသင်းဖြစ်၊ ရှင်လည်း မကြာခင် ကလေကဝ လူကြီးဖြစ်လာလိမ့်မယ်"

"ကောင်းတာပေါ့ကွာ၊ ကလေ. . ဝလေ. . ကလေကဝ၊ သိပ်ကောင်း. . ဟမ်း. . ကောင်းမှကောင်း"

အိသကြိန် နားထောင်နေရင်းက ရယ်ချင်လာကာ ခိခနဲ အသံထွက်သွား၍ ဒေါ်မြမို့က. . .

"နင်က ဘာရယ်တာလဲ!"

"မဟုတ်ပါဘူး. . . ဖေဖေ့ကို သဘောကျလို့ပါ၊ ဟဲဟဲ ဘယ်

www.burmeseclassic.com

www.burmeseclassic.com

လောက်ပဲ နာအောင်ပြောပြော၊ ဖေဖေ မနာပဲ ရယ်စရာ လုပ်လုပ်သွား တာကို သဘောကျတာပါ. . . အဟင်းဟင်း"

"ဟင်း. . နင့်အဖေ . . ငါစိတ်ကုန်လွန်းလို့၊ ဘာကိုမှ အလေး အနက်မထားတဲ့လူ၊ နင်တို့ နင့်အဖေကို သဘောကျနေလို့ကတော့ တစ်သက် လုံးမွေးမပြောင်ဘူးမှတ်"

"ပြော်. . မေမေရယ်. . တကယ်တော့ ဖေဖေက မေမေ့ကို ချစ်တာပါ"

"တော်စမ်း မိသကြိန်. . . သွား၊ မီးလာတုန်း အဝတ်တွေ လျှော်စရာရှိတာ လျှော်ထား၊ ဒီမှာ. . . ငါ တစ်ခါတည်း မှာထားလိုက် မယ်၊ ဟိုအကောင်ကို နင့်အဖေ မျက်နှာသာပေးသလို နင်လိုက်ပြီး သံယောင်ပေးလို့ကတော့ ငါ့အကြောင်းသိမယ်. . "

"အမလေး. . . ဝေးပါသေးတယ် မေမေရယ်၊ သမီးမျက်လုံး က မေမေ့မျက်လုံးမျိုးပါနော်"

အိသကြိန်၏စကားက ဒေါ်မြမိုကို သဘောခွေ့သွားစေသော်လည်း စောစော ဒေါသအရှိန်ကြောင့် မဲ့ပြီး,ပြုံးကာ မျက်လုံးစွေကြည့်သည်။ ဒါကို မထိတ်မလန့်ဘဲ ပါးကို ရွှတ်ခနဲ နမ်းမွှေးပြီး အိမ်နောက်ခန်းဖက် လှည့်ဝင်သွားသော သမီးဖြစ်သူ၏ရင်ဖိုစရာ အလှတရားကို ကြည့်ကာ ဒေါ်မြမို့ သက်ပြင်းချရသည်။

(ဒီလောက်လှအောင် မွေးထားသမျှ ခွေးဝဲစားနဲ့ ညားသွားရင် ငါတော့ ရင်ကျိုးရချည့်ရဲ့. . .)

ထက်ခေါင် အပေါ်ထပ် လှေခါးအတိုင်း ခပ်သွက်သွက်လေး ဆင်းလာရင်း ဧည့်ခန်းနံရံက နာရီကို လှမ်းကြည့်သည်။

(၁၀)နာရီ၊ ဒီချိန်လောက်ဆို အများဆုံးစောင့်ရ ဆယ့်ငါးမိနစ် ထက် မပိုဟု တွက်ပြီး. . ဧည့်ခန်းထဲ ခပ်ငေးငေးလေး ထိုင်နေသော မိခင်ကို မြင်မှ ကိုယ်ရှိန် သတ်ကာ ဆင်းလာသည်။ မိခင်မြင်သာသည့် နေရာမှာ ရပ်ပြီး ဘေးလွယ်အိတ်ထဲက ပိုက်ဆံအိတ်ကို ထုတ်ပြီး ဖွင့်ကြည့်သည်။ ငါးဆယ်တန် ခပ်နွမ်းနွမ်းလေးတစ်ရွက်ကို ထုတ်လိုက် သွင်းလိုက်. . ၊ ဟိုဟိုဒီဒီ ရှာဖွေလိုက် လုပ်နေခိုက်. . .

"ရော့. . . ဒီမှာလာယူ. . "

သူ လှမ်းကြည့်လိုက်တော့ ငါးထောင်တန်တစ်ရွက်အား မေမေ ဆက်တီစားပွဲပေါ် တင်လိုက်တာ မြင်ရသည်။ သို့သော် မေမေ့ အကြည့် များက သူနှင့် ဆန့်ကျင်ဖက်ဆီ ပို့ထားသည်။

ထက်ခေါင် ခပ်ကုတ်ကုတ်လေး လျှောက်သွားပြီး မိခင်ဘေး မှာ ဒူးထောက်ထိုင်ကာ ကန်တော့လိုက်သည်။

"သား. . . . မေမေ့ကို စိတ်အနှောင့်အယှက်ပေးမိတာကို

www.burmeseclassic.com

www.burmeseclassic.com

တောင်းပန်ပါတယ်"

"တော်ပါတော့ သားရယ်. . . မင်း မကန်တော့လည်း မထူးတော့ပါဘူး၊ မင်းကြောင့်. . . ဟိုလူ့တောင်းပန်၊ ဒီလူ့တောင်းပန်ရနဲ့ မမေ့မျက်နှာလည်း အရေထူနေပါပြီ"

"သား. . နောက်နောင်. . "

"ထက်ခေါင်. . "

မိခင်၏ခေါ်သံကြောင့် ထက်ခေါင်စကားတစ်ဝက်နှင့် မော့ကြည့်သည်။

"မမေ မွေးထားတာ ယောကျ်ားလေးကွာ. . . ယောကျ်ားလေးဆိုတာ ပေးထားတဲ့ကတိကို တည်အောင် စောင့်ထိန်းရတယ်၊ သား ချက်ချင်း မဖြစ်စေရပါဘူးဆိုတဲ့ ကတိကို မင်းဆီက မမေ ကြားဖူးတာ ဘယ်နှစ်ကြိမ်မှန်းတောင် မသိတော့ဘူး၊ အဲဒီတော့ မင်းကတိစကားတွေ၊ ငတိစကားတွေ လာမပြောနဲ့တော့၊ မင်းအသိတရားနဲ့ မင်း ဘာသာ ဆင်ခြင်၊ မဆင်ခြင်လို့ ဒီတစ်ခါ ထပ်ဖြစ်ရင် မမေ မလိုက်တော့ဘူး. . . ဟုတ်ပြီနော်၊ ကဲ. . . သွားတော့"

"ဟုတ်. . ဟို. . သား. . သား. . သင်တန်းကြေးတွေ ပေးရတော့မယ် မမေ"

"ဘယ်လောက်လဲ!. . "

"အားလုံး လေးသောင်းပါ. . "

ထက်ခေါင် မငံ့မရဲ လှမ်းကြည့်သည်။ မမေ သက်ပြင်းချပြီး ပိုက်ဆံအိတ် ဖွင့်မှ သူလည်း သက်ပြင်းခိုးချကာ ခေါင်းငုံ့ချထား၏။

ထို့နောက် မမေ ပိုက်ဆံထုတ်ပေးရင်း. . .

"မင်း နောက်ထပ်သင်တန်းတစ်ခု ရှာတက်စမ်း"

"ခင်ဗျာ. . . ဘာသင်တန်းလဲ မမေ!"

"ယဉ်ကျေးလိမ္မာသင်တန်း"

သင်္ကြန်အကြိုနေ့ကတည်းက မြို့ပြုပြုဖြောက်ဖြောက်လေးရွာပြီး ဟန်ရေးပြနေသော မုတ်သုန်ရာသီက ပြေလ၏နောက်ဆုံးပတ်မှာ နွေရာသီကို စတင်တိုက်ခိုက်ဖို့ အလုံးအရင်းနှင့် ဝင်ရောက်လာကြသည်။ ထက်ခေါင် ကားမှတ်တိုင် ရောက်တော့ အုံ့မှောင်နေသော မိုးသားများ အိကျကာ လေနုအေးအေးလေးများပင် စိမ့်ဖေါက်စီးမျော်လာကြသည်။

ကားမှတ်တိုင်က ရတနာလမ်းသွယ်ထိပ် ထောင့်ကွေ့မှာပင်ရှိ၍ ထက်ခေါင် ကားစောင့်ရင်း လမ်းထဲ မျှော်မျှော်ကြည့်နေသည်။ သူ ခန့်မှန်းထားသည့်အချိန်ကို နှစ်ပြန်ကျော်သွားလောက်သည်အထိ အိသင်္ကြန်၏အရိပ်အယောင်ကို မတွေ့ရသေးသဖြင့် စိတ်ထဲ မရိုးမရွဖြစ်ကာ လမ်းသွယ်တစ်ဖက်သို့ ကူးသွားပြီး ဝက်ပု လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်လိုက်ပါသည်။ ဒီနေ့ ကြာသပတေးနေ့၊ ပုံမှန်အတိုင်းဆို အိသင်္ကြန် Speaking တက်ရမည့် တတိယရက်ဖြစ်၍ ထွက်ကိုထွက်လာရမည်။

"လာ. . မောင်ထက်ခေါင်. . "

www.burmeseclassic.com

www.burmeseclassic.com

(ဟင်!. .)

ထက်ခေါင် ခေါင်းနပမ်းကြီးသွားပြီး သူ့ကို လှမ်းခေါ်လိုက်သော ဦးမြတ်ကျော်ကို ကြည့်ကာ ထိတ်ထိတ်ဖျာဖျာ ပြုံးပြလိုက်ရသည်။

(ဘုရား. . ဘုရား. . ဘိုးတော် ဒီမှာရောက်နေတာကိုး. . ကံကောင်းလို့)

"ဦးလေး. . ဒီနေ့ ရုံးမတက်ဘူးလား!"

"အေးကွ. . ငါ. . အိမ်ပြင်စရာလေးရှိလို့ ခွင့်(၃)ရက် ယူထားတာ"

ထက်ခေါင် ဝင်ထိုင်ရင်း လက်ဖက်ရည်ပေါ်ကျတစ်ခွက် မှာလိုက်သည်။ ဦးမြတ်ကျော်က အစိုးရ ရုံးဌာနတစ်ခုမှ အရာရှိကြီးတစ်ဦးဖြစ်ပြီး အလွန်စိတ်သဘောထားပြည့်ဝသူဆိုတာ. . ဦးမြတ်ကျော်တို့ မိသားစု ရပ်ကွက်ထဲ ပြောင်းရွှေ့လာကတည်က ထက်ခေါင်သိပြီးသား၊

အိသင်္ကြန်၏အလှတရားကို ဖျတ်ခနဲ မြင်လိုက်ရသည့် တစ်ချက်တည်းနှင့် အိမ်ထောင်ပရိဘောဂပစ္စည်းတွေ ဝင်သယ်ဝင်ထမ်းပေးသည့် သူ့ကို. . သူလို့ မမြင်ဘဲ ကူညီချင်စိတ် ရှိသော လူငယ်လေးတစ်ယောက်ဟု ရိုးရှင်းစွာ မြင်ကာ ယနေ့အချိန်အထိ အခင်မင်မပျက် ခင်လျက်ရှိသော ဦးမြတ်ကျော်ကို သူလည်း ခင်မိသည်။

ဦးမြတ်ကျော်က သူမှမဟုတ်၊ ရပ်ကွက်ထဲ ရှိသောသူအားလုံးလိုလိုနှင့် အချိန်တိုတိုအတွင်းမှာ ရင်းနှီးကျွမ်းဝင်လာအောင် ပေါင်းသင်းဘည်။ ငါအရာရှိဆိုသောဂုဏ်ကို ရုံးမှာ ပုံထားခဲ့ပြီး ရပ်ကွက်ထဲမှာ ရပ်ကွက်သားတစ်ယောက်အဖြစ် အသားကျအောင် နေတတ်သည်၊

ယုတ်စွအဆုံး. . . အရက်အတွက် အသက်ပင်သေသေဟု ဆုံးဖြတ်ကာ သောက်လုံးကြီးစွာ သောက်၍. . မူးမှ ယစ်တတ်သော ဦးထွန်းနိုင်ကိုပင်လျှင် သင့်မြတ်အောင် ပေါင်းသင်းနိုင်လေသည်။

"ဘယ်လဲကွ. . . သင်တန်းလား!"

"ဟုတ်ကဲ့. . ဦးလေး. . "

"အေး. . . မင်းညီမကတော့ ခေါင်းကိုက်လို့ ဒီနေ့ တစ်ရုံက်

မသွားဘူးလို့ ပြောတာပဲ. . "

ထိုစကားကြောင့် ဟာခနဲ ဖြစ်သွားသောရင်ထဲ လက်ဖက်ရည်ကို နင်အောင် သောက်ချမိသွားသည်။ ပူပူလောလောကြီးဖြစ်၍ လျှာတွေ တွန့်လိမ်ကုန်ပြီလား မဆိုနိုင်။

"ကျွန်တော်ကတော့ ဖျက်လို့မရဘူး ဦးလေးရာ၊ ဟိုဖက်ရက်တွေက ပျက်ထားတာ. . . မေမေစိတ်တိုပြီး စကားမပြောလို့ ကျွန်တော်လည်း လမ်းစရိတ် မတောင်းရဲတာနဲ့ မသွားဖြစ်တာလေ"

"ဟားဟားဟား. . အခုရော စိတ်ပြေသွားပြီလား. . "

"ဟင့်အင်း. . . ဒီမနက်တော့ မိုးလင်းကတည်းက မေမေကျေနပ်အောင် အလုပ်တွေ တအားလုပ်ပြပြီး စရိတ်တောင်းပြီး ထွက်တာလေ"

"အင်း. . . မိဘကတော့ ဘယ်မိဘမဆို ကိုယ့်သားသမီးကို အေးအေးချမ်းချမ်းနဲ့ လိမ္မာတာလေးပဲ မြင်ချင်တယ်ကွ တူကြီးရ"

"ဟုတ်ကဲ့"

"မင်းလည်း လိမ္မာပါတယ်၊ ဒါပေမယ့် မခံချင်စိတ်ရှိတယ်၊ မင်း သိထားဖို့က မခံချင်စိတ်ရှိလေ ပိုခံရလေပဲ"

"ဗျာ. . "

"ဟဲဟဲဟဲ. . . နားရွှပ်သွားလား၊ ငါလည်း ဒီအသိကို မင်းတို့လို လူငယ်ခြေတက်ဘဝကို ကျော်လာမှ သိလာတာ၊ စကားအဓိပ္ပါယ်ကရှင်းပါတယ်ကွ၊ အခုပဲ ကြည့်လေ၊ မင်းအိမ်ရှေ့က ပိတောက်ပင်ကြီးကို မင်းဂရုစိုက်တာ ဦးလေးလည်း မြင်နေတာပဲ၊ ဒါကို စိန်ကြီးက မင်းဆီမှာ ခွင့်မတောင်းဘဲ သူ့သဘောနဲ့သူ လုပ်ပစ်တာကို မင်းက မခံချင်ဘူး၊ မခံချင်လို့ ထချတော့ ဘာဖြစ်လဲ၊ မင်း အချုပ်ခန်းထဲမှာ အချုပ်ခံရတယ်၊ မိဘရဲ့ငြိုငြင်မှုကို ခံရတယ်၊ စိန်ကြီးက အငြိုးအတေး ထားတတ်ရင် မင်းကို ရန်ငြိုးဖွဲ့တာ ခံရမယ်၊ ကိုင်း. . ဘယ်နှယ်လဲ!. . "

ထက်ခေါင် ဘာမှမပြောနိုင်ပဲ ငိုင်ကာ သွား၍ ဦးမြတ်ကျော်က ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com

"အမှန်က မခံချင်စိတ်ကြောင့် မခံရအောင် နေတဲ့နည်းက တစ်နည်းပဲ ရှိတယ်၊ အဲဒါက ကိုယ့်ကို ထိခိုက်လာမယ့် အကြောင်းတရားကို ကိုယ့်စိတ်က လက်မခံမိစေနဲ့၊ ဥပမာ လူတစ်ယောက်က မင်းကို ဆဲတယ်ကွာ၊ မင်းစိတ်က မဆဲဘူးလို့ မှတ်လိုက်၊ မခံချင်အောင် စနောက်တယ်ကွာ၊ စိတ်က မစဘူးလို့ မနောက်ဘူးလို့ မှတ်လိုက်၊ ဒါဆို. . မခံရတော့ဘူး. . ဟုတ်ရဲ့လား"

"ဟုတ်ကဲ့. . ဦးလေး. . ကျွန်တော်ကြိုးစားကြည့်ပါ့မယ်"

"အေးပါကွာ. . . ဒါကြောင့် ဦးလေးက မင်းကို လူလိမ္မာလို့ သုံးသပ်တာ၊ ကဲ. . ကဲ. . မင်း သင်တန်းချိန် နောက်ကျနေမယ်. . ၊ သွား. . သွား. . "

"ဟုတ်ကဲ့. . . ကျွန်တော်ရှင်းခဲ့မယ်"

"ဟာ. . ဟေ့. . မရှင်းနဲ့. . ထားခဲ့"

"ဟုတ်. . . ကျွန်တော်ကို ခွင့်ပြုပါဦး၊ ဩော်. . ဦးလေး. . အိမ်ပြင်မယ်ဆိုတာ ကျွန်တော် ကူညီရင် ဖြစ်လား!"

"နေ. . နေ. . ငါ့တူကြီး၊ အခု ဦးလေး လက်သမားဆရာကိုသန်းအေးကို စောင့်နေတာ. . . သူတို့အလုပ်က သူတို့ကိုယ်တိုင် လုပ်မှ အဆင်ပြေတာကွ. . "

ထက်ခေါင် ခေါင်းညိတ်ပြပြီး ကားမှတ်တိုင်ဆီ ပြန်လျှောက်လာခဲ့ပါသည်၊ ဒီနေ့ အိသကြိန် မသွားဘူးဆိုသောအသိက စိတ်ထဲပါလာသဖြင့် သူကားစောင့်နေတာပင် အဓိပ္ပါယ်မရှိတော့သလို ဖြစ်သွားသည်။ အမှန်တော့ သူလည်း ဒီနေ့ ဘာသင်တန်းချိန်မှ မရှိ၊ သူ့အချိန်က သောကြာ၊ စနေ၊ တနင်္ဂနွေ သုံးရက်တည်း။ ဒီနေ့က ထုံးစံအတိုင်း အိသကြိန်ဘေးမှ အဝေးကြည့်ကလေး လုပ်ရန် အကြောင်းရှာကာ ထွက်လာခြင်းဖြစ်သည်။

ခုချိန်ကျမှ ရပ်ကွက်ထဲ ပြန်ဝင်သွားလျှင် မကောင်းတော့၊ မေမေ မေးလျှင်လည်း ဖြေရခက်ဦးမည်၊ ဦးမြတ်ကျော်လည်း ကြည့်မြင်နေသဖြင့် အတန်းထဲက အောင်ထွန်းတို့ဆီ သွားပြီး သင်တန်းတစ်ချိန်

စာလောက် ဖြုန်းဖို့ ဆုံးဖြတ်ထားလိုက်သည်။

ဒီမနက်ခင်း မရေရာမှုက သူတင် မဟုတ်၊ စောစောက တဝုန်းဝုန်း သည်းဖို့ အံခဲနေသော မိုးသားတွေပင် ဘယ်ဆီ လွင့်ပျောက်ကုန်မှန်း မသိစွာ နေပြန်ပွင့်လာလေသည်။ ထိုစဉ် အဓိပတိ အပြာတစ်စီး ရောက်လာသဖြင့် သူတွေဝေနေဘဲ တက်လိုက်လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့...အပြာရောင်အိပ်မက်အစုတ်ကလေးထဲမှာ
နှံ့သာရောင်နဲ့ နစ်မြုပ်ထားတဲ့
အဝါရောင် အချစ်သီချင်းလေးတစ်ပုဒ်ရှိတယ်။
(ချစ်သူကတော့ ကျွန်တော့်ကို)
မသာကောင်ဆိုပြီး အတင်းတွေ တုတ်လို့...

အခန်း(သုံး)

နှစ်ရာပေးပြီး မှတ်တိုင်များများ မတ်တတ်ရပ်လိုက်လာရသဖြင့် ထက်ခေါင်စိတ်ထဲ ဘဝင်မကျ။ သို့သော် ခုန်ချလို့လည်း မဖြစ်၍ ခပ်ပေပေ ရပ်၍သာ နေရသည်။ ပုံသေ နှစ်ရာကား၏ဂုဏ်သိက္ခာနှင့် အညီ ခုံအပြည့် လူအပြည့် ဖြစ်နေပြီး မတ်တတ်ဆိုလို့ သူနှင့် ကားစပါယ်ယာ နှစ်ယောက်သာ ရှိသည်။

ကားကလည်း မှတ်တိုင်တွေကို အရှိန်လေးလျှော့... အော်မေးပြီး လိုက်သူဆင်းသူ မရှိ၍ ဆက်ကာမောင်းလာသည်။ မာလာကွေ့လွန်မှ ထိုင်ခုံက ခရီးသည်တွေ လူပ်လှုပ်ရွရွ ဖြစ်ကာ ထသူထကြသဖြင့် သူလည်း လွတ်တဲ့ခုံမှာ ဝင်ထိုင်ပစ်လိုက်သည်။ ကားကလည်း ပါရမီကားဝင်းရှေ့မှာ ခေါင်းထိုးကာ ရပ်သွားသည်။

"အားလုံးပဲ ဂိတ်ဆုံးပါပြီခင်ဗျာ... ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ.."

www.burmeseclassic.com

www.burmeseclassic.com

(ငါနှယ်ကွာ. . . တောက်)

သူ အောင့်သက်သက်နှင့် ပြန်ထမည်အပြု ကောင်မလေးသုံးယောက် သူ့ကို ကွက်ကြည့်ကွက်ကြည့်လုပ်ကာ ပြုံးစိစိဖြစ်သွား၍ ရှက်မွန်ကာ ဆက်ထိုင်နေလိုက်သည်။ ထိုအခါ ကားစပါယ်ယာက. . .

"ညီလေး. . . ဂိတ်ရင်းရောက်နေပြီ. . "

"အစ်ကိုတို့ကားက ပြန်မလှည့်တော့ဘူးလား!. . "

"ရှေ့မှာ နှစ်စီးရှိသေးတယ်၊ ပြောင်းစီးလိုက်လေကွာ"

"အိုခေ. . အိုခေ. . "

ဒီတော့မှ ထိုင်ခုံမှ ခတ်တည်တည် ထရပ်ကာ ဆင်းဖို့ ရပ်စောင့်နေသော ကောင်မလေးသုံးယောက် နောက်က ဝင်ရပ်လိုက်သည်။

"Chemistry နဲ့ တူတယ်. . ဖော့စဖိတ်နဲ့ ရောကြိတ်သွားတာလေ. . . ခစ်ခစ်"

တီးတိုးသဖန်းပိုးသံက သူ့ကို စောင်းချိတ်လှောင်ပြောင်လိုက်မှန်း သိကာ ဒေါသထွက်သွားသည်။ (မခံချင်စိတ် ရှိလေ ပိုခံရလေပဲကွ) ဦးမြတ်ကျော်၏စကားက ဖြတ်ခနဲ တိုးဝင်လာသဖြင့် ဒေါသကို မြိုချပြီး မကြားဘူးကွာဟု ဆောင့်ကြိုးအောင့်ကြိုး မှတ်ကာ အောက်ရောက်သည်အထိ လိုက်ဆင်းလာခဲ့သည်။

သူက ချော်တွင်းကုန်းအထိ ဆက်စီးရဦးမည်ဖြစ်၍ ပါရမီမှ ဂိတ်လှည့်အထွက် ကားတွေ စောင့်စီးမနေတော့ဘဲ ကားမှတ်တိုင်ဆီ လျှောက်သွားစဉ် ဟိုသုံးယောက်နှင့် ခရီးတူကာ ရှေ့နောက်ဖြစ်သွားသည်။

"မဆိုးပါဘူးဟဲ့. . . အမှတ်တမဲ့ ကြည့်ရင် ဂန်မင်းနဲ့တောင် တူသေးတယ်"

"မဟုတ်ပါဘူးတယ်. . . ဂန်ဒူးပါ. . . အဟားဟားဟား ခစ်ခစ်ခစ်. . "

ဒါတော့ နည်းနည်းလွန်သွားပြီဟု တွေးမိလိုက်သည့် တစ်ချက်က ဦးမြတ်ကျော်၏ဆုံးမစကားတွေ ဘေးရောက်ကုန်ပြီး ရှုန်ရှုန်ရှားရှား

ရင်ဆိုင်ပစ်လိုက်သည်။

"ငါ ဂန်ဒူးမဟုတ်ဘူး. . . နှာဘူး နှာဘူး. . . မင်းတို့ အဘူးမခံချင်ရင် လွတ်လွတ်နေ"

သူ့စကားက အလွန်ရိုင်းစိုင်းသွားမှန်း သူသိသည်။ ကောင်မလေးသုံးယောက်၏မျက်နှာတွေ ရဲခနဲဖြစ်ကုန်ကာ အလယ်က ခပ်မြင့်မြင့် ခပ်သွက်သွက်တစ်ယောက်က. . .

"နင် လူက မွေးရင် လူလိုပြော. . . မမိုက်ရိုင်းနဲ့"

"နင်တို့က စပြီးစော်ကားတာလေ"

"အေး. . . ဟုတ်တယ်လေ. . နင်မကျေနပ်ရင် ငါတို့နဲ့ စကားတူ အဓိပ္ပါယ်တူ ပြန်ပြောပါလား၊ ဘာလို့ မိုက်ရိုင်းတာလဲ!"

ရိုင်းသွားတယ်ဆိုတာလည်း သူ့ကိုယ်သူသိပါသည်။

ထို့ကြောင့် ဝန်ခံလိုက်သည်။

"ဆောရီး. . . ငါရိုင်းသွားတယ်၊ အဲဒီအတွက် တောင်းပန်တယ်၊ ရုတ်တရက် ဒေါသဖြစ်လို့ ပြောမိတာ၊ နင်တို့က မိန်းကလေးဖြစ်ပြီး အရင်စတော့ ငါက ယောကျ်ားလေးလေ. . . ရှက်တာပေါ့"

"နင်နော်. . "

"အခုတော့ ပြန်ချေပလို့ရပြီ၊ စကားတူ အဓိပ္ပါယ်တူနော်၊ အိုခေ. . . ငါက ဂန်ဒူးဆိုရင် နင်တို့က ယောကျ်ားရှာတွေ. . "

"ဟဲ့. . ယောက်ကျရှာ. . ဟဲ့. . "

"မဟုတ်ဘူး. . . ယောကျ်ားရှာပဲ၊ စာလို ပြောရင် ယောကျ်ားလျာ. . မိန်းမလျာ. . ၊ အခုက စကားပြောတာ၊ ယောကျ်ားရှာတွေ. . ရှာကြ. . မတွေ့မချင်း ရှာကြ. . "

"ရှာမယ်. . ဘာဖြစ်လဲ!. . "

"ရှာ. . ငါ့ကိုတော့ မစဉ်းစားနဲ့၊ လုံးဝပဲ. . "

"အောင်မာ. . ဟဲ့. . အစုတ်ပလုပ်. . နင့်ရုပ်ကို ထမီ. . "

"မမိုက်ရိုင်းနဲ့နော်၊ စကားတူ အဓိပ္ပါယ်တူ နိုင်အောင်ပြော"

"တောက်. . သေနာကျ. . "

www.burmeseclassic.com

www.burmeseclassic.com

"အတူတူပဲ. . "

ထက်ခေါင် ခွန်းတုံ့ပြန်ရင်း လျှာကြောရှည်မတွေ့နှင့် မြန်မြန် ဝေးအောင် တက္ကစီ တားလိုက်သည်။ ကားရပ်သည်နှင့် ဝင်ထိုင်ကာ မောင်းခိုင်းလိုက်တော့၏။

"တာ့တာ. . ဘိုင့်ဘိုင်. . အဟတ်ဟတ်"

ကောင်မလေးတွေ ဆွေ့ဆွေ့ခုန် ကျန်ရစ်တော့မှာကို သူ မြင်ယောင်ပြီး ကျေနပ်နေသော်လည်း ကားက ဘီးလှိမ့်ရုံလောက်သာ သွားပြီး ဘေးချရပ်လိုက်သည်။ ထို့နောက် ဒရိုင်ဘာဦးလေးကြီး သုံးပေလောက် ရှိသော သံပိုက်လုံးကို ဆွဲကိုင်ကာ ကားထဲက ထွက်လိုက်သည်။

"သမီး. . လာစမ်း. . "

ထက်ခေါင် လှမ်းကြည့်လိုက်တော့ စောစောက ကောင်မလေး သုံးယောက်ထဲက တစ်ယောက်က မထိတ်သာမလန့်သာ မျက်နှာမျိုးနှင့် ဒရိုင်ဘာ ဦးလေးကြီးရှေ့ ရောက်သွားသည်။

"အဲဒီကောင်က သမီးနဲ့ ဘယ်လိုပတ်သက်လဲ!. . "

"ရှင်. . ဟင့်အင်း. . ဟို. . သမီး သမီးတို့နဲ့ ရန်ဖြစ်လာတာပါ။ ဘယ်က လူမှန်းလဲ မသိဘူး"

"မလိမ်နဲ့နော်"

"တကယ်ပါ အဖေရယ်၊ သမီး မညာပါဘူး၊ မယုံရင် နီနီတို့ကို မေးကြည့်"

ထက်ခေါင် မျက်လုံးပြူးသွားသည်။ တားမိသောကားက လျှာကြောရှည်မတစ်ယောက်၏အဖေ ကားဖြစ်နေ၍ ပြဿနာတော့ တက်ပြီဟု တွေးမိခိုက် ကျန်တဲ့နှစ်ယောက်ပါ ရောက်လာကာ. . .

"ဦးလေး. . . အဲ့ဒီကောင် အရမ်းမိုက်ရိုင်းတယ်၊ သမီးတို့ကို နှမြောစေး မစာနာဘဲ လျှောက်ပြောတယ်"

"ဟုတ်တယ်. . . ဟုတ်တယ်"

သူလည်း အချဉ်တော့ မဟုတ်၊ ဒီလောက်ဆို သံတုတ်စာ လုံလောက်နေပြီဖြစ်၍ တံခါးဖွင့်ထွက်လာကာ လမ်းတစ်ဖက်သို့ ဖြတ်

ကူးပြေးရသည်။ ထိုအခိုက်မှာပင် (၇၉)ဒိုင်နာပေါ်က အောင်ထွန်းအသံကို ကြားလိုက်ရလေသည်။

"ထက်ခေါင်. . ဟေ့. . ထက်ခေါင်"

"ဟာ. . . အောင်ထွန်း၊ ဟိုးထား. . လိုက်မယ်"

ကားက ရပ်မပေးသော်လည်း ရှေ့ကားတွေ ခံနေသဖြင့် ရပ်ပေးသလို ဖြစ်သွားသည်။ သူလည်း ပြေးလာကာ တက်လိုက်လာတော့သည်။ နောက်မှာ ဘာတွေဖြစ်ကျန်ခဲ့သည်တော့ မသိ။ သူ ကားပေါ် ရောက်အောင်တက်ပြီး အောင်ထွန်းဘေးမှာ ဝင်ရပ်လိုက်သည်။

"မင်းက ဘယ်လဲ!. . . ငါ မင်းဆီ သွားမလို့"

"အေး. . . ငါလည်း မင်းအိမ်ကို သွားမှာ"

"ဟာ. . . လွဲတော့မှာပဲ၊ လာမယ်ဆိုလည်း ဖုန်းဆက်လေကွာ ထက်ခေါင်ရာ"

"ဖုန်းအကြောင်း မပြောနဲ့ကွာ. . . စိတ်နာတယ် ငါ့အမေ ဖုန်းဘီ(လ်)ဆောင်ဖို့ ပေးထားတဲ့ပိုက်ဆံ၊ ဟိုကောင် ဗလ ချေးသုံးထားလို့ လိုင်းပိတ်ခံထားရတယ်"

"ဟာ. . . အဲ့ဒီကောင် ပြန်မဆပ်သေးဘူးလား!"

"ဟေ့အေးကွာ"

"ခွေးကောင်. . . ကျောင်းမပိတ်ခင်ကပဲ မင်းကို ပြန်ဆပ်ဖို့ ဆိုပြီး ငါ့ဆီက သုံးသောင်းလာချေးသွားတာ. . "

"မလာပါဘူးကွာ. . . ဒီကောင် ဘာတွေ ဘယ်နေရာမှာ ကုန်နေမှန်းကို မသိဘူး"

ကားက ဘေလီရောက်လာသဖြင့် သူတို့နှစ်ယောက် ဘေလီမှာပဲ ဆင်းကာ Sky ကဖီးမှာ ဝင်ထိုင်ကြသည်။

"မင်းဖုန်းကိစ္စ ဘယ်လိုလုပ်မလဲ!. . "

"ရတယ်. . . မေမေ့ဆီက သင်တန်းကြေး တောင်းထားတဲ့ပိုက်ဆံရှိတယ်၊ အဲဒီထဲကပဲ ဆောင်လိုက်မယ်"

"ဟင်. . . ဒါဆို သင်တန်းဆက်မတက်တော့ဘူးလား!"

www.burmeseclassic.com

www.burmeseclassic.com

"ပညာဒါန ဖွင့်ထားတဲ့သင်တန်းတွေ တက်မှာပေါ့ကွ"

"မင်းတွာ. . အေးလေ. . ဗလ ဒုက္ခပေးထားတော့"

"မဟုတ်ဘူးလေ အောင်ထွန်း၊ ငါ့ဒုက္ခ ငါရှာတာ"

အောင်ထွန်း လက်ဖက်ရည် ငုံထားပြီး မြိုမချနိုင်ဘဲ ပြုံးကြည့်သည်။

"ဒီလိုကွ. . . ငါသဘောကျတဲ့ ကောင်မလေးက NGO အဖွဲ့တစ်ဖွဲ့က ဖွင့်ပေးထားတဲ့ ပညာဒါနမှာ ကွန်ပျူတာရော စပီကင်ပါ တက်နေတယ်၊ အဲဒါကြောင့် ငါလည်း အဲဒီမှာ ပြောင်းတက်မလားလို့ ဟဲဟဲဟဲ"

"ဩော. . . ခွေးကောင်၊ ငါကတော့ ဗလကြောင့် ထင်နေတာ"

"အေးလေ. . . အဲဒါကြောင့် ငါလည်း အမှန်အတိုင်း ဝန်ခံနေတာပဲ မဟုတ်လား. . "

"ထားပါတော့. . . မင်းတို့က အိုခေနေပြီလား!"

"အနားကို အကပ်မခံတာ. . "

"ဘယ်သူမို့လို့လဲ!. . "

"တို့ကျောင်းကပဲ. . . Chemistry Final တန်းက၊ နာမည်က အိသကြိန်ကွာ. . "

"ဟင်. . . ငါတို့လည်း မသိပါလား!"

"မင်းတို့ သိရင် ပစ်မှားမှာစိုးလို့ မပြောတာ"

"ဖြီ. . . ရွှေကွပ်ထားတာတောင် စိတ်မဝင်စားဘူး၊ ငါ့ရင်နဲ့တစ်ထပ်တည်းကျတာ မြတ်တစ်ယောက်ပဲ ရှိတယ်. . သဘောပေါက်"

"အေးပေါ့ကွာ. . . ကိုယ့်နွားမှ ကိုယ်ချောကြတာချည်းပါပဲ"

ထိုအခိုက်မှာပင် ဆိုင်ရှေ့ တက္ကစီတစ်စီး ရပ်သွားပြီး ကားထဲက ထွက်လာသော ကောင်မလေးသုံးယောက်ကြောင့် ထက်ခေါင် မျက်လုံးပြူးသွားကာ ပိုက်ဆံ ကျသကဲ့သို့ ထုတ်၍. . .

"ရော့. . . မင်း ခေါ်ရှင်းလိုက်၊ ငါ ကားမှတ်တိုင်က စောင့်

မယ်"

"ဘာဖြစ်လို့လဲ. . "

"ငါပြောသလို လုပ်စမ်းပါ"

ထိုစဉ် တက္ကစီ ဦးလေးကြီးပါ ကားထဲက ထွက်လာသဖြင့် ထက်ခေါင် ကျောမလုံတော့ဘဲ အသာထလစ်လေတော့သည်။

သူ ကားမှတ်တိုင်သို့ ရောက်ပြီး သိပ်မကြာ၊ အောင်ထွန်းပါ အူတူအတန့်ရောက်လာသည်။

"ဘာဖြစ်တာလဲ ထက်ခေါင်!. . "

"စောစောက မြွေတက်နင်းမိလို့ကွာ"

"ဟုတ်လား. . . ဘယ်နားမှာလဲ!"

"ကျွတ်. . . မြွေဆိုတာ ဒီလိုကွ"

ဒီလိုကွဆိုပြီး အောင်ထွန်း နားလည်အောင် ရှင်းပြကာ စောစောက ဆိုင်ထဲ ဝင်လာသော သုံးယောက်နှင့်ပါ ဆက်စပ်ပေးလိုက်မှ သဘောပေါက်သွားပြီး. . .

"မင်းကတော့ ဖြစ်လိုက်ရင် အသည်းအသန်ချည်းပဲ၊ ဒါမျှားမင်းမို့လို့ ကြောက်ပြီးပြေးတာ"

"ကြောက်တာ မဟုတ်ဘူးကွ. . . ရှက်တာ၊ တော်ကြာ မဟုတ်တာတွေ ထည့်အော်ပြီး ရန်တွေ့ခံရရင် အကုန်အရှက်ကွဲမှာ"

"အခု ဘယ်သွားမလဲ!"

"မထူးတော့ဘူး. . . ဖုန်းဘီ(လ်)သွားဆောင်မယ်"

"ကဲ. . . သွား"

ထို့နောက် ထက်ခေါင် တက္ကစီတစ်စီး လှမ်းတားလိုက်၏။ တားပြီးမှ ဟိုပုဂ္ဂိုလ်၏တက္ကစီများ ဖြစ်နေမလားဟု ရင်ထိတ်ကာ. . မဟုတ်မှန်း သိမှ ပင့်သက်ချမိလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ငါ့ကို ပြုစားဖို့
ငါ့နှလုံးသားကို ဖြန့်ကားပြီး တောင်းခံခဲ့တာပါ။
မင်းသာ အချစ်ကဝေ ဖြစ်စမ်းပါ။
ညစ်ကြေနေတဲ့စိတ်နဲ့
အသည်းကွဲအိပ်ထမ်းပြီး
လမ်းသလားတယ်ဆိုတာ
ကမ္ဘာဦးတုန်းက
နာဘူးတစ်ချို့ သုံးခဲ့တဲ့
ဖြတ်ထုံးအဟောင်းကြီး မဟုတ်လား...
ငါ့ကို အကြောင်းကြားခွင့်ပြုပါ ကောင်မလေးရယ်
(အနည်းဆုံး)
"ချစ်တယ်" လို့ တစ်ခွန်းစာလေးပါပဲ...

အခန်း(၁)

ညနေကို ခြေခင်းလက်ခင်းသာစေဖို့ အပြာရောင်အကျီတစ်ထည်ကို ကောင်းကင်အား ဝတ်ဆင်ခိုင်းထားသည်။ အနောက်ဖက်မိုးကုတ်စက်ဝိုင်း အနားသတ်ဆီမှာတော့ နောက်ဆုံးအမိန့်ကို စောင့်မျှော်နေကြသော မုတ်သုန်စစ်သည်တော်များအား အံ့မိုင်းထားစေလေသည်။

ဒီညနေ စာအုပ်သွားငှားကြမယ်ဟု ညီအစ်မနှစ်ယောက် တိုင်ပင်ထားသဖြင့် အိသကြိန် ညီမဖြစ်သူကို စောင့်ရင်း ခြံဝက ခဲတန်းလျားဆီ ရောက်သွားသည်။ အပြင်ထွက်ခါနီးမှ မေသကြိန်ကို မိခင်ဖြစ်သူက နှင်းနှပ်ခိုင်းနေသဖြင့် သူမတစ်ယောက်တည်း ခြံထဲ ရောက်လာခြင်းဖြစ်သည်။ စာအုပ်ငှားဖတ်သည့်ကိစ္စ မေမေ သိပ်မကြိုက်ချင်။ အမှန်တော့

www.burmeseclassic.com

www.burmeseclassic.com

အပိုအသုံးစရိတ်ဟု ယူဆရသောအရာအားလုံး မေမေ မကြိုက်ခြင်းဖြစ်ပါသည်။

သာမန်အားဖြင့် ကပ်စေးကပ်တတ်သည်၊ နှမြောတွန့်တိုသည်ဟု ဆိုနိုင်သော်လည်း အိမ်မှာ ဖေဖေ့လစာဝင်ငွေကလွဲ၍ အခြားအပို ဝင်ငွေဟူ၍ မရှိသော သူမတို့ မိသားစုအတွက် မိခင်၏စည်းစနစ်ကြီးမှုကြောင့်သာ ဤနွေ့မျှက် နေလာနိုင်ခဲ့ခြင်းဖြစ်သည်။

ဒီအိမ်ကို ဝယ်ဖြစ်သည့်ကိစ္စကိုတောင် ဖေဖေ တော်တော် အတိုက်အခံ ပြောနိုင်လွန်းလို့သာ။ မေမေ့သဘောက ဖေဖေ့အတွက် ရထားသော အစိုးရလိုင်းခန်းမှာပဲ ဆက်နေပြီး အမွေရထားသော ပိုက်ဆံကို ရွှေဆိုင်အပ်ကာ အတိုးစား၍ ငွေပွားမည်၊ ဖေဖေက ဒီငွေနှင့် ပြည့်မီသော အိမ်ခြံကို ရှာပြီးဝယ်နေမည်။ သူများလက်ထဲ အပ်နှံထားတာနှင့်စာလျှင် ကိုယ့်လက်ထဲ ထားတာ သေချာသည်။ အိမ်ခြံမြေဆိုတာလည်း ဝယ်ပြီး အလကားမဖြစ်၊ တစ်နှစ်ထက်တစ်နှစ် ဈေးအပြောင်းအလဲ ရှိနေ၍ အမြတ်အစွန်းကောင်းလျှင် ပြန်ရောင်း၊ နောက်တစ်နေရာ ရှာဝယ်၊ ထိုသို့ လုပ်ချင်သည်။

မေမေက ငွေသေသည်ဟု ထုချေကာ လက်မခံ။ နောက်ဆုံးတော့ ဖေဖေ့ဘက်က လျှော့သလိုနှင့် ခပ်တင်းတင်းလေး ခုခံသွားသည်။ မင်းဘက်က ရတဲ့အမွေပဲ. . မင်းကြိုက်တာလုပ်၊ မင်းသဘော အတိုင်း မင်းလုပ်၊ ပြီးရင်. . ငါလည်း ငါ့သဘောအတိုင်း လုပ်ချင်ရာ လုပ်၊ နေချင်သလိုနေမယ်ဆိုလို့ မေမေ လျှော့ပေးလိုက်ရသည်။ မလျှော့လို့လည်း မဖြစ်၊ ဖေဖေက လူချစ်လူခင် များသော အရာရှိတစ်ယောက်၊ အသက်လေးဆယ့်ငါးနှစ်ဟု ဆိုသော်လည်း နုပျိုဖျတ်လတ်သူ၊ ရုပ်ရည်ကလည်း ရှိသဖြင့် အနေမှန်တာတောင် အခွေအရံ လုပ်ချင်နေသော မိန်းမတွေ တွေ့နေမြင်နေရ၍ မေမေ ကျောချမ်းကာ ဖေဖေ ခင်းသော လမ်းအတိုင်း လျှောက်လိုက်ရခြင်း ဖြစ်လေသည်။

သူမအတွေးနှင့်သူမ နစ်မျောနေရင်းက ငေးငေးရီရီ ပို့လွှတ်ထားသော အကြည့်တန်းရှေ့မှာ ထက်ခေါင်ကို အမှတ်တမဲ့ မြင်ကာ

ရှိန်းခနဲ ခံစားလိုက်ရပြီး အကြည့်လွှဲပစ်သည်။

(ဒုက္ခပဲ. . . ငါ သူ့ကို စိုက်ကြည့်နေတယ်လို့များ ထင်သွားလား မသိဘူး)

သူ တစ်ချက်လှမ်းကြည့်တော့ ထက်ခေါင်က သူတို့အိမ် အပေါ်ထပ် လေသာဆောင်မှာ ရှိနေဆဲ။ ထို့ကြောင့် ခုံတန်းလျားက ထကာ ဧည့်ခန်းထဲ ဝင်ထိုင်မည်ဟု စိတ်ကူးမိစဉ် မေသကြိန် ထွက်လာပါသည်။

"မေမေ အိပ်ပျော်သွားပြီ မမ. . . လစ်ရအောင်"

"ခြံတံခါး သော့ခတ်သွားမှာဆိုတော့ တို့ သိပ်ကြာလို့ မရဘူးနော်၊ ဖေဖေပြန်လာလို့ တံခါးဖွင့်ဖို့ လှမ်းအော်ခေါ်ရင် ပြဿနာ"

"အင်းပါ. . "

ထို့နောက် ညီအစ်မနှစ်ယောက် ခြံတံခါး သော့ခတ်ကာ ခပ်သုတ်သုတ် ထွက်လျှောက်လာကြသည်။

"ဘယ်ဆိုင်သွားမှာလဲ!"

"အန်တီမိုးကြည်ဆိုင် သွားမယ်လေ မမ၊ အဲဒီမှာ မဂ္ဂဇင်းအသစ်တွေ တင်တယ်"

အိသကြိန် လျှောက်လာရင်းက နောက်ကျောမလုံသလို လှည့်အကြည့် ထက်ခေါင် ထွက်လာတာကို မြင်လိုက်ရသဖြင့် လန့်ကာ မေသကြိန်၏လက်မောင်းကို ဆုပ်ကိုင်မိသွားသည်။

"ဟင်. . . မမလက်တွေ အေးစက်နေတာပဲ"

ပြောရင်းနှင့် အစ်မမျက်နှာကို အကဲခတ်ကြည့်သည်။ အိသကြိန် အတတ်နိုင်ဆုံး ဘာမှမဖြစ်သလို စိတ်ကို ပြုပြင်သော်လည်း. .

"မမ. . နေမကောင်းဘူးလား၊ ဘာဖြစ်လို့လဲ!. . "

"နောက်ကို မသိမသာ လှည့်ကြည့်စမ်း. . . ထက်ခေါင် တို့နောက်နား ရောက်နေပြီလားလို့"

မေသကြိန်က ဘာကိုမှ ဂရုမစိုက်သလို ပြောင်လှည့်ကြည့်ပစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အဝေးကြီးမှာပါ. . "

"တောက်. . . ငါ ခုနက ဒုက္ခရောက်သွားတယ်၊ ငါ့ဘာသာ အိမ်အကြောင်း တွေးရင်း သူ့အိမ်ဖက် ငေးသလို ဖြစ်သွားတာ။ သူက လေသာဆောင်မှာ ရှိနေတယ်လေ. . "

ဒီတော့မှ မေသကြိန် ခိုးခိုးခစ်ခစ် ရယ်ကာ. . .

"ကိုကြီးထက်ခေါင်က သဘောကောင်းပါတယ် မမရဲ့၊ ချောလည်း ချောတာပဲဟာ. . "

"တော်စမ်း. . . ကောင်မလေး၊ မမေ့ရှေ့ နင်သွားပြောလို့က တော့ အသေသတ်လိမ့်မယ်"

"ပြောမလား မမရဲ့၊ ကိုယ့်ညီအစ်မချင်း ပြောတာပဲဟာ၊ ဘာလဲ မမက မကြိုက်ဘူးလား!. . "

"မကြိုက်ဘူး. . . တစ်ဆိတ်ရှိ ရိုက်မယ်နှက်မယ် လုပ်တတ်တဲ့ လူမျိုး. . . အရမ်းမုန်းတယ်"

"ညီမလေးကတော့ ကြိုက်တယ်"

"ကောင်မလေးနော်. . "

အိသကြိန် လန့်ဖြတ်ကာ မေသကြိန်ကို လှည့်ကြည့်မိသွားသည်။ သူမ ဟန့်လိုက်၍ ဆက်မပြောတော့သော်လည်း ရှက်သွေးဖြာကာ ပြုံးရယ်နေသော ညီမဖြစ်သူအတွက် မယုံကြည်နိုင်အောင် ဖြစ်ရသည်။

သူမစိတ်ထဲ ကလေးတစ်ယောက်လို မြင်နေသော မေသကြိန်မှာ ကလေးမဟုတ်တော့ကြောင်း ရုတ်ချည်း သိလိုက်ရ၍ လက်မခံနိုင်အောင် ဖြစ်ခြင်းမျိုး။ အမှန်တော့ သူမတို့ နှစ်ယောက်က နှစ်နှစ်ကြီး နှစ်နှစ်ငယ်။ ကိုယ်လုံးချင်း ယှဉ်လျှင်တောင် မေသကြိန်က သူမထက်ပင် ပို၍ဖွံ့ထွားနေသေးသည်။ မေသကြိန်က အဖေတူ၊ ဖေဖေတို့မျိုးဖိုးက အရပ်အမောင်းကောင်းကာ ထွားကျိုင်းသန်မာကြသည်။ ဖေဖေ့အစ်မ ဒေါ်ကြီးခိုင်ဆိုလျှင် အရပ်ငါးပေနှစ်လက်မ ရှိသော လုံးကြီးပေါက်လှ အပျိုကြီးဖြစ်သည်။

သူမကတော့ သွယ်လျသော အမေမျိုးရိုးကို ဆက်ခံသူဟု ဆိုနိုင်ပါသည်။ သို့သော် အရပ်က မမေ့လို့ မပုဘဲ ဖေဖေ့ဘက်ကို ပါပြန်သဖြင့် ဒေါ်ကြီးခိုင်က ချစ်စနိုးနှင့် မော်ဒယ်မဟုပင် ခေါ်တတ်သည်။ ဆံပင်ကတော့ မမေ့အလိုက္ခ ညီအစ်မနှစ်ယောက်စလုံး တင်ပါးဖုံးအောင် ထားရသည်။ မမေဆိုလျှင် သူ့အရပ်နှင့်သူ့ဆံပင် ကွက်တိဖြစ်ကာနေသည်။ အညာသွေး ပါသော မမေက ဆံပင်ကို တော့ တန်ဖိုးကြီးစွာ ထားသည်။ သူမတို့ညီအစ်မ ဆံပင်ကို ယနေ့အချိန်အထိ မမေကိုယ်တိုင် မမောနိုင်မပမ်းနိုင် ရှင်းလင်းဖြီးသင်ပေးပါသည်။

အန်တီမိုးအေးကြည်က သူမတို့ညီအစ်မ မြင်သည်နှင့်. . .

"ဟော. . . မော်ဒယ်မယ်တို့ ညီအစ်မ. . . ပျောက်ချက်သား ကောင်းနေလိုက်တာ၊ ကဲ. . . ဘာငှားကြမှာလဲ!"

"မဂ္ဂဇင်းအသစ်တွေ ထွက်ပြီလား မမ၊ အပျိုစင်ပဲဖြစ်ဖြစ် အမ်းမစ်ပဲဖြစ်ဖြစ်. . "

"နှစ်ခုစလုံး ထွက်တယ်၊ ငှားပြီးသွားပြီ"

"ဟယ်တော့. . . ဒါဆို ဘာငှားရမှာလဲ!. . "

"အချစ်ဝတ္ထုအသစ် ထွက်တယ်လေကွယ်. . "

"ဟာ. . . အဲဒါတွေ မကြိုက်ပါဘူး"

"ကိုင်း. . . ဒါဆို ကြိုက်တာသာ ရွေးတော့၊ အန်တီလည်း မပြောတတ်တော့ဘူး"

"မမ. . ဘာငှားမှာလဲ!"

"ဂျူး. . ငှားမယ်. . "

"ဂျူးက ဟိုအပေါ်ဆုံးတန်းမှာ"

ထက်ခေါင် ဆိုင်ရှေ့ ရောက်လာပြီး ဝေ့လည်ဝေ့လည် လုပ်နေသဖြင့် ဒေါ်မိုးအေးကြည်က. . .

"ဟဲ့. . ထက်ခေါင်၊ ဒီမှာ. . တမလွန်လောက ထွက်နေပြီ"

"ဟာ. . . မဖတ်ချင်ပါဘူး အန်တီအပိုကြီးရာ၊ ကျနော်တော်က

www.burmeseclassic.com

www.burmeseclassic.com

ပစ္စပ္ပန်လောကပဲ ကြိုက်တာ"

ပြောရင်း ထက်ခေါင် ဆိုင်ထဲ ဝင်လာသဖြင့် မေသကြိန် လှည့်ကြည့်ပြီးပြကာ. . .

"ကိုကြီးထက်ခေါင်. . . ဟိုဟာ ဖတ်ပါလား!"

"ဘယ်ဟာလဲ!. . "

"ပြစ်မှု မဂ္ဂဇင်းလေ"

"ဟာ. . . မကြိုက်ပါဘူး"

"ဖတ်ရတယ် ကိုကြီးရဲ့၊ ကိုကြီးက ရန်ခဏာခဏာဖြစ်နေတာ၊ စိတ်မထိန်းနိုင်တဲ့ ဒေါသစိတ်ကလေးတစ်ချက်ကြောင့် ဘဝဆုံးရတဲ့ သင်ခန်းစာတွေ အများကြီးပဲ. . "

"အံမာ. . . နင်က ငါ့ကို ဆုံးမချင်နေသေးတယ်၊ စာရော လိုက်နိုင်လား!"

"အင်း. . "

"လိုအပ်ရင် ငါ့ကိုပြော. . . နင်နဲ့ငါက မေကျာတူတော့ ငါ ပြပေးနိုင်တယ်"

"ဟဲ့. . ထက်ခေါင်"

"ဗျာ. . အန်တီ. . အပို. . "

ဒေါ်မိုးအေးကြည် ပေတံနှင့် လှမ်းရွယ်ရင်း. . .

"နင့်ကို အဲ့သလို မခေါ်နဲ့လို့ ငါ ဘယ်နှစ်ခါ ပြောရမလဲ!"

"အဲ့ဒါဆို အန်တီ ယောကျ်ားယူလေဗျာ. . . မယူဘဲ တစ်ယောက်တည်း နေလို့ကတော့ ကျွန်တော်ကတော့ ခေါ်မှာပဲ၊ အလကားပိုနေတာကြီး. . . "

"ကြည့်စမ်း. . ပြောလေ. . ကဲလေ. . ကဲ. . "

"အဲ့. . အဟားဟား"

ထက်ခေါင် ကိုယ်ယို့ရှောင်ရင်း သူ့နောက်မှာ စာအုပ်ရွေးနေသော အိသကြိန်ကို တိုးမိသလို ဖြစ်သွား၍. . .

"ဆောရီးနော်. . အိသကြိန်. . ဒီမှာ အန်တီအပိုကြီး လိုက်

ရိုက်နေလို့"

အိသကြိန် ဘာမှမပြောဘဲ ဆိုင်ထဲက ထွက်ကာ. . .

"မေ. . . နောက်မှ ငှားတော့. . . ပြန်ကြစို့"

အစ်မဖြစ်သူ ခေါ်နေသဖြင့် မေသကြိန်လည်း လိုက်ထွက်ကာ လာရသည်။

"ဟဲ့. . . မော်ဒယ်မယ်တို့ ဘာမှ မငှားတော့ဘူးလား!"

"ဟင့်အင်း. . . နောက်ရက်မှပဲ အန်တီ"

ပြောပြီးထွက်သွား၍ ဒေါ်မိုးအေးကြည် ထက်ခေါင်ကို ပေတံနှင့် လှိမ့်ရိုက်တော့သည်။

"အား. . . နာတယ်ဗျ"

"နာပစေ. . . နင်ရှုပ်လို့ တစ်အုပ်မှ မငှါးရတော့ဘူး"

"ရတယ်. . . သူတို့ကိုယ်စား ကျွန်တော် ငှါးမယ်"

"ငှါး. . . နင်အပါအဝင် သုံးယောက်စာနော်"

"လောဘကလည်း ကြီးလိုက်တာဗျာ"

"နင်ပဲ. . "

"အင်း. . . အင်းပါ၊ ဒါနဲ့ ဟိုနှစ်ယောက်ကို ဘယ်လိုဖြစ်ပြီး မော်ဒယ်မယ်. . . ရတာလဲ. . "

"နင်မမြင်ဘူးလား. . တစ်ယောက်က မယ်အရွှေးခံနိုင်တဲ့ ကိုယ်လုံးမျိုး၊ ဟိုတစ်ယောက်က မော်ဒယ်လေး၊ အဲဒါကြောင့် မော်ဒယ်မယ်လို့ ပေါင်းခေါ်တာ. . . ရှင်းပြီလား!"

"အဟတ်ဟတ်. . . ရှင်းပြီ၊ ကျွန်တော် မော်ဒယ်လေးကိုတော့ ခိုက်တယ်ဗျာ. . "

"ခိုက်ရင် လိုက်ပေါ့၊ ငါ့ကို လာပြောနေရလား!"

"ကျွန်တော်လည်း လိုက်တာပဲ. . . မရဘူး၊ အန်တီ ကျွန်တော့်ကို နည်းနည်းသင်ပေးပါလား!"

"ဟဲ့အကောင်ရဲ့. . . ငါဘာမှမတတ် ဘာမှမသိလို့ အပို့ကြီး ဖြစ်နေတာလေ. . "

www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုလေ. . . သင်တယ်ဆိုတာ၊ ဟို. . ဟိုဟာ. . မိန်းကလေးအများစုက ယောကျ်ားတစ်ယောက် ချစ်ခင်ပန်တာကို လက်ခံနိုင်တဲ့ စံနှုန်းပေါ့. . အဲ့ဒါလေးပါ. . "

ဒေါ်မိုးအေးကြည် စိတ်ဝင်စားသွားသော်လည်း အပျိုကြီးတို့၏ အိုက်တင်ခံပုံမျိုး မျက်နှာကို မဲ့ကာ မျက်စောင်းပစ်ကြည့်၍. . .

"ငါ့အနေနဲ့. . . စံနှုန်းထိုးပြရမလား!"

"အင်း. . . ဖြစ်တယ်၊ အန်တီလည်း မိန်းမပဲလေ. . "

"အဟမ်း. . အဟင်း. . ငါ့ကို ကြိုက်တဲ့ယောကျ်ားက ငါနဲ့ သက်တူရွယ်တူ ဖြစ်ရမယ်. . "

"အိုခေ. . "

"ပြီးတော့. . ရုပ်ချောရမယ်၊ အသောက်အစား အပျော်အပါး ကင်းရမယ်၊ အရပ်မြင့်မြင့် အသားဖြူဖြူ"

"မှန်တယ်ဟာ. . "

"အင်း. . . နောက်ပြီးတော့. . ပညာတတ်ရမယ်၊ စီးပွားရှာတတ်ရမယ်၊ မိဘအမွေ မဟုတ်ဘဲ ကိုယ်ပိုင်အိမ်၊ ခြံ၊ ကား၊ စီးပွားရေးလုပ်ငန်း ပါလာရမယ်. . လူမှုဆက်ဆံရေး ကောင်းရမယ်၊ ကျန်းမာရေး ကောင်းရမယ်"

ထက်ခေါင် မျက်ခုံးနည်းနည်းမြင့်လာသည်။

"ဒုက္ခပေးမယ့် ဆွေမျိုးညီကို မောင်နှမနဲ့ ကင်းကင်းရှင်းရှင်း နေနိုင်ရမယ်၊ ငါ့ကို အသက်လောက် တန်ဖိုးထား ချစ်တဲ့သူ ဖြစ်ရမယ်၊ ငါ့မိဘကို သူ့မိဘလိုပဲ ရိုသေရမယ်၊ ဆီဒိုးနားမှာ မင်္ဂလာဆောင်ခွင့် ပေးရမယ်၊ အနှည်းဆုံး စက်ဘူလောက် ဟန်းနီးမွန်း ထွက်နိုင်ရမယ်"

ထက်ခေါင် နားထောင်ရင်းက နားကြားပြင်းကတ်လာသဖြင့် ဆိုင်ပေါ်က ဆင်းပြီး ဖိနပ်စီးထားလိုက်သည်။

"တစ်နှစ်ကို ပြည်ပ ရှော့ပင် နှစ်ကြိမ် အနည်းဆုံး ထွက်နိုင်ရမယ်"

"ဒါဆို. . . အန်တီစိတ်ကြိုက် ရှယ်ဘော့(စ်)တစ်ယောက်

တော့ ရှိတယ်ဟ. . "

"ဘယ်သူလဲ!. . "

ထက်ခေါင် ချက်ချင်းမဖြေဘဲ ဆိုင်တံစက်မြိတ်နှင့် လွတ်အောင် ထွက်လိုက်ကာ. . .

"ပန်ချာပီကြီးလေ. . "

"မသာကောင်. . ကာလနာ. . နင်သေပြီသာမှတ်"

ဒေါ်မိုးအေးကြည် ဆိုင်ထဲက ထွက်လိုက်ဖို့ ပြင်သဖြင့် ထက်ခေါင် တစ်ချီးတည်း လစ်တော့၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

ဒီမနက်တော့ မေမေရှယ်ယာဝင်ထားသည့် ကုမ္ပဏီမှာ အစည်းအဝေးရှိသဖြင့် သူ အိပ်ယာနိုးအောင်တောင် မစောင့်တော့ဘဲ ညှဉ်ခန်းစားပွဲပေါ် စာရေးမှာကာ ထားခဲ့သည်။ ဝပ်ရှော့သွင်းထားသောကား ပြန်ထုတ်စရာလည်း ရှိနေသဖြင့် ကားထုတ်ပြီးမှ ကုမ္ပဏီကို သွားမည်ဟု စာထဲမှာ ရေးမှာထားခဲ့သည်။

ထို့ကြောင့် ဒီမနက် အိမ်မှာ မနက်စာ မစားတော့ဘဲ ဖုန်းယူပြီး လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့၏။ ခြံရှေ့က ဖြတ်လျှောက်ရင်း ပီတောက်ပင်ကို မော့ကြည့်မိသည်။ သင်္ကြန်ရက်တုန်းက အချိုးအဆေခံထားရသော ကိုင်းရင်းနေရာများမှာ ရွက်ဖူးနုသစ်လေးတွေ တိုးတစ်

တစ်ခါတစ်လေ
စိတ်ကို ယောင်ထုံးထုံး
နှလုံးသားနဲ့ ခေါင်းပေါင်းလုပ်ပြီး
ဒုက္ခများရည်ထဲမှာ
ငရုတ်သီး ပါမပါ
အရသာခံကြည့်ဖြစ်တယ်၊
အချစ်ဆိုတာ
အသစ်ချုပ်ဝတ်လိုက်တဲ့ အင်္ကျီတစ်ထည်လိုပဲလား
အပ်ချုပ်သမားသာ မြင်ပြီး
ကိုယ်မမြင်တဲ့အမှားကို
တအားပို စွဲလန်းနေတာမျိုးပေါ့။

www.burmeseclassic.com

www.burmeseclassic.com

ထွက်ကာ နေကြသဖြင့် သူ အသည်းယားကာ ခဏတော့ ရပ်ငေးမိသွားသည်။

ဘာကြောင့်မှန်းတော့မသိ၊ အပင်တွေမှာ အဲ့သလို ရွက်နုဖူးလေးတွေ ထွက်နေတာ မြင်လျှင် အသည်းယားကာ ကုတ်ဖဲ့ပစ်ချင်သည်။

ငယ်ငယ်တုန်းကတော့ မန်ကျည်းပင်ပေါ် တက်ဆော့ရင်း မန်ကျည်းရွက်နုနုဖူးဖူးလေးတွေကို ဆိတ်တို့ကာ ဝါးစားဖူးပါသည်။

သူ တွေးရင်း ရပ်ကာ ငေးနေခိုက်. . .

"ထက်ခေါင်. . "

လှည့်ကြည့်လိုက်တော့ အုန်းမွှေးလုံးအိမ်က ကျော်လေးနှင့် အောင်ဆွေဦး၊ အုန်းမွှေးလုံးဆိုသည်မှာ စား၍ရသော ရေခဲချောင်း အုန်းမွှေးလုံးတော့ မဟုတ်။ ထက်ခေါင်တို့ လမ်းသွယ်ထောင့်က ကွန်ကရစ် မစ်ဆာစက်များ ပြင်သော အိမ်ကဖြစ်သည်။ ကွန်ကရစ် ဖျော်သောကန်က အုန်းမွှေးလုံးလို လုံးလုံးကြီးဖြစ်၍ ရပ်ကွက်ထဲက အုန်းမွှေးလုံးဟု အလွယ်ခေါ်ကာ အုန်းမွှေးလုံးအိမ်ဟု နာမည်တွင်သွားခြင်းဖြစ်သည်။

"မင်း ဘယ်သွားမလို့လဲ!"

ကျော်လေးက သူ့ကို လှမ်းမေးသော်လည်း မျက်လုံးအကြည့်တွေက အိသကြိန်တို့ အိမ်ဘက်မှာဖြစ်၍. . ထက်ခေါင် ကျော်လေးမေးစပ်ကို ကိုင်ကာ ဆွဲလှည့်ယူလိုက်သည်။

"အဲ့ဒီအိမ်ကို နောက်ထပ်ကြည့်မိရင် မင်းမျက်လုံးတွေကို ဖောက်ပစ်မယ်. . . နားလည်လား!"

ကျော်လေး တွန့်သွားသော်လည်း မထီမဲ့မြင်ပုံစံက မျက်နှာပေါ်မှာ အပြည့်။ အောင်ဆွေဦးက မိုက်ကန်းကန်းပုံစံမျိုး။ ခေါင်းကို မော့ကာ ဒူးတစ်ဖက်ကို လှုပ်ကာရပ်နေသည်။

ဒီကောင်တွေ စောစောစီးစီး မိုက်ကြေးခွဲတာလား၊ စားကျက်လုတာလား ခွဲခြားမသိနိုင်သော်လည်း ထူးဆန်းနေသဖြင့် ကိုယ့်ကိုယ်ကို

သတိပေးထားလိုက်သည်။

"မင်း ဘယ်သွားမှာလဲ!"

ကျော်လေး ထပ်မေးသည်။

လေသံက နည်းနည်းပိုမာလာသဖြင့်. . .

"ငါ ဘယ်သွားမယ်လို့ သံတော်ဦး တင်ရအောင် မင်းက ဘာကောင်လဲ!. . "

အောင်ဆွေဦး စူးသောမျက်လုံးတွေနှင့် ဆတ်ခနဲ လှည့်ကြည့်သည်။ ကျော်လေးက ညစ်ကျယ်ကျယ် ရယ်လျက် ငါးပေသာသာရှိသော သူ့အရပ်ပုပုလေးကို ဆောင့်ကြွားကြွားလေး ရပ်ကာ. . .

"မင်းက ဒေါသကြီးပဲကွာ. . . ငါတို့က မင်းနဲ့ သံတမန်နည်းအရပဲ ဆွေးနွေးချင်တာပါ၊ လက်ဖက်ရည်ဆိုင် သွားကြမလား!. . . "

"နေစမ်းပါဦး. . . မင်းက ငါနဲ့ ဆွေးနွေးရအောင် ဘာအကန့်တွေ ရှိလဲ!. . "

"ရှိတယ်. . . ဆိုင်ရောက်မှ ပြောမယ်ကွာ"

"အိုခေလေ. . . ဆိုင်ရောက်မှ ရေနွေးအိုးနဲ့ ထုလည်း နောက်မကျသေးပါဘူး"

ပြောပြီး ရှေ့က လျှောက်နှင့်သည်။ နောက်က အလစ်ဝင်တိုက်ခိုက်မည့် ပြဿနာအတွက် သတိကို ကျောမှာ ကပ်ထားသည်။ သို့သော် ဝက်ပုလက်ဖက်ရည်ဆိုင် ရောက်သည်အထိ ကျော်လေးတို့ ခြေငြိမ်လက်ငြိမ်နှင့် လိုက်ပါလာကြသည်။ ပြန်တွက်ကြည့်လျှင်တော့ သူ့မိဘတွေ အတိုးကြီးစား လုပ်ငန်းကြီး လုပ်ကာ ငွေကြေးပြည့်စုံနေတာကလွဲလို့ ဒီကောင်တွေမှာ ဘာအစွယ်မှ မရှိ။ နှစ်ယောက်စလုံး ဆယ်တန်းမအောင်လို့ သူ့အဖေနှင့် အုန်းမွှေးလုံး လုပ်ငန်းထဲမှာ ဝင်လုပ်နေကြသူများဖြစ်သည်။

ခုမှ ဒီညီအစ်ကိုနှစ်ယောက် ရုတ်တရက် အမောက်ထောင်လာခြင်းကတော့ အဲ့ဩစရာပင် ကောင်းသေးသည်။ ဘာကြောင့်လဲ!။

ဆိုင်ရှင် ကိုဝက်ပုက သူ့ကို မြင်သည်နှင့် ပေါ့ကျသစ်ခွက်

www.burmeseclassic.com

www.burmeseclassic.com

ဖော်ပြီးလာပို့သည်။ ကျော်လေးက ချိုဆိမ့်နှစ်ခွက် မှာသည်။

"ကဲ. . . ပြော၊ မင်းတို့ ဘာပြောချင်တာလဲ!"

ကျော်လေးက အောင်ဆွေဦး မျက်နှာကို လှမ်းကြည့်သည်။ ပြီးမှ. . .

"မင်းနဲ့. . . မင်းတို့အိမ်ရှေ့က ညီအစ်မနှစ်ယောက်နဲ့ ဘယ်လို ပတ်သက်သလဲ သိချင်တယ်"

ထက်ခေါင် ရယ်တော့တ်။

ထို့နောက်မှ အရယ်ရပ်၍. . .

"အိသကြိန်ကို ငါ့ဘဝ တသက်တာ လက်တွဲဖော်အဖြစ် သတ်မှတ်ထားတယ်၊ မသကြိန်ကတော့ ငါရဲ့ခယ်မလောင်းပေါ့ကွာ. . . ရပြီလား!",

"ဒါဆို လောလောဆယ် ဘာမှ မပတ်သက်သေးဘူးပေါ့"

"နေပါဦး. . မင်းတို့က ဘာလုပ်ချင်တာလဲ!. . "

ထိုအခါ အောင်ဆွေဦးက. . .

"ကိုလေးစကားက လိုရင်းမရောက်ဘူးဗျာ၊ ဒီမှာ. . . ကျုပ်ပြောမယ်၊ အိသကြိန်တို့ ညီအစ်မကို ကျုပ်တို့ညီအစ်ကို လိုက်မယ်၊ ထွန်းနိုင်တို့အုပ်စုက ခင်ဗျားနဲ့ ပတ်သက်နေတယ် ပြောလို့ လာမေးတာ၊ အခု ဘာမှ မပတ်သက်ဘူးဆိုတာ သိပြီ၊ ကျုပ်တို့ လိုချင်တာ ဒါပဲ"

ကျော်လေးက ဟုတ်တယ်ဆိုသော ပုံစံမျိုးနှင့် ကြည့်သည်။

"အိုခေ. . . မင်းတို့ လိုချင်တာရပြီဆိုရင် ငါလိုချင်တာလည်း နားထောင်သွား၊ မသကြိန်နဲ့ ပတ်သက်ပြီး. . စောင့်ရှောက်ရမယ့် ဝတ္တရားကလွဲလို့ ငါနဲ့ ဘာမှမပတ်သက်ဘူး၊ အိသကြိန်ကို ထိတဲ့ကောင် ရန်သူပဲ"

ကျော်လေး ရှုန်းရှုန်းရားရားဖြစ်ကာ ထရုပ်သည်။ အောင်ဆွေဦးလည်း ထရပ်တ်။ ထက်ခေါင်က တစ်ဝက်ကျန်နေသော လက်ဖက်ရည်ကို နှမြောတသ ဖြစ်သွားသလို မော့သောက်ချလိုက်စဉ် ကျော်လေးက စားပွဲခုံ ဆောင့်ကန်ပစ်တော့တ်။

"ဝုန်း"

"ချလွှမ်. . ခွမ်. . "

"ဂုတ်. . ဂုတ်. . ဝွပ်"

ကျော်လေးတို့ ညီအစ်ကို ဆေးရုံရောက်သွားသဖြင့် ထက်ခေါင်လည်း အချုပ်ခန်းထဲ ရောက်သွားလေသည်။ အမှုကိုင် ရဲကြပ်ကြီးက နံရံထောင့်မှာ မှီထိုင်နေသော ထက်ခေါင်ကို လှမ်းကြည့်ပြီး. . .

"ဟေ့ကောင်. . . သေးအိုးဖက်ပြီး အိပ်မက်ယောင်တဲ့ အကောင်"

"ဗျာ!. . "

"မင်း ဒီတစ်ခါတော့ သွားပြီ၊ အင်းစိန်ထောင် မပို့ခင် မင်း အတွက် ပြည့်စုံသွားအောင် ချေးအိုးပါ ထည့်ပေးထားမယ်၊ ဘယ်ကစ်လုံး ညာတစ်လုံး ဖက်အိပ်ပေါ့ကွာ. . . ဟုတ်ပြီလား!"

"ဆရာ. . . ကျွန်တော့်မေမေဆီ ဖုန်းတစ်ချက်လောက်"

www.burmeseclassic.com

www.burmeseclassic.com

"တစ်ချက်မဟုတ်ဘူး. . . နှစ်ချက်ဆက်ပြီးပြီ၊ မင်းအတွက် သူ လုံးဝတာဝန်မယူနိုင်တဲ့အကြောင်းနဲ့ လိုအပ်သလို ဆက်ပြီး အရေးယူ ဆောင်ရွက်ပေးဖို့ပဲ ပြောတယ်. . . လွမ်းမနေနဲ့"

"ဆရာ. . . ကျွန်တော်ကိုယ်တိုင်. . "

သူ့စကားမဆုံးခင် ရဲကြပ်ကြီး လက်ကာပြကာ ထွက်ခွာသွား သဖြင့် ထက်ခေါင် အခန်းနံရံမှာ ကျောမီကာ ထိုင်ကျသွားသည်။ မေမေ ရက်စက်တယ်ဟုတော့ သူ မပြောလိုတော့ပါ။ သူကိုယ်တိုင် မိုက်မဲမှုကို မစွန့်လွှတ်နိုင်သောကြောင့် ဟူသောအဖြေကို သူ ကောင်းစွာနားလည် ပြီးသားဖြစ်လေသည်။ ဤစခန်းမှ စခန်းမှူးနှင့် မေမေတောင် တစိမ်း ပြင်ပြင် ရှိရာကနေ မိတ်ဆွေရင်းပမာ ရင်းနှီးသွားကြသည်အထိ သူ၏ အမှုက များလှသည်။ ဟိုတုန်းက ရဲဖန်ရဲခါ ရှိခဲ့ဖူးသော်လည်း အိသကြိန်တို့ ရပ်ကွက်ထဲ ပြောင်းရွှေ့လာပြီးနောက်ပိုင်း တစ်နှစ်အတွင်းမှာ ရန်ဖြစ်ပြီး ရိုက်မှု အကြိမ်ကြိမ် အလီလီ ထပ်သွားသည်။

သည်တစ်ကြိမ်တော့. . .

"မောင်ထက်ခေါင်. . "

ဦးမြတ်ကျော် ရောက်လာလိမ့်မည်ဟု လုံးဝမျှော်လင့်မထားဘဲ တွေ့မြင်လိုက်ရ၍ ထက်ခေါင် အံ့အားသင့်ကာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ထိုစဉ် တာဝန်ကျ ရဲတပ်ဖွဲ့ဝင်တစ်ဦး ရောက်လာကာ သူ့နာမည်ခေါ်ပြီး အခန်းအပြင်သို့ ခေါ်ထုတ်လိုက်လေသည်။

"ဦးလေး. . "

"အေး. . . မနက်ဖန် မင်းတို့ကျောင်း ဖွင့်ပြီမဟုတ်လား၊ အဲ့ဒါကြောင့် ဦးလေးလိုက်လာတာ၊ ဟိုကလေးနှစ်ယောက်ရဲ့မိဘတွေ ဆီ ဦးလေးနဲ့ ရပ်ကွက်လူကြီးတွေ သွားတောင်းပန်ပြီး ကျေအေးလွှာ ယူလာတယ်လေ. . "

"ဗျာ. . . ဒါဆို. . "

"ဘဟဲဟဲ. . . ဘယ်နှယ်လဲကွ၊ မခံချင်စိတ်ရှိလေ ခံရလေပဲ ဆိုတာ. . "

ထက်ခေါင် ခေါင်းငုံ့ကျသွားသည်။ ပြီးမှ. . .

"အခုလို ကူညီတာ ကျေးဇူးတင်ပါတယ် ဦးလေး၊ ပြီးတော့ ဦးလေးရဲ့ဆုံးမပဲ့ပြင်မှုကို မနာခံမိတဲ့အတွက် တောင်းပန်ပါတယ်"

"တောင်းပန်လိုက်တာထက်. . . နောက်ထပ်မဖြစ်အောင် ကြိုးစားပေးတာက ပိုပြီးအဓိပ္ပါယ်ပြည့်စုံတယ်ကွ၊ ကိုင်း. . . လာ၊ စခန်းမှူးကြီး မင်းကို ကောင်းကောင်းဆုံးမဖို့ စောင့်နေတယ်၊ ကြိမ်လုံးတစ်လုံး တော့ ကိုင်ထားတာ တွေ့တာပဲ. . . "

"ဗျာ"

၅ ၂ ၅ ၅

ညက မေမေ သူ့ကို လုံးဝစကားမပြောသဖြင့် ဒီမနက်တော့ ကျောင်းမသွားခင် မေမေ့ကို ချော့ပြီးမှ သွားမည်ဟု ဆုံးဖြတ်ကာ ကျောင်းသွားဖို့ ပြင်ဆင်ပြီး အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဧည့်ခန်း ဆက်တီစားပွဲပေါ် စာနှင့်ပိုက်ဆံ တင်ထားသဖြင့် မေမေ အပြင်သွားပြီ လားဟု တွေးကာ အိမ်ရှေ့လှမ်းကြည့်သည်။ ကားလည်း ရှိနေ၍ ဘုရား ခန်းထဲ လှမ်းကြည့်မှ တွေ့ရသည်။ မေမေ ပုတီးစိတ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

သူ ပင့်သက်ရှိုက်သွင်းကာ စားပွဲပေါ် အကြည့်ရောက်သွား သည်။

ထက်ခေါင်...

မင်းအတွက် တစ်လစာ လမ်းစရိတ်မုန့်ပိုး...

စာတိုလေးကို ဖတ်ပြီး သူ့ရင်ထဲ နင့်ကာ သွားသည်။ မမေ ဘယ်လောက်တောင် စိတ်နာနေပြီလဲ၊ တစ်ခါတစ်ရံ နာမည်ခေါ်ပြီး စကားပြောတတ်သော်လည်း ဒီလို မှာစရာရှိလို့ စာတိုလေး ရေးပြီး မှာလျှင် 'သား' ဟုသာ နာမ်စားသုံးလေ့ရှိသော မမေ့လက်ရေးဝိုင်းဝိုင်း လေးတွေက 'ထက်ခေါင်' ဟု စိမ်းပြတ်စွာ ရေးတတ်နေချေပြီ။

သို့သော် ဝမ်းနည်းတာကလွဲလို့ သူ့မှာ ပြောစရာမရှိ။ ထို့ကြောင့် ဘုရားခန်းအဝင်ဝသို့ လျှောက်သွားကာ ဒူးထောက်ထိုင်လိုက် သည်။ ပြီးမှ သားကို ခွင့်လွှတ်ပါ မမေဟု စိတ်ထဲက ရေရွတ်ကာ ကန်တော့၍ လှည့်ထွက်လာခဲ့တော့၏။

ခြံလမ်းလေးအတိုင်း တစ်ငုံ့ငုံ့လျှောက်လာပြီး ခြံတံခါး ဖွင့် အထွက် အိသကြိန်တို့ခြံထဲက လင်ခရူဇာ ကားတစ်စီး ထွက်လာပြီး ကားထဲမှာ အိသကြိန်တို့ညီအစ်မကို မြင်လိုက်ရသဖြင့် ရှုပ်ထွေးနေ သောစိတ်များ ပို၍နောက်ကျိဝေဝါးကုန်ကာ ခြံအပြင်ဖက် ကပျာကသီ ထွက်၍ ကားကို လမ်းပေါ် တက်ကြည့်သည်အထိ သတိလက်လွတ် ဖြစ်ကာသွားသည်။

"ဘယ်သူလဲ. . . ဒါ ဘယ်က ကားလဲ!"

အခန်း(၂)

၂၀၀၅ သင်နှစ်၏ ဒုတိယနှစ်ဝက် ပထမရက်ဖြစ်၍ မေဂျာစုံ အတန်းစုံမှ ဆွေမျိုးစုံအောင် တွေ့ရသည်။ အတန်းမတက်ခဲ့ငံတာ ဘောင် ကင်္ဂန်တင်းဖက်တော့ ရောက်ကြသည်။ ဟိုကောင် မလာဘူး လား၊ ဒီကောင်ဘာလုပ်နေလဲ၊ မေးကြသည်။ တွေ့လျှင် စကြနောက်ကြ ပျော်ကြသည်။ ယောကျ်ားလေးတွေမှ မဟုတ်၊ မိန်းကလေးတွေလည်း ထို့အတူ၊ First Semester ဖြေပြီးကတည်းက နှစ်လကျော်ကျော်လေး မတွေ့ကြတာကို နှစ်ပေါင်းနှစ်ရာ ဝေးကွာခဲ့ရသည့်အလား ကြွက်ကြွက် ညံအောင် အလွမ်းသယ်ကြ ပျော်ကြသည်။

ထက်ခေါင် မပျော်နိုင်။ အောင်ထွန်းနှင့် ဗလတို့ ကင်္ဂန်တင်းထဲ ကနေ ဝိုင်းအော်ခေါ်ကြတာကိုတောင် ဂရုမစိုက်နိုင်ဘဲ လက်ဖက်ပြထား

www.burmeseclassic.com

www.burmeseclassic.com

ခဲ့ပြီး ရှုပဇေဒ ပထမနှစ် စာသင်ဆောင်များဖက်ဆီ သုတ်ခြေတင်လာသည်။

"ကိုကြီး"

လှည့်ကြည့်လိုက်တော့ မေသကြိန်နှင့် သူမအတန်းဖော်ကောင်မလေးများ...။

ထက်ခေါင်ခြေလှမ်းတွေကို ချက်ချင်းရပ်ပြီး အရေးကြီးနေတဲ့ ပုံစံမျိုး လှမ်းခေါ်လိုက်သည်။ မေသကြိန် သူ့အဖော်တွေကို ခဏဟုပြောပြီး ခပ်သွက်သွက်လေး လျှောက်လာသည်။

"ငါ.. အခုပဲ နင်တို့အဆောင်ဖက် သွားတော့မလို့.."

"ကိစ္စရှိလား!.."

"အေးဟာ... ငါမေးချင်တာလေးပါ"

"ဘာလဲ.. ဟင်.."

"မနက်က ကားက.."

"ဩော်... အဲဒါ ဦးတင်မောင်လတ်ပါ၊ မမေ့မိတ်ဆွေရတနာကုန်သည် ဒေါ်တင်တင်ကြီးရဲ့သားလေ..၊ အမေရိကားကပြန်ရောက်တာ ရက်ပိုင်းပဲ ရှိသေးတယ်၊ ညက အိမ်မှာပဲ အိပ်ပြီး ဒီမနက် မေတို့ညီအစ်မကို ကျောင်းလိုက်ပို့ပြီး ပြန်တာလေ.."

"အိမ်မှာပဲ အိပ်တယ် ဟုတ်လား!.."

"အင်းလေ... ဘာဖြစ်လို့လဲ၊ ဦးလတ်ကြီးက ဒီလိုပဲ အိပ်နေကျ၊ သူ့အမေနဲ့ စိတ်ဆိုးရင် အိမ်မှာပဲ အိပ်တာ... အဟင်းဟင်း"

"နေပါဦး.. မေသကြိန်... အဲဒီလူနဲ့ မင်းတို့က ဆွေမျိုးတော်လို့လား.."

"အင်း... မမ ကျောင်းပြီးသွားရင်တော့ အမျိုးတော်ရတော့မယ် ထင်တယ်"

"ဘာ... ဘယ်လို.. မေသကြိန်၊ ငါ့ကို ရှင်းအောင် ပြောစမ်းပါ"

အိမ်မြှောင်အမြီးပြတ် ဖြစ်နေသော ထက်ခေါင်ကို ကြည့်ပြီး

မေသကြိန် တခဲခဲ ရယ်လိုက်ပြီးမှ...

"အမှန်အတိုင်း ပြောရရင် မမနဲ့ ဦးလတ်ကြီးကို မမေတို့လူကြီးချင်း သဘောတူထားတယ်၊ တရားဝင်တော့ မစေ့စပ်ရသေးဘူး၊ ကျောင်းပြီးရင်တော့ စီစဉ်မယ်လို့ ပြောသဲကြားတာပဲ"

"ဟာ... မဖြစ်နိုင်ဘူးကွာ၊ မဖြစ်ရဘူး... လုံးဝမဖြစ်ရဘူး"

"ဟောတော်... ကိုကြီးနဲ့ ဘာဆိုင်လို့လဲ!"

ထက်ခေါင် အသက်ပြင်းပြင်းတစ်ချက် ရှူသွင်းပစ်လိုက်ပြီး သက်ပြင်းမောတွေနှင့် ရောကာ မှုတ်ထုတ်ပစ်လိုက်သည်။

"ငါ့ဘဝမှာ မိန်းမတစ်ယောက်ကို အရူးအမူး စွဲလန်းတဲ့စိတ်ပထမဦးဆုံး ဖြစ်စေတာဟာ အိသကြိန်ကြောင့်ပဲ၊ ငါ အိသကြိန်ကို ချစ်တယ်၊ ငါ့ဘဝရဲ့လက်တွဲဖော်လို့လည်း အသေအချာ သတ်မှတ်ထားတယ်"

မေသကြိန် မျက်နှာငြိုးလျော့သွားသော်လည်း ပါးလျသော အပြုံးလေးနှင့် ဖုံးကွယ်ကာထားသည်။

ထက်ခေါင်ဆီမှ စကားသံ မြတ်သွားမှ...

"ကိုကြီး... မမကို ဖွင့်ပြောပြီးပြီလား!"

ထက်ခေါင် အဝေးဆီ ငေးရီစွာ ကြည့်ရင်း ခေါင်းခါပြလိုက်သည်။

"ဟင်း... မုန့်ဆီကြော်က ဘယ်နေမှန်း မသိဘဲနဲ့မျိုး.."

"ညီမလေး.."

"ရှင်.."

ထက်ခေါင် လှည့်အကြည့် မေသကြိန်နှင့် အကြည့်ချင်း ဆုံလိုက်ရသည့်ခဏ မေသကြိန်မျက်ဝန်းအစိပ်ပါယ်ကို နားလည်ခံစားမိကာ ဘာပြောရမှန်းမသိအောင်ဖြစ်သွားသည်။ ဘုရားရေ... ဒီကောင်မလေး။ ထိုထက်ပိုပြီး မတွေးမိအောင် ကြိုးစားမေ့ပစ်ပြီးမှ...

"ငါ့ကို ကူညီပါလား ညီမလေးရယ်.."

"အင်း... ပြောလေ.."

www.burmeseclassic.com

www.burmeseclassic.com

"အဲဒီ. . ဦးတင်မောင်လတ်နဲ့ ငါ့ကို ဆုံခွင့်ရအောင် လုပ်ပေးပါလား. . "

မေသကြိန် ထိတ်လန့်သွားသလို. . မျက်လုံးအကြည့်တွေ တောက်ဖြာသွားသည်။

"ကိုကြီး. . ကိုကြီး. . သူ့ကို. . "

ထက်ခေါင်သဘောပေါက်ပြီး ခေါင်းခါပြလိုက်သည်။

"လုံးဝ လက်ဖျားနဲ့ မတို့ဘူး. . . စိတ်ချ၊ ဒီကရွေ့. . ငါ ဘယ်သူ့ကိုမှ ရိုက်ပုတ်ထိုးကြိတ်တာမျိုး မလုပ်တော့ဘူးလို့ ဆုံးဖြတ်ထားတယ်"

"မဖြစ်ပါဘူး ကိုကြီးရာ. . တော်ကြာ. . "

"ညီမလေး. . . ငါကတိပေးတယ်ကွာ၊ ငါ သူ့ကို လူကြီးလူကောင်းလို သဘောထားပြီး ဆက်ဆံပေးမှာပါ၊ ငါ ရိုးရိုးသားသား ဆွေးနွေးတာကို သူ့ဘက်က မကျေနပ်လို့ လုပ်ချင်တာလုပ်ပါ. . . ငါ ငုံ့ခံမယ်"

မေသကြိန် သက်ပြင်းချကာ သူမ အိတ်ထဲမှ ဒိုင်ယာရီလေး ထုတ်လိုက်သည်။

"သူ့ဖုန်းနံပါတ် ပေးလိုက်မယ်၊ ကိုကြီးဘာသာ ချိတ်ဆက်ကြည့်. . "

"အေး. . . ဖြစ်တယ်ဟာ. . . ကျေးဇူးပဲ. . "

ကာင်္ခတင်းပြန်ရောက်တော့ အောင်ထွန်းတို့အုပ်စု ဇွဲကောင်းစွာ ထိုင်စောင့်နေကြသဖြင့် သူဝင်ထိုင်လိုက်သည်။

အောင်ထွန်းက. . .

"မင်း ဘာတွေ ဖုတ်ပူမီးတိုက် ဖြစ်နေတာလဲ ထက်ခေါင်"

အားလုံးက ထက်ခေါင် ဘာပြောမလဲဟု ဝိုင်းကာ ငုံ့လင့်နေကြသည်။ ထက်ခေါင် ဘာမှမပြောဘဲ လက်ဖက်ရည်တစ်ခွက် မှာကာ ငေးငူစွာ ထိုင်နေ၍ ဗလက. . .

"မင်းအိမ်နဲ့ ကွိုင်နေလို့လား!"

"မဟုတ်ပါဘူး. . "

"ဒါဖြင့်. . ဘာဖြစ်တာလဲ!. . "

ထက်ခေါင်ကို ကြည့်ပြီး ဇော်မျိုးတို့ စိတ်မရှည်တော့သဖြင့် လက်ဖက်ရည်ဖိုး ရှင်းကာ ထပြန်သွားကြသည်။ ဝိုင်းမှာ အောင်ထွန်းနှင့် ဗလသာ ကျန်တော့မှ ထက်ခေါင်က. . .

"ငါ. . ဟိုကောင်တွေရှေ့မှာမို့လို့ မပြောချင်တာ၊ ငါ့မှာ သစ်ပင်

www.burmeseclassic.com

www.burmeseclassic.com

မှ ဖြစ်မယ် မကြံသေးဘူး၊ ရုက္ခစိုးကြီး တက်ညောင့်ဖို့ ခါးတောင်းကျိုက်နေပြီကွ. . .”

ထက်ခေါင်စကားကြောင့် ဗလ မျက်မှန်လေး ချွတ်ကာ ဖုန်သုတ်ပြီး ပြန်တပ်သည်။ နားမလည်နိုင်သလို မျက်မှောင်ကျုံ့ကာ ကြည့်သော အောင်ထွန်းကာ. . .

“ဘာဖြစ်တာလဲကွ. . . ဘယ်ရုက္ခစိုးက ဘယ်အပင်ကို လာညောင့်တာလဲ၊ မင်းက ဘာပင်စိုက်ထားလို့လဲ!”

ဗလကပါ မျက်မှန်လေးကို နှာသီးလေး တွန့်တွန့် မတင်ပြီး. .

“ရုက္ခ. . ရုက္ခစိုးကို မြင်လိုက်ရလား၊ ကြော်ငြာထဲမှာ သူ့အပင်အောက် ချေးလာပါလို့ ဆင်းပြီး ကိုယ်ထင်ပြတဲ့ ဦးတုတ်ပေါ် ပုံစံမျိုးပဲလား”

ထက်ခေါင် ဘာမှမပြောဘဲ ခေါင်းတွေ့ ကုတ်ဖွပစ်ပြီး လက်ဖက်ရည်တစ်ငုံ စုတ်သောက်လိုက်သည်။

ပြီးမှ ပန်းကန်ပြန်ချရင်း. . .

“စောစောက ငါပြောတာ ဥပမာစကား ပုံခိုင်းစကားကွ. . . ၊ မြဿနာက ငှါကောင်မလေးကို ကျောင်းပြီးရင် စေ့စပ်ကြတော့မယ်”

ကောင်မလေးဆိုတာကို အောင်ထွန်း သိထားပြီးသော်လည်း ဗလ မသိသေး၊ ထို့ကြောင့်. . .

“မင်းမှာ ကောင်မလေးဆိုတာရော ရှိလို့လား၊ ငါလည်း မကြားမိ မမြင်မိပါလား”

အောင်ထွန်းက ဝင်ဖြေသည်။

“ရှိတယ်. . . ကျောင်းကပဲ၊ နေတာက ဒီကောင်တွေအိမ်နဲ့ မျက်နှာချင်းဆိုင်. . .”

“ဟာ. . . တယ်ဟုတ်ပါလား၊ ခွေးကောင်. . . နည်းနည်းပါးပါးတောင် အသိမပေးဘူး. .”

ထို့အခါ အောင်ထွန်းက. . .

“သိပ်အထင်ကြီးမနေနဲ့. . . ခုမှ လိုက်တုန်း. .”

“ဟမ်. .”

ဗလက အူတိအူကြောင် ကြည့်၍. . .

“သေချပ်သေနာနဲ့. . . ငါက အဟုတ်မှတ်လို့”

ထက်ခေါင်ကတော့ ဒီမနက်ခင်းတစ်လျှောက်လုံး ရှိနေသော မျက်နှာနှင့်ပင် ငြိမ်ကာနေသည်။ မှာထားသော လက်ဖက်ရည်တစ်ခွက်ကို တစိမ့်စိမ့် ကုန်အောင်သောက်ရင်း တစ်စုံတစ်ခုအပေါ် အလေးအနက်ထား စဉ်းစားနေပုံရသည်။

လက်ဖက်ရည်ခွက်ထဲ သောက်စရာ မကျန်တော့မှ လက်ကိုင်ဖုန်းကို ဖွင့်၍ မေသကြိန် ပေးထားသောနံပါတ်အတိုင်း နှိပ်ကာ ခေါ်လိုက်သည်။

“ဟဲလို. . . ဦးခင်မောင်လတ်ပါလား ခင်ဗျာ. .”

“. . . . . ”

“ဟုတ်ကဲ့. . ကျွန်တော်က အိသကြိန်ရဲ့ချစ်သူပါ. .”

“. . . . . ”

“ခင်ဗျာ. . .”

“. . . . . ”

“ဟုတ်. . ဟုတ်ကဲ့. . ဘယ်ကို လာခဲ့ရမလဲ ခင်ဗျ”

“. . . . . ”

“ကောင်းပါပြီခင်ဗျ”

ထက်ခေါင် ဖုန်းပိတ်ပြီး မျက်နှာပေါ်က အရောင်တစ်ချပ် ကွာကျသွားသလို မြူးသွက်သော အမူအရာ ပေါ်လာသည်။

အောင်ထွန်းတို့ ပိုပြီးစိတ်ရှုပ်သွားပုံရကာ နားမလည်နိုင်အောင် ဖြစ်နေစဉ်. . .

“ကဲ. . . မင်းတို့ လိုက်ဦးမလား!”

“ဘယ်လဲ!. .”

“ငှါကောင်မလေးနဲ့ စေ့စပ်ထားတဲ့လူနဲ့ သွားတွေ့မလို့. .”

“ဟင်. . . မင်းတို့ကိစ္စက လွယ်လှချည်လား၊ အဲဒီလူနဲ့ရော

www.burmeseclassic.com

www.burmeseclassic.com

ရင်းနှီးလား!. . "

"အခုမှ စကားပြောဖူးတာ၊ လူတောင် မမြင်ဖူးသေးဘူး"

"ဟေ. . အေး. . အေးလေ၊ ဒါနဲ့ အခုသွားမှာက"

"မဟာဗန္ဓုလလမ်းထဲမှာ သူ့ကုမ္ပဏီရုံးခန်း ရှိတယ်၊ အဲဒီကို လာခဲ့ဖို့ ပြောလို့ သွားမှာ. . . "

"လိုက်မယ်ကွာ. . . အခြေအနေ မကောင်းလည်း ဝိုင်းဆွဲကြတာပေါ့"

"ဒါပေမယ့် တစ်ခုတော့ မှာထားမယ်၊ ငါကတိပေးထားတာ တစ်ခုရှိတယ်၊ သူ့ကို လုံးဝ လက်ဖျားနဲ့ မတို့ပါဘူးလို့. . . အဲဒီတော့ ဘာဖြစ်ဖြစ်. . . မင်းတို့ ဝင်မပါနဲ့၊ ရပ်သာကြည့်နေကြ. . . ဟုတ်ပြီလား. . "

"အေးလေ. . . ပြီးရော. . "

၁၂ ၁၂ ၁၂ ၁၂

ထက်ခေါင်တို့ ကားငှားကာ မဟာဗန္ဓုလလမ်းသို့ ရောက်လာကြသည်။ ပေးထားသောလိပ်စာက မစ္စတာဘရောင်းနဲ့ မျက်စောင်းထိုး နေရာဖြစ်၍. . .

"မင်းတို့ ဆိုင်က စောင့်ကွာ၊ ငါ သူ့ကို ခေါ်ပြီးထွက်ခဲ့မယ်"

"အိုခေ. . "

လူခွဲကြပြီး ထက်ခေါင်တစ်ယောက်တည်း ကုမ္ပဏီရုံးခန်း ရှိရာသို့ လျှောက်လာခဲ့သည်။ ဇီးရောင်မှန်ချပ်ကြီးများ ကာရံထားသော မြေညီထပ်ရှေ့ ရပ်ပြီး အခြေအနေ ကြည့်လိုက်သည်။ သူ ရပ်နေတာကို အထဲက မြင်ရဟန်တူပါသည်။ အဝင်တံခါးချပ် ဖွင့်ပြီး သူနှင့် ရွယ်တူ လူငယ်တစ်ယောက် ထွက်လာကာ. . .

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲခင်ဗျာ"

"ခြော်. . . ဒါ. . ဦးခင်မောင်လတ်ရဲ့ရုံးခန်းလား!"

"ဟုတ်ပါတယ်. . . ဆရာလည်း ရှိပါတယ်"

ထိုစဉ် ဖြူဖြူပုပုဝန္ဒင့် ကော်လာကတုံးကို ရခိုင်ပုဆိုး သျှားညှိ ရောင်နှင့် တွဲစပ်ဝတ်ကာ ယောကျ်ားကိုင် ပိုက်ဆံအိတ်အနက်တစ်လုံး ချိုင်းကြားညှပ်ထားသော လူတစ်ယောက် အထဲမှ ထွက်ပေါ်လာ၍ လူငယ်လေးက. . .

"ဆရာ. . . ဒီမှာ ဧည့်သည်"

"အေး. . . မြင်လို့ ထွက်လာတာ၊ မင်းလုပ်စရာရှိတာ သွားလုပ်တော့၊ ကားပြန်ရောက်ရင် ကိုယ့်ဆီ ဖုန်းဆက်"

ထို့နောက် လူဖြူဝတုတ်ကြီး အောက်သို့ ဆင်းလာပြီး. . .

"မင်းက. . "

"အိသကြိန်ရဲ့ချစ်သူပါ"

ထိုသို့ မိတ်ဆက်လိုက်သည်နှင့် ပါးဆုံတက်နေသော မျက်နှာကြီး ပြုံးကာ ဖောင်းလာပြီး ထက်ခေါင်အား လက်ကမ်းပေးလိုက်သည်၊ ထက်ခေါင်လည်း ကြောင်အနေရာမှ လက်ကမ်းကာ နှုတ်ဆက်လိုက်ရလေသည်။

"ကျေးဇူးရှင်လေးနဲ့ ခုလို တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတာ ဘုရားမတာပဲ၊ လာ. . . လက်ဖက်ရည်သောက်ရင်း ပြောကြမယ်"

"ကျွန်တော့်သူငယ်ချင်းနှစ်ယောက် မစ္စတာဘရောင်းမှာ ရှိနေတယ်"

www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား. . . အဲဒီကိုပဲ သွားကြမယ်လေ"

ထို့နောက် နှစ်ယောက်အတူ လမ်းတစ်ဖက် ကူးကြသည်။ ဦးခင်မောင်လတ်က လက်ဆွဲနှုတ်ဆက်စဉ်တတည်းက ဆုပ်ထားသော လက်ကို မလွှတ်၊ လမ်းတစ်ဖက်ရောက်သည်အထိ မလွှတ်သဖြင့် ထက်ခေါင် မသိမသာ ရုန်းကြည့်သည်။

ရုန်းလို့မရသဖြင့် ထက်ခေါင် မသိမသာ လှည့်အကြည့် သူ့ကို အပျိုဖြန်းမတစ်ယောက်၏ မျက်လုံးအကြည့်မျိုးနှင့် မော့ကြည့်ကာ ပြုံးနေသောမျက်နှာကြောင့် ကြက်သီးမွေးညှင်း ထကာ စိတ်ထဲမှာ ဒညင်းသီး 'ပအာ' သလို ခံစားလိုက်ရသည်။

"မင်းနဲ့ဆိုတော့ အိသကြိန် အရမ်းက်ကောင်းတာပေါ့၊ တို့သာကဲဆိုးတာပါဟယ်. . . အဟင်း. . ဟင်း. . "

(ဘုရားကယ်ပါ)

ထက်ခေါင် ဘုရားတကာ သူ့လက်ကို လန့်ဖြတ်ရုန်းထွက်ပစ်လိုက်သည်။

လက်က လွတ်ထွက်လာသည်။

ဆိုင်ရှေ့လည်း ရောက်လာလေသည်။

သို့သော် ဦးခင်မောင်လတ်က သူ့ခါးကို ဖက်ပြီး ဆိုင်ထဲဝင်တော့၏။

အောင်ထွန်း လက်လှမ်းပြ၍ ထိုနေရာသို့ လျှောက်သွားကာ အောင်ထွန်းနှင့် ဗလကြား အတင်းတိုးဝင်ကာ ထိုင်တော့သည်။

"ဒီဖက်မှာ ထိုင်လေကွာ"

"ဟို. . ဟိုဖက် နည်းနည်းတိုးလိုက်ပါ ဗလရာ"

ဗလ အူလည်လည်နှင့် တိုးပေးလိုက်သဖြင့် ထက်ခေါင် သက်ပြင်းခိုးရှိုက်ကာ ဝင်ထိုင်လိုက်လေသည်။

ရုံးခန်းရှေ့မှာအထိ ဘာပြဿနာမှ မရှိ၊ လမ်းဒီဘက်ကူးလာကာမှ ရုတ်တရက် ဘဝပြောင်းသွားသော ဦးခင်မောင်လတ်ကို ကြည့်ကာ ပျို့ချင်လာမိသည်။

ရှက်လည်း ရှက်မိသဖြင့် ရိုက်လွှတ်ပစ်လျှင် ကောင်းမလားဟုတွေးသေးသည်။

မဖြစ်၊ အချုပ်ခန်းရှေ့မှာ ဦးမြတ်ကျော် ဒုတိယအကြိမ် လာရပ်ပေးရသောအဖြစ်မျိုး နောက်ထပ် ဘယ်တော့မှ မဖြစ်စေရ။

"သူ့နာမည်ကိုလည်း ပြောဦးလေ"

အားနဲ့သူတို့ လေသံမျိုးကြောင့် အောင်ထွန်းတို့ ဆံပင်မွှေးတွေထောင်ကုန်သည်။

ထက်ခေါင်က တံတွေးမျိုချပြီး. . .

"ကျွန်တော့်နာမည် ထက်ခေါင်ပါ၊ သူက အောင်ထွန်း၊ သူက ဗလကျော်စွာ"

"ဟယ်. . . ချစ်စရာလေးတွေချည်းပဲ၊ အဟင်းဟင်း. . . တို့လေ မြန်မာပြည် ပြန်ရောက်ရောက်ချင်း ကဲပွင့်ဂါထာ နေ့တိုင်းရွတ်နေတာ. . . သိလား၊ ခုမှပဲ ပွင့်တော့တယ်. . အဟင်းဟင်း. . "

နဂိုရိုးကမှ ပိန်ပိန်ပါးပါး ဗလခန္ဓာကိုယ်လေး ပိုပြီးကျဲသွားကာ သူ့ဘက် မသိမသာ ကပ်တိုးစဉ် ဗလတစ်ကိုယ်လုံး တုန်ခနဲ ဖြစ်ကာ ရပ်သွားသည်။

ဦးခင်မောင်လတ် ဗလ၏ ဘယ်နေရာကို ကိုင်ပြီးဆွဲတန့်လိုက်သည်မသိ။ ခုံစွန်းနှင့်ကွယ်နေပြီး ချောင်းငဲ့ကြည့်လို့လည်း မတော်သဖြင့် မအော်ရုံတမယ် ရှဲ့တွေနေသော ဗလကိုကြည့်ကာ. . . ခါးပဲ ဖက်ပါစေဟု ကြိတ်၍ ဆုတောင်းနေမိသည်။

ထို့နောက် ထက်ခေါင်က မြန်မြန် ဇာတ်လမ်းကို ဖြတ်သည့် သဘောနှင့်. . .

"အိသကြိန်နဲ့ ဒီက ဦးခင်မောင်လတ်ကိစ္စကို ကျွန်တော် သိချင်လို့ပါ"

သူ့စကားကြောင့် ဦးခင်မောင်လတ် လက်အနေအထား ပြောင်းသွားသည်။

ဗလလည်း သုတ်ခနဲ ထရပ်ကာ ထက်ခေါင်နှင့် အောင်ထွန်း

www.burmeseclassic.com

www.burmeseclassic.com

ကြားသို့ ခုံနှင့်တကွ ဝင်တိုးလေတော့သည်။

အောင်ထွန်းက. . .

"ဘာဖြစ်တာလဲ ဗလရာ!"

"မမေးနဲ့. . . မကျေနပ်ရင် မင်းသွားထိုင်"

အောင်ထွန်း ရွှေ့ပေးလိုက်၍ ဗလ စိတ်သက်သာရာရကာ ဝင်ထိုင်လေသည်။ ဦးခင်မောင်လတ်က အောင်ထွန်းခါးကို လှမ်းဖက်ထားလိုက်တော့၏။

အောင်ထွန်း တွန့်ကနဲဖြစ်ကာသွားသည်။ သို့သော်. . . ဦးခင်မောင်လတ်က ဘာမှမဖြစ်သလိုဟန်နှင့်. . .

"အမှန်တော့ တို့ရဲ့ကံဆိုးမိုးမှောင်ကျမှုပါ ထက်ခေါင်ရယ်၊ မာမီပေါ့. . . အရမ်းတွေ လျှောက်စီစဉ်နေတာ၊ တို့က မိန်းမယူရမှာလား. . . စဉ်းစားကြည့်ပါဦး. . "

"ဟုတ်တယ်. . . ခင်ဗျားက ယောကျ်ားယူရမှာ. . "

ထက်ခေါင် ညစ်ကျယ်ကျယ် ထောက်ခံပေးလိုက်တာကိုပဲ အနှီပုဂ္ဂိုလ်ကြီး သဘောခွေ့ကာ အောင်ထွန်းရှိရာဖက်သို့ အသာအယာတိုးရွှေ့သွားသည်။

အောင်ထွန်းမျက်နှာ ချွေးများပင် စို့ပြုလာတော့သည်။

"အခု. . ထက်ခေါင်က ဘယ်လိုလုပ်မှာလဲ!. . "

"ကျွန်တော့်သဘောက ရှင်းပါတယ်၊ အိသကြိန်အတွက် ကျွန်တော်ပဲဖြစ်ရမယ်၊ အဲဒီတော့ ဦးခင်မောင်လတ် နောက်ဆုတ်ပေးပါ. . "

"အိုး. . . အဝေးကြီးကို ဆုတ်ပေးမှာ. . . မပူနဲ့ သိလား၊ လိုတဲ့အကူအညီရှိရင် ပြောဦး. . ပေးဦးမှာ. . တို့လေ. . တို့. . "

"ထက်ခေါင်. . "

အောင်ထွန်း ကတုန်ကယင်သံကြီးနှင့် လှမ်းခေါ်ကာ မျက်နှာပြယ်လေးနှင့် ကြည့်သဖြင့် ထက်ခေါင် သဘောပေါက်ပြီး. . .

"အိုခေ. . . ကျေးဇူးပဲ ဦးခင်မောင်လတ်၊ ကျွန်တော် နောက်ထပ် ဖုန်းဆက်ပါဦးမယ်"

"ဟယ်. . . သွားတော့မလို့လား!"

"ကျွန်တော်တို့ ကျောင်းကနေ လာတာ. . . အတန်းတက်ရဦးမယ်"

ထက်ခေါင် ထရပ်သဖြင့် ဗလနှင့်အောင်ထွန်းတို့ ထိတ်ထိတ်ပျာပျာ ထကာ ရပ်ကြသည်။ အောင်ထွန်းကတော့ လွတ်သည်နှင့် ဆိုင်ထဲမှ တစ်ချို့တည်း ထွက်ပြေးလေသည်။

"ဟဲ့. . . ဖုန်းဆက်နော်. . . သိလား. . "

ထက်ခေါင်တို့ လစ်ကြသည်။ သူတို့ရှေ့ အတော်ဝေးဝေးရောက်နေသော အောင်ထွန်းကို ကြည့်ပြီး ငိုရမလို ရယ်ရမလို ဖြစ်ကုန်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၃)

မျက်ရည်တွေနဲ့ အခန်းထဲ ပြေးဝင်လာတဲ့ အစ်မဖြစ်သူကို ကြည့်ပြီး မေသကြိန် အံ့အားသင့်ကာ စာကြည့်စားပွဲမှ ထရပ်လိုက်သည်။ အိသကြိန် ခုတင်ပေါ် ပစ်မှောက်ကာ တအင့်အင့် ငိုချလိုတ်သဖြင့် မေသကြိန် ရပ်ကြည့်မနေနိုင်တော့ဘဲ အစ်မဖြစ်သူ၏ ခုတင်ဆီ လျှောက်သွားကာ ဝင်ထိုင်၍...

"မမ.. ဘာဖြစ်တာလဲဟင်!၊ ညီမလေးကို ပြောဦးလေ"

အခန်းတစ်ခန်းတည်းမှာ ခုတင်နှစ်လုံး ထားပြီး စာကြည့်စားပွဲ၊ ဗီဒို၊ မှန်တင်ခုံကအစ တစ်ယောက်တစ်စုံစီ ထားပေးထားသော်လည်း စာကြည့်စားပွဲသာ ခွဲသုံးပြီး ကျန်တာ အတူတူ သုံးကြသည်။ ခုတင်နှစ်လုံးကိုတောင် ကြိုက်တဲ့ခုတင်မှာ အတူတူ အိပ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့်လည်း ညီအစ်မနှစ်ယောက် အပြန်အလှန် ချစ်ခင်စောင့်ရှောက်မှုက ချစ်စရာကောင်းအောင် နွေးထွေးမှု ရှိလှသည်။ ယခုလည်း အကြီးမ ဝမ်းနည်းပက်လက်ဖြစ်နေ၍ အငယ်မ စိတ်မကောင်းဖြစ်စွာ နှစ်သိမ့်နေရှာသည်။

"မေမေ ဆူလို့လားဟင်. . . မေမေက ဒီလိုပဲလေ မမရဲ့၊ မနက်က ညီမလေးတောင် အဆူခံရသေးတယ်"

"မဟုတ်ဘူး. . ဟင့်. . အင့်. . ငါ့ကို ဟိုအခြောက်ကြီးနဲ့ တကယ်ပေးစားမှာတဲ့. . ဟင့်. . ရွှတ်"

"အဲဒါ ကျောင်းပြီးမှ မဟုတ်လား!"

"ကျောင်းပြီးဖို့ ဘယ်လောက်မှ မကျန်တော့ဘူးလေဟာ၊ ဟင့်. . ရွှတ်. . ငါတော့ သေချင်တာပဲ. . "

"ဖေဖေရော သဘောတူလား!"

"မေမေပြောရင်. . ဖေဖေ ဘယ်တုန်းက ငြင်းလို့လဲ. . . ဟင့်. . . ဟီး. . . "

"မငိုပါနဲ့ မမရယ်. . . ညီမလေးတို့ အချိန်ရပါသေးတယ်"

"ငါတော့ အဲဒီလူကြီးကို လင်လုပ်မယ့်အစား သတ်သေပစ်မယ်. . "

"မမ. . "

"သေ. . သေလေ. . အခု သွားသေလိုက်. . . သွား"

"ဟင်. . . မေမေ"

မေသကြိန် ခုတင်ပေါ်က ပြေးဆင်းလာပြီး ဒေါ်မြမို့ကို ဝင်ဖက်သည်။

"ဖယ်စမ်း မေသကြိန်၊ မိဘက သင့်တော်လို့ စီစဉ်တာကို နင်ကများ. . . ဟင်း၊ အဲဒါ နင့်နောင်ရေးအတွက်ဆိုတာ နားလည်လား၊ သူ့ဘာသာ အခြောက်မကလို့ ဘာဖြစ်ဖြစ်၊ ယောကျ်ားဟာ ယောကျ်ားပဲ၊ အဓိက စီးပွားရေးဆိုတာ နင့်ခေါင်းထဲ ထည့်ထားလောကမှာ ပိုက်ဆံရှိမှ သာယာမှုကို ဖန်တီးနိုင်တယ်ဟဲ့. . . နားလည်

ရဲ့လား"

"နေပါဦး မေမေရယ်၊ မမကို နားဝင်အောင် သမီးလည်း ဝိုင်းပြောပါ့မယ်. . နော်. . မေမေ"

"ဟင်း. . . ကြာပါတယ်အေ၊ ရှေ့လထဲမှာ နားဖောက်ဖို့ စီစဉ်မယ်၊ ကျောင်းပြီးတာနဲ့ ပေးစားမယ်"

ပြောပြီး မေသကြိန်ကို တွန်းဖယ်ကာ အခန်းထဲက ပြန်ထွက်သွားသော မိခင်နောက်မှ မေသကြိန် လိုက်ပြီး အခန်းတံခါးကို စေ့ပိတ်ကာ ချက်ချထားလိုက်သည်။ ပြီးမှ ခုတင်ဆီ ပြန်လျှောက်လာကာ တသိမ့်သိမ့် ရှိုက်ငိုနေသော အိသကြိန်ဘေးမှာ ဝင်ခွေလိုက်တော့၏။

၅ ၅ ၅ ၅

"မင်းတို့အကူအညီ လိုတယ်"

ထက်ခေါင်စကားကြောင့် ဗလ သောက်နေသော လက်ဖက်ရည်တွေ ဖူးခနဲ ပြန်ထွက်ကုန်သည်။ အောင်ထွန်း ပိုက်ဆံရှင်းပြီး ထပြေးဖို့ ကြံစည်နေလေသည်။

ထက်ခေါင်က အောင်ထွန်းလက်ကို လှမ်းဆွဲထားပြီး. . .

www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ ငါ့ကို တကယ်မကူညီဖို့ ဆုံးဖြတ်သလား!"

အောင်ထွန်း ခေါင်းတွေ ကုတ်ကာ ရှုံ့မဲ့မဲ့နှင့်...

"ထက်ခေါင်ရာ... မင်း အဲဒီကိစ္စကလွဲလို့ တခြားအကူအညီ ကြိုက်တာတောင်းကွာ.."

"ငါ့အတွက်တော့ ဒီကိစ္စ အရေးကြီးဆုံးပဲ.."

"အသေသာ သတ်လိုက်ပါတော့ ထက်ခေါင်ရာ၊ အဲဒီဟာကြီးကို... ဟီးဟီးဟီး..."

"မင်းတို့လည်း အချဉ်တွေ မဟုတ်ပါဘူး အောင်ထွန်းရာ၊ ငါလည်း သိပါတယ်... အခုကိစ္စက ငါနဲ့ အိသကြိန် အဆင်ပြေတဲ့အချိန် အထိ ဒီပုဂ္ဂိုလ်ကြီးကို ခဏလေး အာရုံလွှဲထားပေးရုံပဲ"

"ဘာ.. ခဏလေး.. ဟုတ်လား၊ မင်းတို့က ဘယ်တော့ အဆင်ပြေမှာလဲ.."

"လာမယ့်နှစ် သကြိန်မှာ အပြီးဇာတ်သိမ်းမယ်"

"ဟေ့ကောင်... အခုမှ သကြိန်ပြီးတာ ဘယ်နှစ်လ ရှိသေးလို့လဲ၊ လုပ်မနေနဲ့... အခုထဲက ဝင်သိမ်း... ရအောင်သိမ်း၊ ခွီးမှဲ့ လာမယ့်နှစ်သကြိန်အထိ မင်းဟာကြီးကို ထိန်းရရင် ငါတို့လည်း လူညွှန့်တုံးပြီး တိမ်းသွားလိမ့်မယ်"

ဗလကတော့ သူနှင့် မဆိုင်တဲ့ပုံစံမျိုး မသိကျိုးကျွံပြုနေလို့ ထက်ခေါင်က...

"မင်းမှာလဲ တာဝန်ရှိတယ် ဗလ.."

"ဟေ!.."

"ဟိုပုဂ္ဂိုလ်ကြီးက မင်းတို့နှစ်ယောက်ကို ခိုက်တာတော့ အမှန်ပဲ"

"ဟမ်.."

"ဘာပဲပြောပြော... အောင်ထွန်းနဲ့စာရင် မင်းက ငါ့ကို ပိုပြီး ကူညီရမယ် ဗလ.."

ဗလ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်ကာ ထက်ခေါင်ကို အသ

နားခံသည့်အကြည့်နှင့် ကြည့်သည်။

ထို့နောက် အဟာရပြတ်နေသော အသံမျိုးနှင့်...

"ငါ့ခန္ဓာကိုယ်နဲ့ ခံနိုင်ရည်ကိုလည်း အကဲခတ်ပါဦး သူငယ်ချင်းရာ... ငါ့.. ငါ့မှာ နှလုံးရှိတယ်ကွ.."

"နှလုံးကတော့ အကုန်ရှိတယ် ဗလ၊ လုပ်မနေနဲ့... မဖြစ်မနေ ခံရမယ့်အတူတူတော့ မျှခံ.. ဒါပဲ.."

အောင်ထွန်း ဝင်ဖြည့်သဖြင့် ဗလ မပြောသာတော့ဘဲ ရေနွေးချည်း ဖိသောက်နေတော့သည်။

သူတို့အုပ်စုထဲမှာ ဗလက ခပ်မွဲမွဲ။ မိဘများက သာမန်လက်လုပ်လက်စားများဖြစ်၍ သူနှင့်အောင်ထွန်းတို့လောက် မသုံးနိုင်၊ ရံဖန်ရံခါ ကျောင်းလခနှင့် ဘာကြေးညာကြေးများပင် သူနှင့်အောင်ထွန်းတို့က ဝိုင်းပေးကြရသည်။

အသုံးစရိတ်နှင့် အခြားဟာဟီရကိစ္စကိုတော့ မဆိုသာတော့ပြီ။

သို့သော် သူတို့အုပ်စုထဲမှာ ဗလက စွံသည်ဟု ပြောရမည်။ ပထမနှစ် တက်စကတည်းက အီးမေးကွာက ကောင်မလေးနှင့် အတွဲမိခဲ့သည်။ ထိုကောင်မလေးသည် ဗလလို ပိန်ပိန်သွယ်သွယ် မျက်မှန်လေးနှင့်ဖြစ်၍ အရိုးနှင့်အရေလို အလွန်ရှေ့သွားနောက်လိုက် ညီလှပေသည်။

ထက်ခေါင်နှင့်အောင်ထွန်းကတော့ မစွံ။ ကျောင်းသာ ပြီးတော့မည်၊ တစ်တွဲမှ မချိတ်၍ အိတ်ထဲ လက်နှိုက်လျှောက်ကာ ကျောင်းပြီး သွားလျှင် အတွဲရှာဖို့သက်သက်အတွက် ပထမနှစ်ကနေ ပြန်တက်ရမလိုဖြစ်နေသည်။ ယခုတော့ ထက်ခေါင်ပင် စွံတော့မလိုလို ရှိ၍ အောင်ထွန်းတစ်ယောက် မျက်နှာငယ်သွားသည်။

ထို့ကြောင့် ကင်(နှ်)တင်းက ထွက်လာပြီး အတန်းထဲ မဝင်ခင် မေသကြိန်တို့အဆောင် ခေါ်ထုတ်လာခဲ့သည်။ ဗလက သူ့ကောင်မလေးနှင့် ချိန်းထားသည်ဟု ဆို၍ နေခဲ့သည်။

"မင်းကို ငါ အခုပြမှာ ငါ့ကောင်မလေးရဲ့ညီမကွ၊ အခုမှ First

www.burmeseclassic.com

www.burmeseclassic.com

year တက်နေတာ၊ မင်းသဘောကျရင်တော့ ငါဖန်တီးပေးမယ်"

"အေးပါကွာ. . . မကျိုးမပဲ့သေးဘူးဆိုရင် ရတာလေးနဲ့ ကျေနပ်ရမှာပေါ့"

"အဲမာ. . . ငါ့ခယ်မလောင်းကိုများ"

"ထွီ. . . ကြီးကြီးကျယ်ကျယ်. . . သူ့အစ်မနဲ့တောင် ဘာမှန်းမသိသေးတဲ့ကောင်က"

"တော. . . ဟိုမှာ. . . "

ထက်ခေါင်ပြရာသို့ အောင်ထွန်း အပြူးအပြဲ လှမ်းကြည့်သည်၊ အဆောင်အပြင်ဖက် ထွက်လာသော သုံးယောက်ကို ကြည့်ပြီး. . .

"အလယ်က တစ်ယောက်လား!"

"အမှန်ပဲ. . "

"ဟား!. . "

ဟားဆိုပြီး အောင်ထွန်း အသက်ရှူမှားကာ ငြိမ်သွား၍ တဲတောင်နှင့် တွက်ကာ သတိပေးလိုက်သည်။

"ကိုကြီး. . "

"ဝေး. . "

"အတော်ပဲ. . . ညီမလေးတို့ကို တစ်ခုခု လိုက်ကျွေး"

"ရတယ်. . . ကင်(နှ)တင်းပါ ဝါးစားလိုက်၊ ကိုယ်ရှင်းမယ်"

အောင်ထွန်း ဝင်ပြော၍ မေသကြိန်က အောင်ထွန်းကို မျက်စောင်းလေး ခဲကာ ကြည့်ပစ်သည်။

"ကိုကြီး. . . နောက်တစ်ခါ ညီမလေးဆီ လာရင် အမှိုက်တွေသယ်မလာနဲ့. . "

"ဟာ. . . အမှိုက်မဟုတ်ပါဘူး ညီမလေးရာ၊ ငါ့သူငယ်ချင်းပါ ရုက္ခဗေဒ နောက်ဆုံးနှစ်၊ တောခေါင်းလေး ဖြစ်တော့မှာ"

"အဲဒါဆိုလည်း ပတ္တမြားအဝိုင်း ဟိုဖက်က တောထဲ လွှတ်လိုက်ပါလား. . "

"ဟားဟားဟား. . . တွေ့လား အောင်ထွန်း၊ အဲဒါ ငါ့ညီမကို

ငါလိုပဲ ခပ်စွာစွာ. . "

အောင်ထွန်းအတွက်တော့ ထိုစွာတာတာလေးပင် သာသာယာယာ ဖြစ်နေပုံရကာ မေသကြိန် ဘာပြောပြော အပြုံးမပျက်ဘဲ တဟဲဟဲသာ ရှိနေသည်။

ထို့နောက် မေသကြိန်တို့၏မေကျာကင်(နှ)တင်းမှာပဲ ဝင်ထိုင်ဖြစ်ကြသည်။

"ညီမလေးတို့ ခေါက်ဆွဲပြုတ် စားမယ်၊ ကော်ဖီသောက်မယ်"

"အို့ခေ. . "

အောင်ထွန်း သွက်လက်စွာပင် ကိုယ်တိုင်ထ၍ သွားသည်။

အောင်ထွန်း ထွက်သွားမှ မေသကြိန်က. . .

"ကိုကြီး. . အဲဒါ ဘာလဲ. . အူကြောင်ကြောင်နဲ့. . "

"သဘောကောင်းပါတယ်ကွ. . . စိတ်ကောင်းလည်းရှိ၊ ပိုက်ဆံလည်း ရှိတဲ့ကောင်မို့လို့ ညီမလေးအတွက် မိတ်ကောင်းဆွေကောင်းရအောင် ခေါ်လာပြီး မိတ်ဆက်ပေးတာ"

"ဟင်. . . ညီမလေးက အဲ့သလို ထုံအအတွေ့ စိတ်မဝင်စားပါဘူး"

"သြော. . . ညီမလေးက အဲဒါ ခက်တာပေါ့၊ လောကမှာ ဆန့်ကျင်ဘက် ဆွဲဆောင်မှုမှ မြဲတဲ့သဘောကို ဆောင်တာ"

"ဟုတ်တယ်. . . သကြိန်ရဲ့၊ တို့လူနဲ့တို့ဆို နေ့တိုင်း ရန်ဖြစ်နေရတာ၊ စိတ်တောင် ညစ်တယ်၊ သိတဲ့အတိုင်း နှစ်ယောက်စလုံးက သေးသေးအတင်မခံတဲ့လူတွေလေ. . "

"ငါတို့နှစ်ယောက်ကတော့ ထိုင်နေရင်း အအေးပတ်ပြီး သေမှာတောင် ကြောက်ရတယ်. . . ရေခဲတုံးတွေလေ"

"အဲမာ. . . နင်တို့က ငါ့ကို ဝိုင်းမနေတာပေါ့လေ"

"အခိခိခိ. . . ကိုယ့်အစ်ကိုက ကောင်းတယ်ထင်လို့ စီစဉ်"

"ရှူး. . . ဟိုမှာ လာနေပြီ"

ထက်ခေါင် လှည့်ကြည့်တော့ စေတနာတွေ နာဂစ်မုန်တိုင်း

www.burmeseclassic.com

www.burmeseclassic.com

ဝင်သလို ဝင်နေသော အောင်ထွန်းတစ်ယောက် ခေါက်ဆွဲပြုတ်ပွဲများအား ကိုယ်တိုင် ဘန်းနှင့် မကာ ယူလာသည်။

"ညလေးတို့ စားကြ၊ ဟဲ. . ဟဲ. . ဟဲ. . အဝစားနော်"

မေသကြိန်တို့ ပြုံးစိစိနှင့် မြူးမိကုန်ကာ ယူ၍စားသောက်ကြသည်။

"ကိုကြီးတို့ကရော. . . "

"အစ်ကိုတို့က စားပြီးပြီ. . . ညလေး စား"

အောင်ထွန်း အရမ်းကို အာသွက်ခရာဖြစ်နေတော့၍ ထက်ခေါင်ပင် အမြင်ကတ်လာကာ. . .

"ဘာမှ မစားရသေးဘူး ဟေ့ကောင်၊ ငါလည်း ဝိုက်ဆာတယ်၊ ကြာဆဲကြော် မှာကွာ၊ သွား. . သွား. . သူတို့လိုမဲ့ မင်းကိုယ်တိုင် စောင့်ယူလာခဲ့၊ ကြက်နော်. . ကြက်နဲ့. . "

အောင်ထွန်း အောင့်သက်သက်နှင့် အသံတိတ် ဆဲကာ ထွက်သွားလေသည်။

"ကိုကြီး. . "

"ပြော. . "

"ဦးလတ်ကြီးနဲ့ တွေ့ပြီးပြီလား!"

"အေး. . . အဆင်ပြေတယ်ကွ"

"ပြေမှာပေါ့. . . အခြောက်ကြီးဟာကို"

"ဟာ. . . အဲ့သလိုတော့ မပြောဘူး. . ညီမလေးရာ. . "

"အင်း. . . ထား၊ ညီမလေးလည်း ကိုကြီးနဲ့ တိုင်ပင်မလို့"

"အင်း. . . ပြော. . "

"မမ အရမ်းစိတ်ညစ်နေတယ်"

"ဟင်. . . ဘာဖြစ်လို့လဲ!. . "

"အဲ့ဒီဦးလတ်ကြီးနဲ့ မေမေက စီစဉ်မယ်ဆိုလို့. . "

ထက်ခေါင် သက်ပြင်းချကာ ဘာပြောရမှန်းမသိဖြစ်သွားသည်။ အောင်ထွန်းပြန်ရောက်လာသည်။ ကြာဆဲပွဲတော့ မပါ. . ။

"ဘယ်မှာလဲ... ကြာဆဲကြော်. . "

"မှာခဲ့ပါတယ်ကွာ. . . အခုလာပို့မှာ. . "

"လာရင် မင်းပဲ စားလိုက်တော့ကွာ. . "

ထက်ခေါင် ထရပ်လိုက်သဖြင့် အောင်ထွန်း လန့်ဖြတ်သွားပြီး. . .

"ဟာ. . . မင်းက ဘယ်လဲ!"

"ဒီနား ခဏကွာ"

"ကိုကြီး. . "

"ခဏလေးပဲ ညီမလေး. . "

စိတ်ထဲ ရုတ်တရက် ဖြစ်ပေါ်လာသော နာကျင်ခံစားမှုကြောင့် ထွက်လာပြီးမှ သူမနှင့် တွေ့လျှင် ဘာပြောမလဲ ဆိုသောအတွေးက သူ၏ခြေလှမ်းတွေကို ဆွဲတုန့်ပစ်လိုက်သည်။

ဒီအတိုင်းကြီး ထွက်လာ၍ အောင်ထွန်းတို့ သူ့ကို လှမ်းကြည့်နေမှာ သေချာပါသည်။ ခြေလှမ်း ဆယ်လှမ်းစာပင် မပြည့်သေးသော နေရာ၌ တောင့်တောင့်ကြီး ရပ်နေသော သူ့ကို အောင်ထွန်းနှင့် မေသကြိန်တို့ ချာတိတ်မအုပ်စု ဘယ်လို တွေးမြင်ကြမည်နည်း။ ပြီးတော့ သူ ရောက်နေသည့်နေရာက ကျောင်းပတ်လမ်းပေါ်လည်း မဟုတ်၊ ကင်(နှ်)တင်းလည်း မဟုတ်၊ အရိပ် အကာလည်း မရှိ။ တော်နေသေးတာက ကားလမ်းပေါ်မှ ကင်(နှ်)တင်းဘက် ဆင်းသော လူသွားလမ်းလေးပေါ်မှာ ရောက်နေ၍သာ။

ဒါတောင် ဘေးက ဖြတ်သွားသော မိန်းကလေးတစ်စုက နေကသိုးကား ရှုနေတာလား မသိဘူးဟဲ့. . . ဟု တီးတိုးပြောသွားသဖြင့် ဒေါသဖြစ်လိုက်ရသေးသည်။ ခုမှ ဒုက္ခ၊ ကင်(နှ်)တင်းဘက် ပြန်လှည့်ထိုင်လို့လည်း မဖြစ်၊ အိသကြိန်ကိစ္စ ကြားလိုက်ရ၍ စိတ်ထိခိုက်သွားပုံမျိုး မြင်ထားသော မေသကြိန်၏အမြင်ကို ပြောင်းပစ်လိုက်လို့ မဖြစ်သေး။ ကဲ. . ကွာ. . ။

သူ အံတစ်ချက်ကြိတ်ကာ ခြေလှမ်းကို စတင်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုခြေလှမ်း၏ဦးတည်ရာကို ဓါတုဗေဒ နောက်ဆုံးနှစ် အဆောင်ဖက်ဟု သတ်မှတ်ပေးလိုက်သည်။ ပြီးတော့. . . ဒီနေ့ အိသကြော်ကို ချစ်တယ်ဆိုတဲ့စကား မကြားကြားအောင် ပြောရမည်။ ကိုယ်ချစ်တဲ့ မိန်းကလေးတစ်ယောက်ကို ချစ်တယ်လို့ ပြောတဲ့ကိစ္စ လူတစ်ယောက်ရဲ့ခေါင်းကို ရိုက်ခွဲရတာလောက် ကြီးလေးမှု မရှိ၊ အချုပ်ခန်း မရှိ၊ လိုက်ခွေးမယ့် အာမခံမယ့်လူကိုလည်း မျှော်လင့်နေစရာ အကြောင်းမရှိ၊ တစ်ခုပဲ ရှိသည်။ တစ်ဖက်က မကျေနပ်လို့ မော်ကွန်းထိန်းရုံးကို တိုင်လျှင် တော့. . .

ထက်ခေါင် ခြေလှမ်းတွေ အရှိန်ပျော့သွားသည်။ ကိုယ့်ကိုယ် ကိုလည်း သွေးကြောင်သူအဖြစ် မြင်ကာ ဘာသာကျိန်ဆဲနေသည်။

ထိုအခိုက်မှာပင် အတွေးတစ်စက အရှိန်ပြင်းစွာ ဖြတ်ဝင်လာပါသည်။

(အိုကွာ. . . ရုံးတက်ရတာ လေခါးထောင်စရာမှ မလိုဘဲ၊ လမ်းလျှောက်တက်ရတာ၊ တိုင်ကွာ. . . တက်မယ်)

"ထက်ခေါင်. . "

"ဟမ်. . . "

တိတ်ဆိတ်ခြောက်ကပ်လွန်းလှသော အမှောင်ညမျိုး၊ ထိုညများမှာ သချိုင်းကုန်းနှင့် နီးသောလမ်းမျိုး၊ ထိုလမ်းမှာမှ သရဲအလွန်ခြောက်သဖြင့် ဘယ်သူမှ မသွားရဲသောလမ်းမျိုး၊ ထိုလမ်းပေါ်မှာ သူ ရောက်နေပြီး ရုတ်တရက် နောက်ကနေ ငြိကနဲ အသံပေး ခြောက်လှန့်ခံလိုက်ရသလိုမျိုးဟု ပြောလျှင် ထက်ခေါင်၏ထိတ်ဖျာတုန်ခါသွားမှုကို လုံလောက်မည် ထင်ပါသည်။

လုံလောက်စရာအကြောင်းကလည်း ရှိနေသည်။ ထိုအသံက သူ့ရင်တစ်ခုလုံးကို အေးစက်သော အာဝေဇ္ဇနှင့် ငုံထားခံရသော. . အိသကြော်၏အသံဆိုတာ သူ၏မှတ်ဉာဏ်က ထက်သန်စွာ လက်ခံထားသောကြောင့်ဖြစ်သည်။

ထက်ခေါင်တစ်သက် တစ်ဘဝမှာ. . ကြောက်ဒူးတုန်သည့်

ဆိုသောအဖြစ်မျိုးကို စာထဲမှာ ဖတ်ဖူးပြီး ရုပ်ရှင်တွေထဲမှာသာ ကြည့်ဖူးသည်။ မကြုံဖူးသေး၊ ခုတော့ ကိုယ်တိုင် ဒူးဆတ်ဆတ်တုန်နေတာကို ခံစားမြင်တွေ့ရကာ 'မယုံမရှိနဲ့. . . လက်တွေ့' ဟု စာတန်းထိုးပြချင်တော့သည်။

သူလှည့်ကြည့်သဖြင့် သူမ နွဲ့နွဲ့လေး လျှောက်ကာ ရောက်လာပါသည်။

"ငါ. . နင်တို့အဆောင်ဖက် ရောက်သေးတယ်၊ မတွေ့လို့ ညီမလေးဆီ သွားမလို့"

သူ တတ်နိုင်သမျှ စိတ်ကို စုစည်းပြီး တံတွေးမျိုချသည့်နည်းနှင့် တည်ငြိမ်အောင် လုပ်ရသဖြင် လည်ဇလုတ်က အတက်အဆင်း အတော်ကြာကြာ ဖြစ်သွားသည်။

ဒါကို သူမ မြင်ပြီး. . .

"နင်. . ဘာဖြစ်လို့လဲ!"

"ဟင်. . ဟို. . ဟိုလေ၊ ကြာဆံကြော် စားလိုက်တာ ငါးရိုး မျက်သွားလို့. . "

"ဟယ်. . . ကြာဆံကြော်ထဲ ဘယ်က ငါးရိုးက ပါလာတာလဲ"

"ဩော်. . . ဒီလို၊ ဗလ ထမင်းဘူးထဲက ငါးကြော်လည်း ယူစားလိုက်တယ်လေ"

"ဟုတ်လား. . . အခု ဘယ်လိုနေသေးလဲ!. . "

"ဂလု. . အား. . အခုမှပဲ ကျသွားတော့တယ်"

"တော်သေးတာပေါ့. . . ငါ အခု နင်နဲ့ ခဏလောက် စကားပြောလို့ ရမလားဟင်"

"ရပါတယ်. . . ငါတို့ ကင်(နှ်)တင်းသွားတော့မလား"

"ဟင့်အင်း. . . သူများတွေ တစ်မျိုးမြင်ကုန်မယ်၊ ဘူတာဖက် လျှောက်မယ်၊ ဒီချိန် ဘူတာမှာ လူရှင်းတယ်"

ထက်ခေါင် ကြိတ်ပြီး ရယ်ချင်မိသွားသည်။ ရွှေဉာဏ်ဘော်စီးလှသော မယ်မင်းကြီးမလေး အတွေးက ရှင်းလင်းဖြောင့်တန်းသော

www.burmeseclassic.com

www.burmeseclassic.com

လမ်းပေါ်မှာ နှစ်ယောက်တွဲပြီး တစ်ကျောင်းလုံး မြင်သာအောင် ပြသလို ဖြစ်နေလေသည်။ သူကတော့ ထမင်းငတ်တုန်း အလှူအိမ်နှင့် တိုးသလို ဗိုက်အိုးပတ်ပြီး စိတ်လွတ်ကိုယ်လွတ် စားပစ်ခဲ့သာ ရှိတော့သည်။ လောလောဆယ် စားလို့မရသဖြင့် အနားက အသာလိုက် လျှောက်လာရ၏။ လျှောက်ရင်းနှင့်...

"နေတအားပူတယ်.. အိသကြိန်.. နေလောင်ပြီး တင်းတိတ်စွဲကုန်လိမ့်မယ်၊ နင် ထီးဆောင်းပြီးလျှောက်၊ ငါကတော့ ယောကျ်ားလေးဆိုတော့ ရတယ်"

သူ သတိပေး၍ အလှတရားအတွက် စိတ်ပူသွားပုံ ရပါသည်။ သူမ ထီးဖွင့်ဆောင်းလိုက်သည်။ နေရောင်ကလည်း ဘုရားစူးရစေရဲ့၊ စူးနေအောင် စပ်ကာ ပူလွန်းသည်။

သူမ ထီးဖွင့်ဆောင်းပြီး ဘေးဘီဝဲယာ လှည့်ကြည့်ရင်း နောက်ကိုပါ မလုံမလဲ တစ်ချက်ငဲ့ကြည့်လိုက်သည်။ ပြီးမှ...

"နင့်အရုပ်ကို ငါမမီဘူးဟယ်... နင် ထီးကိုင်လေ၊ နေတတအားပြင်းတာပဲ"

"ကျေးဇူးပဲ... နင်သာ အရိပ်မပေးရင် ဘူတာရောက်တာနဲ့ ငါ့အသားတွေ ဖဲ့စားလို့ ရပြီဟ"

သူမထံမှ ခိခနဲ ရယ်သံကြားရ၍ သူ့ရင်ထဲ နွေးခနဲ ဖြစ်ကာ သွားသည်။

ချစ်သူကို ပျော်ရွှင်စေသော အရည်အချင်းမျိုး သူ့မှာလည်း ရှိနေကြောင်း သတိထားမိကာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်များ တိုးပွားလာခဲ့သည်။

"နင် စကားပြောမလို့ဆို... ပြောလေ"

"အင်း... ငါ ဘယ်က စပြောရမှန်းမသိ ဖြစ်နေလို့၊ ငါ့ပြောချင်တာက တစ်ခြားမဟုတ်ပါဘူး၊ အကူအညီတောင်းချင်တာပါ"

"ဟာ... ရတာပေါ့ အိသကြိန်ရာ၊ တစ်သက်လုံး မနားတမ်း ကူညီပါဆိုလည်း ကူညီပါ့မယ်"

"အဲ့သလောက် မလိုပါဘူး... ခဏလေးပါပဲ၊ ဒါပေမယ့် အဲဒီခဏလေးက ဘဝရဲ့အပြောင်းအလဲကို ကူညီပေးလိုက်တဲ့အတွက် တစ်သက်လုံး ကျေးဇူးတင်နေမှာပါ"

"အေးပါဟာ... ခဏလေး ကူညီရတယ်ဆိုလည်း ရတယ်၊ တစ်မူန်လောက်လေးပဲဆိုလည်း ဖြစ်တယ်... ပြောသာပြော"

သူမ ပြောချင်သောစကားအတွက် အတော်အင်အားစုစည်းနေသလို နားထောင်ဖို့ ငုံလင့်နေရသော သူ့အတွက်လည်း ကမ္ဘာကြီး ပုံမှန်လည်ပတ်မှု ရပ်တန့်သွားသလို ခံစားနေရသည်။ တကယ်ရပ်တန့်သွားလျှင် ထိုသို့ ခံစားရသည် ဟုတ်မဟုတ်တော့ နောင်ကြုံလာမှပဲ စမ်းသပ်ကြည့်တော်မူ၊ ထက်ခေါင်းကတော့ ထိုသို့ ထင်သည်။ အလျှားလိုက် ဖြတ်စီးလာသော လေပူများပင်လျှင် သူတို့နှစ်ယောက်နားမှာ ရပ်တန့်သွားကာ လေပွေအဖြစ် ပြောင်းသွားပြီး မြက်ခြောက်များကို စုတ်ယူသွားလေသည်။ ဖုန်မှုန့်တွေတောင် ပါသွားသည်။

"ဒီလိုဟာ... ဒီလထဲမှာ မေမေက သူသဘောတူတဲ့ လူတစ်ယောက်နဲ့ ငါ့ကို တရားဝင် စေ့စပ်ကြလိမ့်မယ်၊ ငါ အဲဒီလူကို လက်မခံနိုင်ဘူး၊ ငြင်းခွင့်လည်း မရှိဘူး၊ တိုင်ပင်စရာ သူငယ်ချင်း အပေါင်းအသင်းကလည်း ငါ့မှာ မရှိဘူး၊ ညီမလေးက နင်နဲ့ တိုင်ပင်ကြည့်ပါလားလို့တော့ အကြံပေးတယ်၊ ဝန်ခံရရင် နင်နဲ့ မတိုင်ပင်ချင်ဘူး၊ ဒါပေမယ့် ငါ့မှာ ရွေးစရာလမ်း မရှိဘူးဟာ၊ အဲ့ဒါကြောင့် နင့်ကို အားနာနာနဲ့ပဲ.."

ပြည့်စုံလုံခြုံလှသော သူမစကားကို နားထောင်ရင်း သူ့အတွက် ခွေးတိုးပေါက်လေးတောင် မကျန်၍ ဝမ်းနည်းသွားတာက လွဲလို့ သူမ၏အားနာမှုကို အသိအမှတ်ပြုရတော့၏။

"ဟုတ်ပြီလေ... ငါ ဘယ်လိုတူညီပေးရမလဲ၊ ငါ.. အဲဒီလူကို ရပ်ကွက်ထဲ မလာရဲအောင် ရိုက်လွှတ်လိုက်ရမလား!.."

"ဟာ.. အဲ့.. အဲ့သလို မလုပ်နဲ့လေ၊ ငါ နင်နဲ့ မတိုင်ပင်ချင်ဘူးဆိုတာ အဲဒါပဲ၊ ထစ်ခနဲရှိ ရိုက်မယ်နှက်မယ်နဲ့၊ ငါ အဲဒီအလုပ်ကို အရမ်းမုန်းတယ် သိလား.."

www.burmeseclassic.com

www.burmeseclassic.com

ထက်ခေါင် ပျော်လွန်းလို့ ဂျွမ်းထိုးချင်စိတ် ပေါက်သွားသည်။

(သူ မတိုင်ပင်ချင်ဘူးဆိုတာ ငါက ပြဿနာ လုပ်တတ်လို့ကိုး၊ ဟိုလို မဟုတ်ဘူးကိုး၊ ဒါဆို အဟတ်ဟတ်. . ရန်ဖြစ်တာ မကြိုက်ဘူးတဲ့၊ ဟုတ်တယ်. . . ဒီအကျင့်ဆိုးကြီးကို ငါ့ဝိညာဉ်ထဲက မောင်းထုတ်ပစ်ရမယ်)

"က. . . နင် ဘယ်လိုကူညီမှာလဲ!. . "

"မောင်းထုတ်ပစ်မယ်. . "

"စိတ်ညစ်လိုက်တာဟာ. . "

"အင်. . ဟာ. . မဟုတ်ဘူး၊ ငါယောင်ပြီးပြောမိတာ. . . နင်. . နင် ဘာပြောလိုက်တယ်. . "

"နင် ဘယ်လိုကူညီမှာလဲလို့. . "

ထက်ခေါင် မျက်မှောင်တွန့်ကာ တွေးသည်။

သူ့မှာ ဝှက်ဖဲ တစ်ချပ်တော့ ရှိပြီးသား၊ ထို. . ဝှက်ဖဲကိုပဲ။

"ဒီလိုဟာ. . . နင် ဘယ်လိုမှတော့ မထင်နဲ့. . . ငါ အဲ့ဒီလူနဲ့ ငြိမ်းချမ်းစွာ ဆွေးနွေးကြည့်မယ်. . "

"ဟင်. . . နင်နဲ့မှ မသိတာ. . "

"ရတယ်. . . ကျွန်တော်က အိသကြိန်ရဲ့ချစ်သူပါလို့ ပြောပြီး ဆွေးနွေးမှာ. . "

သူမ မျက်နှာ ရဲခနဲဖြစ်ကာ ချာကနဲ လှည့်ပစ်သည်။

ထက်ခေါင် ဆက်ပြော၏။

"ဒီနည်းကလွဲလို့ အခြားနည်း မရှိဘူး. . . အိသကြိန်၊ ဒါ အကောင်းဆုံးပဲ၊ တစ်ဖက်က အရှိန်ရနေတဲ့ထိုးစစ်ကို အားပျော့သွားဖို့က အဓိက ကျနေတယ် မဟုတ်လား"

"ဟုတ်တော့ ဟုတ်ပါတယ်၊ တကယ်လို့ အဲ့ဒီလူက လာဆွေးနွေးတဲ့ကိစ္စကို မေမေ့ဆီ ပြောလိုက်ရင် ငါတော့ သေပြီ၊ ငါ့မေမေက နင့်ကို အရမ်းအမြင်ကတ်တာ. . . ပိုက်ဆံရှိတယ်ဆိုပြီး ဆောင့်ကြွားကြွားနဲ့ ကြည့်လို့ကို မရဘူးလို့ကို ပြောတာ"

"ဒါတော့ နင်တို့အမေမှ မဟုတ်ပါဘူး၊ ငါ့အမေလည်း ဒီအတိုင်းပဲ၊ အခုဆိုရင် မေမေ ငါ့ကို လုံးဝစကားမပြောတော့ဘူး အိသကြိန်ရာ၊ ငါအရမ်းဝမ်းနည်းမိတယ်"

"နင်က ဘာလို့ ဆိုးနေလဲ"

"ငါက ဆိုးလို့လား၊ ငါကစပြီး ဘယ်သူ့ကိုမှ မစော်ကားခဲ့ဘူး၊ ချွင်းချက်အနေနဲ့ နင့်ကို လိုက်ကပ်ဖို့ ကြိုးစားနေတဲ့ကောင်တွေ မပါဘူးပေါ့ဟာ၊ ဒါတော့ မရဘူး၊ နင့်ကို လိုက်တဲ့ကောင် နင့်ကို ရဖို့ ကြိုးစားတဲ့ကောင်တွေထဲမှာ ငါ့လက်ချက်နဲ့ လွတ်တာ အခု စုစုပေါင်းယောက်ပဲ ကျန်တော့တယ်"

"အဲ့ဒါ နင်လွန်တာပေါ့၊ နင်နဲ့ ဘာဆိုင်လဲ!"

"ငါက နင့်ကို ချစ်တာကိုဟ"

"ဘာ. . "

"ဟာ. . . ဘွာတေး. . . ဘွာတေး၊ ငါ ယောင်ပြီး လွှတ်ခနဲ"

"တော်ပြီဟာ. . . ပြန်မယ်"

ဘူတာရုံနား ရောက်ခါနီးမှ ချာခနဲ ပြန်လှည့်လျှောက်သဖြင့် ထီးရိပ်နှင့် လွတ်သွားသော သူမနောက်ကို ပြန်လှည့်လိုက်ကာ ထီးမိုးပေးရင်း. . .

"စိတ်မဆိုးပါနဲ့ဟာနော်. . . အမှန်အတိုင်း ဝန်ခံရရင် ငါ နင့်ကို ရူးမတတ် ချစ်မိတယ်၊ ဒါပေမယ့် နင်သိလည်း နင့်စိတ်က လက်မခံရင် လက်မခံတဲ့အတိုင်းပဲ ထားပါ၊ ငါ့စိတ်နဲ့ငါကတော့ သေတာတောင် မပြောင်းလဲတော့ဘူး၊ အခုကိစ္စမှာလည်း နင့်ချစ်သူအနေနဲ့ သွားဆွေးနွေးမယ်ဆိုတာ ပါးစပ်အရသာခံရုံသက်သက် မဟုတ်ဘူး၊ နင့်ကို သူများဇနီးမဖြစ်ရအောင် ဝင်တားရမှာ၊ ငါ အဲသလောက်ကလေး လုပ်ခွင့်ရတာကိုပဲ ဝမ်းသာလှပါပြီ"

ထိုအခါ သူမက. . .

"ကောင်းပြီလေ. . . ဒီကိစ္စ အောင်မြင်တဲ့အချိန်ကစပြီး ငါ့ကို စိတ်အနှောင့်အယှက် မပေးတော့ပါဘူးလို့ ကတိပေးနိုင်မလား၊ မပေး

www.burmeseclassic.com

www.burmeseclassic.com

နိုင်ရင်လည်း မလုပ်နဲ့"

"ငါ မပေးနိုင်လို့ မလုပ်ဘူးဆိုရင် နင့်မှာ တစ်ခြားနည်းလမ်း ရှိလို့လား!. . "

"အဟင်းဟင်း. . . သိပ်ရှိတာပေါ့၊ ကိုယ့်ကိုယ်ကို သတ်သေလိုက်ရုံပဲ"

"အိသင်္ကြန်"

သူ လန့်ဖြတ်ကာ အော်ပစ်၍ သူမလည်း လန့်ကာ လှည့်ကြည့်သည်။ ကြောက်လို့ ကြည့်တဲ့အကြည့်တော့ မဟုတ်၊ နည်းနည်းပဲ လန့်ပြီး ထိမထင်သောအကြည့်မျိုး။

"နင်. . အဲဒီအတွေးအကြံတွေ လုံးဝလွှင့်ပစ်စမ်း၊ ငါ. . ကတိပေးတယ်၊ ဒီပြဿနာ ငါရှင်းမယ်. . "

"ဟုတ်ပြီ. . . နင်ဘယ်လိုရှင်းမှာလဲ!. . "

"စိတ်ချပါ. . . ငါနဲ့ ဆွေးနွေးပြီးရင် အဲဒီလူ နင့်အိမ်ကို ခြေဦးမလှည့်စေရတော့ဘူး၊ မလွဲသာလို့ သူရောက်လာလည်း နင့်အမေ နင့်ကို မထိစေရဘူး၊ နင်နဲ့ငါ ချစ်သူဆိုတဲ့ စကားမျိုး နင့်အမေ လုံးဝကြားစေရဘူး၊ ကဲ. . . ရပြီလား!"

"အဲဒီအတိုင်း တကယ်ဖြစ်လာမယ်ဆိုရင်တော့ ငါလက်ခံတယ်၊ နင့်ကျေးဇူးကို ငါ တစ်သက်လုံး မှတ်ထားပါ့မယ်"

သူ ပင့်သက်ခိုးရှိုက်ပြီး အဝေးကို လှမ်းအကြည့် အောင်ထွန်းနှင့် အိသင်္ကြန်တို့ သုံးယောက်က ကျောင်းဖက်ကနေ ဘူတာလမ်းအတိုင်း လျှောက်လာကြသည်ကို လှမ်းတွေ့လိုက်ရသည်။

သူမလည်း တွေ့မြင်သွားကာ. . .

"ဟင်. . ဟိုမှာ. . မေသင်္ကြန်တို့ မဟုတ်လား၊ အို. . ဒုက္ခပါပဲ၊ ထီး. . ထီးပေး. . သွား. . နင်သွားတော့"

သူ လုံးဝမပေးဘဲ သူမနှင့် မျက်နှာချင်းဆိုင်ပစ်လိုက်ကာ. . .

"နင်နဲ့ငါ ဘာဖြစ်လို့ ဘာတွေ ကျွတ်ကျဲနေတာလဲ အိသင်္ကြန်၊ မေးရင် ပြောလိုက်လေ၊ ဟိုကိစ္စ တိုင်ပင်တာပေါ့. . "

သူမ တွေခနဲ ဖြစ်သွားပြီးမှ. . .

"အင်း. . . ဟုတ်တယ်နော်. . "

ထို့နောက် အတူဆက်လျှောက်ကြပါသည်။

ထက်ခေါင်းကတော့ စောစောက စကားတစ်ခွန်းနှင့်တင် သူ့မှာ ရင်ဘတ်မရှိတော့ကြောင်း ကောင်းကောင်းသိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၅)

သည်

နောက်ပိုင်းတော့ အိသကြော်နှင့် မကြာခဏ တွေ့ခွင့် ရလာသည်။ ရပ်ကွက်ထဲမှာတော့ သူမမိခင်နှင့် သူမကြား ပြဿနာဖြစ်မှာစိုးသောကြောင့် ခါတိုင်းလို ပိတောက်ပင်အောက်က ထိုင်ကြည့်တာမျိုး၊ ဝရံတာပေါ်မှ လှမ်းကြည့်တာမျိုးပင် မလုပ်တော့...။

ကျောင်းရောက်မှသာ အကြောင်းမရှိ အကြောင်းရှာကာ သွားတွေ့သည်။ ဗလကလည်း အတွေ့အကြုံမှ ရသော သုတရသမျိုး ပေးပါသည်။ ကင်(နှ်)တင်းမှာ ဆုံကြခြိုန်ဖြစ်သည်။

"တကယ်တော့ သံယောဇဉ်ဆိုတာ သံနဲ့ဇင့်နဲ့ ရောထားတာ မဟုတ်ဘူးကွ"

"ဒါတော့ မင်းပြောမှလား!"

"အေးလေ... အဲ့ဒါကြောင့် မဟုတ်ဘူးလို့ ပြောတာ၊ တစ်ခုတော့ မှတ်ထား၊ ယောကျ်ားနဲ့မိန်းမဆိုတာ ဘူးနွယ်နဲ့ ဝါးကပ်ကြားလိုပဲ၊

www.burmeseclassic.com

www.burmeseclassic.com

ကပ်ထားမှ တွယ်တာ၊ ကပ်မထားရင် ကပ်ကြားက သူ့ဘာသာ ထောင်ထောင်ကြီးဖြစ်နေပြီး ဘူးနွယ်ကတော့ လျှောက်ပတ်နေတော့တာ၊ အဲဒီမှာ ဘူးကျန်အောင် စင်ခံကာမှ ညှပ်ပါလာတဲ့ ဖရုံက တက်တွယ်တော့ ဖရုံတွေ သီးလိုသီး၊ သပွတ်နွယ်ကလည်း အားကျမခံ ဝင်တွယ်လို့ ဖရုံနဲ့ သပွတ် ပြိုပြီး ပြွတ်ကုန်ရော"

"ဟင်. . . ဘူးက ဘယ်ရောက်သွားလဲ!"

"ဟေ. . . သူလည်း ဘယ်နေမလဲ၊ အပေါ်မှောက်ကြည့်တော့ သူ မတွယ်ပဲ သူများတွယ်လို့ တပြွတ်ကြီး သီးနေတော့ သူလည်း အောက်မှာ တွယ်ချင်ရာနဲ့ တွယ်ပြီး သီးကုန်တာပေါ့၊ ဒါကို လူတွေက ဘုမသိဘမသိနဲ့ နာမည်တောင် ပေးလိုက်သေးတယ်"

"ဘာတဲ့တုန်း"

"ကိုင်းဘူး တဲ့"

အောင်ထွန်းက နားဝေတိမ်တောင်ရုပ်မျိုးနှင့် ကြည့်ပြီး. . .

"နေပါဦး. . မင်းပေးတဲ့ဥပမာထဲမှာ ဘယ်ဟာက ယောကျ်ား၊ ဘယ်ဟာက မိန်းမလဲ"

ထိုအခါ ဗလက. . .

"ဟကောင်ရ. . . ယောကျ်ားက အသီးတွေ သီးမလားကွ"

"ဟင်. . တွယ်တာက. . အင်း. . ဟို. . ဝါးကပ်ကလည်း ထောင်ထောင်၊ ဟာ. . ရှုပ်ကုန်ပြီကွာ. . "

"မင်း သေချာနားထောင်၊ ယောကျ်ားနဲ့ မိန်းမဆိုတာ"

အောင်ထွန်း သေချာနားထောင်နေ၍ သူ နားမထောင်တော့ဘဲ ထထွက်လာခဲ့သည်။ အောင်ထွန်းက ဘယ်လဲဟု လှမ်းမေးချင်ပုံရသော်လည်း ဘယ်သူနွယ်လို့ ဘယ်သူတွယ်မှန်း မသိမှာစိုးသဖြင့် မမေးဘဲ စိတ်ဝင်တစား ကျန်နေရစ်ခဲ့သည်။ သူကတော့ ဘေးချင်းကပ်ကင်(နှ)တင်းထဲ ဝင်လာသော အိသကြိန်နှင့် သူမအဖော်ဆီ ရောက်သွား၏။

"ကြော်. . . ထက်ခေါင်. . "

"အေး. . . ငါ ဟိုဖက်ဆိုင်မှာ ထိုင်နေတာ၊ နင်ဝင်လာတာ မြင်လို့"

သူမတို့ သံပုရာလက်ဖျော် မှာသောက်ကြသဖြင့် သူလည်း မှာလိုက်သည်။

"နင် သွားပြီးပြီလား!"

"အင်း. . "

"ဟယ်. . အဲဒါ ငါ့ကိုတောင် လာမပြောဘူး၊ ဘာထူးခြားလဲ!"

ထက်ခေါင်က သူမအဖော်ကို လှမ်းကြည့်လိုက်သဖြင့် သူမက. . .

"ရတယ်. . . ငါ သူ့ကို အကုန်လုံး ပြောပြထားတယ်"

"အဆင်တော့ ပြေပါတယ်၊ ဒါပေမယ့်. . . ရိုးရိုးတော့ မဟုတ်ဘူး၊ အပေးအယူတစ်ခုတော့ လုပ်ပေးရလိမ့်မယ်"

"ဟုတ်လား. . . ဘယ်လိုအပေးအယူလဲ!. . "

"အဲဒါက ထားလိုက်ပါဟာ၊ ငါ့ဘာသာ ကြည့်လုပ်ပါ့မယ်၊ အဓိက,က. . . နင် အဆင်ပြေသွားဖို့ပဲ အရေးကြီးတယ်၊ လောလောဆယ် နင်တို့အိမ်က အခြေအနေ ဘယ်လိုလဲ!"

"ခုချိန်ထိတော့ ဘာမှ လှုပ်ရှားပြင်ဆင်တာမျိုး မရှိသေးဘူး"

"နင်ပြောတာ ဒီလထဲမှာနော်"

"အင်း. . . မေမေ ပြောတာပဲ"

"ကဲ. . . ထားလိုက်တော့၊ ငါ့ဖက်က အတတ်နိုင်ဆုံး အခြေအနေကို ရွှေ့သွားအောင် ကြိုးစားပေးမယ်၊ ဒီကြားထဲက ထူးခြားမှုရှိလာရင် ငါ့ကို ဆက်သွယ်၊ ငါ နှစ်ရက်တစ်ခါ ညနေပိုင်း အနှစ်ကိုအပို ကြီးဆိုင်မှာ ရှိမယ်. . . ဟုတ်ပြီလား"

ထက်ခေါင် စကားဖြတ်ပြီး သံပုရာရည်ကို တဂွတ်ဂွတ်နှင့် မော့သောက်ပစ်လိုက်သည်။ ထို့နောက် အားလုံးအတွက် ပိုက်ဆံရှင်းရင်း ထရပ်လိုက်၏။

"ဟင်. . . သွားတော့မလို့လား!"

www.burmeseclassic.com

www.burmeseclassic.com

"အေးလေ. . . တော်ကြာ သူများတွေ တစ်မျိုးထင်ကုန်မယ်၊ နင့်အတွက် ပြောတာပါ"

သူမ လှမ်းကြည့်လိုက်သောအကြည့်က သူ့ရင်ထဲ ဆီစိမ့်သလို စိမ့်ဝင်ကာ တိုက်တန်းနစ်လို နစ်ကာဝင်သွားသည်။

သူ ကျောခိုင်းလိုက် ပြီးမှ. . .

"ထက်ခေါင်. . "

သူ လှည့်ကြည့်တော့ သူမ ခုံမှ ထကာ အနားရောက်လာသည်။ ပြီးမှ လေသံပါးပါးနှင့်. . .

"နင် ရန်မဖြစ်ဘူး၊ ပြဿနာမရှာဘူးဆိုရင်. . ငါ. . ငါ နင့်ကို ခင်ပါတယ်"

သူလည်း ခပ်တိုးတိုးပင် ပြန်ပြောသည်။

"ငါ အခု လုံးဝ အဲဒီစရိုက်ကို စွန့်လိုက်ပြီ"

"တကယ်"

"တကယ်ပါ. . . နင့်ကို ဘယ်လောက်ချစ်သလဲဆိုတာ"

□ □ □ □

သူ အောင်ပွဲရ စစ်သူကြီးလို ဗလတို့ဝိုင်း ပြန်ရောက်သွားတော့ ဗလ မရှိတော့ပေ။

အောင်ထွန်းတစ်ယောက်သာ ဘူးနွယ်တွေ ဖရဲနွယ်တွေ

အတွယ်ခံရသောမျက်နှာနှင့် ကျန်ခဲ့သည်။

"ဗလရော. . "

"သူ့မှန်လေး လာမ,သွားတယ်၊ မင်းအခြေအနေကောင်းလား"

"First semester တော့ အောင်သွားပြီကွ"

"ဟင်. . . မင်းကျတယ်လေ"

"ဟာ. . . အဲဒါကို ပြောတာမဟုတ်ဘူး၊ ငါ့ရဲ့ အိသင်္ကြန်ကိစ္စ ပြောတာ"

"ဟုတ်လား. . . အားကျတယ် သူငယ်ချင်းရာ၊ ငါ့ကိုလည်း ပစ်မထားပါနဲ့၊ မင်း သင်္ကြန်ကျသလို ငါလည်း သင်္ကြန်ကျချင်တယ်၊ သင်္ကြန်ချစ်သူထဲမှာ ငါလည်း တစ်ယောက်အပါအဝင်ပါကွာ"

"ဟာ. . . အဲဒါ ငါ့ကိုချည်း ဖိပြောနေလို့ ပြီးမလား၊ မင်းလည်း ကြိုးစားလေကွာ. . . "

"ကြိုးစားတာပဲကွ. . . ကောင်မလေးက အကပ်မခံဘူး၊ နည်းနည်းပါးပါး အကြောက်လေးများ ရမလားလို့ ဗလကို မေးကြည့်ပါတယ်၊ သပွတ်နွယ်နဲ့ မပြီးလို့ သခွားနွယ်တွေ ယောကျ်မ ရှုပ်ထွေးနွယ်တွေပါ ပါလာပြီး သူ့ဘာသာ လျှာထွက်နေတုန်း မှန်လေး လာမ,သွားတာလေ"

"ဒီလိုလုပ်ကွာ. . . မိန်းကလေးတွေမှာ အကြိုက်တစ်မျိုးစီ ရှိကြတယ်၊ အခု အိသင်္ကြန်ဆိုရင် တည်တည်ငြိမ်ငြိမ်လေး နေတာကို ကြိုက်တယ်၊ မေသင်္ကြန်က တစ်မျိုးကွ၊ ထက်ထက်မြက်မြက်နဲ့ ရဲရဲရင့်ရင့် နေထိုင်လုပ်ကိုင်တာမျိုးကို ကြိုက်တယ်၊ ဗလကောင်မလေး မှန်ကြောင်ကတော့ မှန်ပဲ ကြိုက်ပုံရတယ်၊ ဒါကြောင့် ဗလကျော်စွာ မှန်ကြောင်ကို လွှေးချယ်တာ. . . အဲ့သလိုပေါ့ကွာ"

အောင်ထွန်းမျက်နှာ ဝင်းသွားကာ လက်ဖျစ်တစ်ချက် တီးလိုက်သည်။ ထိုစဉ် ဆိုင်ရှေ့သို့ ကားတစ်စီး ဝင်ရပ်၍ လှည့်အကြည့် ဦးခင်မောင်လတ်၏လင်ခရုဇာကြီးဖြစ်နေ၍ နှစ်ယောက် ထပဲပြေးရ မလို့၊ ထိုင်ပဲထိုင်နေရမလို ဖြစ်ကုန်သည်။ သို့သော် ကားထဲက မေသင်္ကြန်ပါ ထွက်လာ၍ အောင်ထွန်း သတ္တိရှိရှိ ဆက်ထိုင်နေလိုက်

www.burmeseclassic.com

www.burmeseclassic.com

သည်။ သူကတော့ အလုပ်သဘောရှိနေ၍ မထိုင်မဖြစ် ထိုင်လိုက်ရပါ
သည်။ ဦးခင်မောင်လတ်က သူ့ခန္ဓာကိုယ်ကြီးကို အိပ်ပဲ့ လျှောက်လာပြီး
ဆို့အစ်နေသော ပါးဆံကြီးတွေပေါ် ရှက်သွေးဖြာထားကာ. . .

"တို့ တစ်ယောက်ထဲ မရှာတတ်တော့ဘူးလေ၊ အဲဒါကြောင့်
ဒီသကြော်နှမကို ဝင်ခေါ်ရတာ၊ ဟိုသကြော်နှမကိုတော့ မျက်နှာပူလို့ မခေါ်
တော့ဘူး"

"ကဲ. . . ဦးလတ်ကြီး နေခဲ့တော့. . . သမီးပြန်တော့မယ်"

"ဟဲ့. . . နေပါဦး၊ ငါတစ်ယောက်ထဲဟယ်၊ အဖော်လေး လုပ်
ပြီး နေပါဦး"

"ဟာ. . . သမီးအတွန်းတက်ရဦးမယ်"

အောင်ထွန်း မျက်လုံးလေး ကလယ်ကလယ်ဖြစ်နေ၍ ထက်
ခေါင်က. . .

"ခဏလောက် နေပေးလိုက်ပါ ညီမလေးရာ၊ ခဏလေးပဲ"

"ဒါပဲနော်. . ခဏပဲ ထိုင်မှာ. . ."

ထို့နောက် ဦးခင်မောင်လတ်နှင့် ထက်ခေါင်ကြားမှာ ဝင်ထိုင်
သဖြင့် အောင်ထွန်း အောင့်သက်သွားပုံရသည်။ သို့သော် စောစောက
သူပြောထားသောစကားကို သတိရသွားဟန်နှင့်. . .

"သြော. . . ဧည့်သည်တွေ ဧည့်ခံဖို့ မမေ့နေတယ်၊ ဘာသုံး
ဆောင်ကြမလဲ!"

"တို့က မစ်ပလိန်းနော်. . "

အောင်ထွန်း ကြက်သီးမွေးညှင်း ထသွားသလို တွန့်တက်သွား
ပြီးမှ မေသကြော်ဘက် လှည့်ပြုံး၍. . .

"ညလေးကော. . "

"ဟင့်အင်း. . "

"တစ်ခုခုသောက်ပါ ညလေးရ၊ အစ်ကိုတို့ဆီ ရောက်လာပြီးမှ
ဧည့်ဝတ်မကျေရင် အိပ်မပျော်နိုင်လို့ပါ"

"အေးဟယ်. . . သကြော်လေးကလည်း၊ အအေးသောက်

လုပ်. . အအေးမှာ၊ တစ်ခါတည်း ပဲများနေလိုက်တာ. . "

"ဦးလတ်ကြီးပဲ. . ပဲများ"

"အဟင်းဟင်းဟင်း. . . စတာပါဟယ်၊ သကြော်တို့ ညီအစ်မ
က. . အချောတွေနော်၊ တို့လေ သူတို့ဘဝကို သိပ်ပြီးအားကျတာပဲ"

အောင်ထွန်းထုံးစံတိုင်း တက်ကြွစွာ ကိုယ်တိုင်ထမှာသည်။
ထက်ခေါင်ကလည်း ထက်မြက်ရဲရင့်ဖို့ မှာထားသဖြင့် ထင်တာထက်
တောင် ပိုသွက်နေသလား ထင်ရသည်။ ဦးခင်မောင်လတ်ကလည်း
သွက်သည်။ အောင်ထွန်း ထွက်သွားသည်နှင့် ခုံကို သူ့ဘက် ရွှေ့ကာ
ယူထားလိုက်သည်။

"ဒါနဲ့ ကျွန်တော့်ကို ရှာတဲ့ကိစ္စ"

"သြော်. . . ဟုတ်သားပဲ၊ မာမီလေ. . . အိမ်ကမာမီ၊ တို့ကို
ဒီလကုန်ရက်မှာ ဟိုသကြော်နှမနဲ့ စေ့စပ်မလို့တဲ့၊ တို့လေ. . . ညက
တစ်ညလုံး ငိုလိုက်ရတာ၊ မျက်နှာကြီး အစ်နေတာပဲ၊ ကြည့်ပါလားလို့၊
တို့ကို ကယ်ပါဦးဟယ်၊ တို့ဘဝတော့ ရေတိမ်နစ်ရတော့မယ်နဲ့ တူပါရဲ့၊
ဟင့်. . ဟင့်. ဟီ. . ရွှတ်"

"ဟာ. . . မငိုပါနဲ့ ဦးခင်မောင်လတ်ရာ၊ ကျွန်တော်တို့ တိုင်ပင်
ပြီး စီစဉ်ရင် ဖြစ်ပါတယ်၊ ခင်ဗျား စိတ်ဆင်းရဲသလို အိသကြော်လည်း
စိတ်ဆင်းရဲနေတာပဲ၊ ခင်ဗျားကမှ ရေတိမ်နစ်လို့ တော်သေးတယ်၊
ဟိုတစ်ယောက်သာ ဆင်နင်းခံရမှာဗျ"

"ဟယ်. . ကြည့်စမ်း. . ကြည့်စမ်း၊ တို့ကို စော်ကားလိုက်တာ
ပေါ့လေ"

"ဟင်. . အဲ. . ဟို၊ အဲ့သလို မရည်ရွယ်ပါဘူး. . ဒီလိုလေ"

သူ့စကား မဆုံးခင် အောင်ထွန်း ပြန်ရောက်လာပြီး ကော်ဖီမစ်
နှင့် အအေးတစ်လုံး ယူလာကာ ချပေးသည်။ ပြီးမှ ခုံမှာ ဝင်အထိုင်
ခုံနေရာရွှေ့နေ၍ ဘန်းလန်းကြီးဖြစ်နေခိုက် ဦးခင်မောင်လတ်က ခါး
လှမ်းဖက်ကာ ထိုင်ချခိုင်းလိုက်တော့၏။

အောင်ထွန်း မအီမလည်နှင့် ထိုင်လိုက်ရသကဲ့သို့ ဖက်ထား

www.burmeseclassic.com

www.burmeseclassic.com

သော ဦးခင်မောင်လတ်၏လက်လည်း ထွက်မလာတော့ပါချေ။ ထို့ကြောင့် ထက်ခေါင်ကို ကယ်ပါယူပါသဘောမျိုး လှမ်းကြည့်၍...

"တက်တက်ကြွကြွ ရဲရဲရင့်ရင့်စရိုက်တွေ ဘယ်ရောက်ကုန်လဲ အောင်ထွန်း!"

"ရှိပါတယ်ကွာ... ဟားဟား..."

ထိုသို့ဆိုပြီး အောင်ထွန်း ဒူးနှံ့သလို ပေါင်လှုပ်သလိုနှင့် ဆွဲ့ဆွဲ့ခုန်ကာ နေတော့သည်။

စောစောက ရေတိမ်နစ်မှာ ကြောက်၍ ငိုနေသော ဦးခင်မောင်လတ်တစ်ယောက် ခုတော့ ဘယ်တွင်းထဲ ကျပြီး ငြိမ်သွားသည်တော့ မသိ၊ မျက်နှာပေါ်မှာ အပြုံးအရယ်တွေ ပေါ်လာပြီး...

"ဟဲ့.. တို့ ဘယ်လို တိုင်ပင်ကြလဲ ပြောဦးလေ"

"နေဦးလေ... စဉ်းစားနေတာ"

အောင်ထွန်းက...

"မြန်မြန်စဉ်းစားကွာ... ငါကတော့ ဒုန်းဒိုင်း ဘုံးဘိုင်း.. ဒါပဲ ဟဲဟဲဟဲ... အင့်"

ထက်ခေါင် ရယ်ချင်သော်လည်း အောင်ထွန်းကို သနားမိကာ..

"ဒီလိုလုပ်ဗျာ... ကျွန်တော့်မှာ မာမီ မသိအောင် ယူထားတဲ့ မိန်းမရှိနေပြီလို့ ပြောလိုက်.."

"ဝုဒ္ဒါ"

"ဟဲ့... အခု ခေါ်လာစမ်းဆို တို့ဘယ်လိုလုပ်ရမလဲ!"

"မပူနဲ့... ကျွန်တော့်သူငယ်ချင်း ဗလကျော်စွာ သိတယ် မဟုတ်လား၊ မျက်မှန်နဲ့ ပိန်ပိန်လေးလေ..."

"အင်း... မှတ်မိပြီ... မှတ်မိပြီ၊ တို့ စိတ်ဝင်စားလာပြီ... ပြောပါဦး"

"သူ့ကို မိန်းမပုံစံ ကိုယ်ဝန်အတုနဲ့ ပြင်ပေးလိုက်မယ်ဗျာ"

"အင်းနော်... သူ့မျက်နှာက လုံးလုံးလေး၊ ဟုတ်တယ်...

ဖြစ်တယ်၊ ပြင်ဖို့လည်း ဘာမှ မပူနဲ့၊ တို့သူငယ်ချင်း အေမီမ ဆိုင်မှာ ပြင်လိုက်ရုံပဲ"

"ကဲ... ဒါဆို ကျွန်တော်တို့ သွားကြမယ်၊ မေသကြီးလည်း အတန်းတက်ရဦးမယ်၊ ကျွန်တော်တို့လည်း အခန်းထဲ ပြန်ဝင်တော့မယ်"

ဦးခင်မောင်လတ်၏ ပျောက်နေသော လက်တစ်ဖက်လည်း ပြန်ပေါ်လာသည်နှင့် အောင်ထွန်း ခုံမှ ရုန်းထကာ ထွက်ပြီး ကောင်တာမှာ ပိုက်ဆံသွားရှင်းတော့သည်။

တကယ်ကို တက်တက်ကြွကြွပုံစံမျိုး။

"ဦးလတ်ကြီး... သမီးကို ပြန်ပို့.."

"အေးပါဟယ်... ညည်းကလည်း၊ ဟဲ့... သွားမယ်နော် ကိုတစ်ယောက်.."

ထက်ခေါင် လှည့်ကြည့်တော့ ငွေရှင်းသော ကောင်တာမှာ အောင်ထွန်းကို မတွေ့သဖြင့် မရှင်းဘဲ ထွက်သွားသလားဟူသော အတွေးနှင့် ထလိုက်ကာ သွားသည်။

မေးကြည့်တော့ အောင်ထွန်း ရှင်းထားနှင့်ချေပြီ။ စားပွဲပေါ် တစ်ထောင်တန်တစ်ရွက် တင်ပေးထားပြီး ပြန်အမ်းငွေတောင် မယူနိုင်ဘဲ ကောင်တာတစ်ဖက်ဘေးက ခုံပုလေးမှာ ဝင်ထိုင်ကာ ပုဆိုးဖြေ၍ ချွေးသုတ်နေလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နိုင်မယ်ဆိုရင်
ငါကိုယ်တိုင်ပဲ အစားခံချင်ပါရဲ့
ဘီလူးတစ်ကောင်ရဲ့ခံတွင်းဝမှာ
ငုံကိုယ်ငါ ယဖူဖော်
ချစ်သူကို မျှော်ကာကြည့်
အဲ့ဒီပီတိကလေးပါ
(အစွယ်တွေသာ မမြင်ရင် သိပ်ကောင်းမှာ)

အခန်း(၁)ကို

အန်

တီအပိုကြီး၏ရတနာစာပေကို နှစ်ရက်တစ်ခါ သူ ရောက်အောင် သွားနေသော်လည်း သူမ ရောက်မလာပါ။ ပုံမှန်အတိုင်း ဒေါ်မိုးအေးကြည်နှင့် ရန်ဖြစ်ပြီးတော့သာ ပြန်လာခဲ့ရသည်။ ချစ်သူနှင့်ကား ဝေးနေရဆဲဖြစ်လေသည်။ ဝေးလေ ခံရခက်လေမို့ မရေမရာတွေးကာ ဒေါသဖြစ်မိသည်။

"တောက်. . . ငါကိုက မှားတာ၊ ချိန်းတဲ့နေရာကိုက လပ်ကီးမရှိတဲ့ တစ်ခြမ်းပဲ့. . "

"နင်. . ငုံဆိုင် လာလာထိုင်ပြီး တစ်ဖျစ်တောက်တောက်နဲ့ ဘာဖြစ်နေတာလဲ!. . "

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်ရမလဲ. . . အန်တီ့ဆိုင်မှာ ကောင်မလေးနဲ့ ချိန်းမှ တော့. . . ဘယ်လာတော့မလဲ!. . "

"သူ့ဘာသူ မလာတာ ငါနဲ့ ဘာဆိုင်လဲ!"

"ဆိုင်တာပေါ့ဗျာ. . . ဆိုင်ကိုက ရေခဲမြေခဲမှ မကောင်းတာ၊ အပိုကြီးဖြစ်နေမှတော့ ဘယ်လာ. . . "

"မသာကောင်. . နင်. . "

ဒီလိုနဲ့ပဲ နှစ်ရက်တစ်ခါ အသက်ရှူလာလာကြပ်ရတဲ့အဖြစ် စိတ်ညစ်နေရခိုက် တစ်ရက် စာအုပ်ဆိုင်မှအပြန် သူ့ဂါလက်ကိုင်ဖုန်း ထအော်၍ ဖွင့်ကာ နားထောင်လေသည်။

". . . . . "

"ဩော်. . . ဦးခင်မောင်လတ်. . ပြောဗျာ"

". . . . . "

"ဗျာ. . "

". . . . . "

"အခု. . ဟုတ်လား"

". . . . . "

"ဟုတ်. . ဟုတ်ကဲ့ပါ"

ထက်ခေါင် ဖုန်းပိတ်ပြီး ဗျာယာခတ်သွားသည်။ ဦးခင်မောင်လတ် ပြဿနာတက်နေပြီ။ အိမ်သို့ ခပ်သွက်သွက် ပြန်လာပြီး ဧည့်ခန်းထဲ စာရင်းထိုင်လုပ်နေသော မိခင်ရှေ့မှာ ဒူးထောက်လိုက်သည်။

"သားကို ကားခဏလောက် သုံးခွင့်ပေးပါ မေမေ၊ သား သူငယ်ချင်းတစ်ယောက် အရေးပေါ် ဆေးရုံတင်ရမယ်ဆိုလို့ လိုက်ပို့ချင်လို့ပါ"

သူ ညာမပြောတတ်မှန်း မေမေ အသိဆုံးဖြစ်၍ ဒီတစ်ခါလိမ်ပြောတာကို ယုံကြည်စွာ လှမ်းကြည့်သည်။

"သား အခုဆိုရင် အရမ်းလိမ္မာနေပါပြီ၊ မေမေ မကြိုက်တဲ့ ရန်ဖြစ်တဲ့အလုပ်ကို လုံးဝစွန့်လွှတ်လိုက်ပါပြီ၊ သားကို စကားပြော

တော့ မေမေ"

မေမေ မပြောပါ၊ ဘေးက ကားသော့ကို သူ့ရှေ့ပစ်ချ၍ စာရင်းဆက်လုပ်နေသဖြင့် ထက်ခေါင် ဆက်မပြောရဲတော့ဘဲ ကားသော့ယူကာ ထွက်လာခဲ့ပါသည်။ စိတ်ထဲမှာတော့ ဝမ်းနည်းသလိုကြီး ခံစားလာရသည်။ သို့သော် ဦးခင်မောင်လတ် ပြဿနာအခံ ရှိသဖြင့် နည်းနည်းတော့ သက်သာလေသည်။

ဒေါ်ရင်ဆုံး အောင်ထွန်းကို ဝင်ခေါ်သည်။ ပြီးမှ ဗလရှိရာ ဒဂုံအရှေ့ပိုင်း(၁၅၆)သို့ ပြေးရသည်။ ဗလအိမ်သို့ အောင်ထွန်း ရောက်ဖူးသဖြင့် အောင်ထွန်း လမ်းပြပေးသလို မောင်းလာသည်။ လမ်းက အတော်ဆိုးဆိုး၊ အိမ်ကလည်း အတော်ကျဲကျဲမဲ့မဲ့. . . မြင်နေရ၍ ဗလအိမ်ကောဟု တွေးမိကာ စိတ်မကောင်းဖြစ်မိသည်။

ဘုန်းကြီးကျောင်းတစ်ကျောင်းကို မြင်တော့ အောင်ထွန်းက

"ဒါ ရှင်မတောင်ကျောင်းကွ. . . ကျောင်းနောက်ဖက် ယာထွက်လိုက်ရင် ရောက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com

သူမောင်းလာရင်း လမ်းဘေးဝဲယာ ကြည့်ပြီး အသက်မရှူနိုင်အောင်ဖြစ်သွားသည်။ အကြီးဆုံးမှ ခုနစ်ပေ ပတ်လည်ခန့်လောက်သာရှိပြီး ပိန်အိတ်ဟု ခေါ်သော မီးသွေးအိတ်၊ ဆန်အိတ်ခွဲများ ဖြန့်ကာ မိုးကာထားသော တဲအိမ်ကလေးများက ကွင်းအစပ်တစ်လျှောက် စီရီနေတော့၏။ ကားသံကြားရ၍ ထွက်ကြည့်ကြသော ကလေးပုစုခရုလေးအားလုံး မည်းကြုတ် ညစ်လုံးကာ တစ်ချို့ အဝတ်အစားပင် မရှိ၊

"ရှေ့မှာ ရပ်လိုက်တော့ ထက်ခေါင်. . . ဟိုအိမ်ပဲ"

သူ ကားရပ်ပြီး လှမ်းကြည့်စဉ် တဲကုတ်ကလေးဆီမှ ငှဲတိုးကာ ထွက်လာသော ဗလကို ရင်ထုမနာ တွေ့မြင်ရတော့သည်။ ဗလ အနည်းငယ် ရှက်ရွံ့နေပုံရသော်လည်း လူရည်သန့် သူငယ်ချင်းတွေ ကားနှင့်လာကြသဖြင့် သူ့ပတ်ဝန်းကျင်မှာတော့ ဗလက အထင်ကြီးစရာဖြစ်နေလေသည်။

သူတို့နှစ်ယောက် ကားထဲက ထွက်လိုက်သည်နှင့် ဗလ အားတုံအားနာ ရောက်လာပြီး. . .

"အောင်ထွန်းကတော့ ရောက်ဖူးလို့ ပြဿနာမရှိဘူး၊ ထက်ခေါင်ကိုတော့ တောင်းပန်ပါတယ်ကွာ၊ ငါ့မှာ စည်းခံစရာနေရာ မရှိလို့ပါ၊ ဒီလိုလုပ်. . . ရဲစခန်းနားမှာ လက်ဖက်ရည်ဆိုင်တွေ ရှိတယ်၊ အဲဒီကို သွားရအောင်"

ထက်ခေါင် သက်ပြင်းရှိုက်ချပြီးမှ. . .

"မင်း. . ဒီတစ်ညလောက်. . ငါနဲ့ လိုက်ခဲ့နိုင်မလား!၊ မင်းကူညီရမယ့်အချိန်ရောက်ပြီ"

ဗလ ခေါင်းကုတ်ပြီး မျက်မှန်လေး နှာခေါင်းရှဲ့တင်လျက်. . .

"ဟို. . ဟို. . ဟန်ဆောင်ရမယ့်ကိစ္စဆိုတာ. . "

"အေးလေကွာ. . . မင်းက ပိန်တော့ လိုသလို ပုံသွင်းလို့ကောင်းတယ်၊ အရေးတကြီးကို လိုအပ်နေပြီ"

"အေး. . . အေးလေ၊ မင်းတို့ကျေးဇူးတွေ ငါ့မှာ မနည်းပါဘူးကွာ. . . ခဏစောင့်"

သိပ်ကြာကြာ မစောင့်လိုက်ရပါ၊ ဗလ စပို့ရှပ်တစ်ထည် ခေါင်းဏ စွပ်ချပြီး ခပ်သွက်သွက် ထွက်လာသည်။

"မင်း လူကြီးတွေကို သေချာမှာခဲ့ရဲ့လား ဗလ"

"ရတယ်. . . အမေနဲ့ ညီမပဲ ရှိတာ၊ ငါပြောခဲ့တယ်"

ဗလနှင့် အောင်ထွန်းတို့ ကားထဲ ဝင်ထိုင်မှ သူကားထဲက ထွက်ပြီး ဗလတို့တဲလေးဆီ လျှောက်သွားသည်။ ထို့နောက် ဘောင်းဘီနောက်အိတ်ထဲ ရှိနေသော ပိုက်ဆံအခေါက်လေး ထုတ်ယူပြီး ဗလ၏ အမေကို ကန်တော့ခဲ့လေသည်။

အိမ်လေးထဲ ဝင်ကြည့်မှ ပိုပြီးစိတ်ဆင်းရဲခဲ့ရ၍ ပိုက်ဆံများများ ယူမလာမိသော ကိုယ့်ကိုယ်ကိုပင် ဒေါသဖြစ်မိနေတော့၏။

(၁၅၆)ရပ်ကွက်မှ ပြန်ထွက်လာပြီး ကျောင်းရှေ့ဖြတ်တော့ ညနေက အတော်မှောင်သွားချေပြီ။ ဦးခင်မောင်လတ်က တာမွေရှိ အလှပြင်ဆိုင်က စောင့်နေမည်ဖြစ်ကာ ခပ်သွက်သွက်လေး မောင်းလာခဲ့တော့သည်။ မောင်းရင်းနှင့်. . .

"ဗလ. . "

"ဟေ. . "

"မင်းတို့ အဲဒီမှာ နေတာကြာပြီလား"

"အင်း. . . First year စတက်တဲ့နှစ်လောက်ကပါပဲ. . . ဘာဖြစ်လို့လဲ!"

"ငါ စိတ်မကောင်းဘူးကွာ၊ မင်း ငှဲကို အစောကြီးကတည်းက ပြောသင့်တယ်၊ အောင်ထွန်းလည်း အဓိပ္ပါယ်မရှိဘူး၊ သိရက်သားနဲ့ ငှဲကို မပြောဘူး"

"ဟ. . . သူက မပြောနဲ့ဆိုတော့ ငါက ပြောလို့ ဖြစ်မလားကွ"

ထိုအခါ ဗလက. . .

"စိတ်မဆင်းရဲကြပါနဲ့. . . သူငယ်ချင်းတို့ရာ၊ ငါလည်း ရောက်ခါစက သေလောက်အောင် စိတ်ညစ်ပေမယ့် ခုတော့လည်း အသားကျနေပါပြီ၊ ကျောင်းလည်း ပြီးတော့မှာပဲ၊ ငါအလုပ်,လုပ်နိုင်ရင် အဆင်

www.burmeseclassic.com

www.burmeseclassic.com

ပြေပြီကွ. . . စိတ်မပူနဲ့"

"အခုရော. . . မင်းကို ဘယ်သူထောက်ပံ့လဲ!. . . "

"ဟေ. . . အထောက်အပံ့ မရှိလို့ ဒီလိုနေနေရတာ၊ ကိုယ့်ဘာသာကိုယ် ထောက်ရတာပေါ့ကွ၊ မနက်(၄)နာရီလောက်ကစပြီး မီးသွေးလုံးတယ်၊ အမှုန့်တွေကို ကော်ရည်နဲ့ လုံးတာ၊ ကျောင်းက ပြန်ရင် တစ်ခါ၊ ည(၉)နာရီလောက်ထိ လုံးရတယ်၊ နေ့လည်ခင်း အမေက လှမ်းပေါ့ကွာ၊ ဒီနေ့တောင် ပစ္စည်းပြတ်နေလို့ မလုပ်ရတာ၊ ဒီလိုနဲ့ တို့သားအမိ နေလာတာ (၄)နှစ်ပြည့်တော့မယ်ကွ"

သူတို့အုပ်စုထဲမှာ ဗလက အပိန်ဆုံး၊ အဆင်းရဲဆုံး။ သို့သော် သူနှင့်အောင်ထွန်းထက် စိတ်ဓါတ်ကြံ့ခိုင်ပြီး ခွန်အားအကြီးဆုံးဟု ဝန်ခံရပေတော့မည်။ သူသာ ရင်ထဲ မကောင်းလွန်း၍ လေသံပျော့နေတာ၊ ဗလအသံက ဟန်ထန် မာန်ပြည့်ကာ နေလေသည်။

ထို့နောက်တော့ သူ့စိတ်ထဲ တစ်စုံတစ်ရာ ဆုံးဖြတ်ထားလိုက်ပြီး ဗလအကြောင်း ထပ်မမေးဖြစ်တော့ပါ၊ ဒီဘဝ ဒီအခြေရောက်အောင် တွန်းပို့ထားသော အတိတ်အကြောင်းကား ကောင်းစရာ တစ်ကွက်မှ မရှိ။ ထို့ကြောင့် မသိချင်တော့တာလည်း ပါပါသည်။

တာမွေရောက်လာ၍ အေမီမ ဆိုင်ကို မေးရသေးသည်၊ ကျိုက္ကဆံလမ်းမပေါ်မှာပင်ဖြစ်၍ သိပ်ခက်ခဲစွာ မရှာရဘဲ ရောက်သွားသည်။ ဆိုင်ရှေ့မှာ ဦးခင်မောင်လတ် ကားရပ်ထားသဖြင့် သူ့ကား နောက်မှာပင် ဝင်ရပ်လိုက်သည်။

"ဟယ်. . . လာကြပြီဟေ့၊ အေမီရေ. . . တို့ရင်ခုန်သံလေးတွေ လာပြီဟေ့. . "

ဆိုင်ထဲက ဦးခင်မောင်လတ် အသံလုံးလုံးကြီးအား သုံးယောက်စလုံး ကြားလိုက်ရကာ တစ်ယောက်ကိုတစ်ယောက် အော်အင်းပြီး အုသလို ကြည့်ကြသည်။

"မင်းအရင်ဝင်"

"မင်းဝင်လေကွာ"

"မင်း. . "

ထိုအခိုက်မှာပင် ဆိုင်ထဲမှ ဦးခင်မောင်လတ်လို ဟန်ဆောင်အရေခွံ မပါဘဲ ပြောင်ပြောင်တင်းတင်း လုံးနေကြသော မိန်းမလုံးတစ်သိုက် ထွက်ပေါ်လာကြပြီး ခွေးသေ လဒဆွဲသလို သူဆွဲငါဆွဲ ဆွဲကုန်ကြတော့၏။

သို့သော် ထက်ခေါင် ခပ်ကြမ်းကြမ်း တုန့်ပြန်လိုက်၍ သက်သာသွားသော်လည်း အောင်ထွန်း မသက်သာ။

"ဟေ့. . ဟေ့. . "

"ဟ. . ဟ. . "

"အလတ်ရေ. . . ဘယ်သူ့ကို ပြင်မှာလဲ!"

"ဟိုးက. . မျက်မှန်လေးနဲ့"

"ဟယ်. . . ချစ်ချစ်ရာလေး. . ဟစ်ဟစ်ဟစ်"

"ထက်ခေါင်ရေ. . . မျိုးတော့ တုံးပြီထင်တယ်ကွာ"

"ခဏလေးပါ ဗလရာ၊ ငါတို့လည်း လိုက်ခဲ့မှာပါ"

"တကယ်နော် ဟေ့ကောင်"

"တကယ်. . . မင်းကို လုံးဝ မဲ့တစ်ပေါက် မစွန်းစေရဘူး. . . စိတ်ချ"

"အေးပါကွာ. . . အားကိုးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

ဘတွေ ဖြစ်လာဦးမည်တော့ မသိ။ ခန်းဆီးလိုက်ကာ၏ အတွင်းဘက်သို့ မျက်နှာငယ်လေးနှင့် ပါသွားရှာသော ဝလအား ခွဲစိတ်ခန်းထဲ ကိုယ့်လူနာကို ထည့်ပေးလိုက်ရသလို ရင်ထဲမှာ မပေါ့မပါးကြီး ဖြစ်ကျန်နေရသည်။

ခွဲစိတ်ဖြတ်တောက်သည့်အလုပ်တော့ မလုပ်လောက်ပါဘူး လေဟု ဘာသာဖြေတွေး,တွေးနေခိုက် အောင်ထွန်းက လေသံတိုးတိုးနှင့်...

"သူတို့တွေ မိန်းမလျှာ ဖြစ်နေတာက ယောကျ်ားဟော်မုန်း ဓါတ် လုံးဝမထွက်လို့ပဲ ဖြစ်မှာကွနော..."

www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး. . . အကုသိုလ်နယ်ပယ်ထဲက မထွက်နိုင်သေးတာ"

ထွန်းကျော် ခေါင်းကုတ်ပြီး. . .

"မဟုတ်ဘူးလေ. . . ငါပြောချင်တာက. . . "

"သိတယ်. . . ဆေးပညာအရတော့ ဒီလိုပဲ သတ်မှတ်ရမှာပဲ၊ ပုစ္ဆာတစ်ပုဒ်လိုပေါ့ကွာ၊ အဖြေထွက်အောင် တွက်ဖို့ လက္ခဏာ သတ်မှတ်ချက်၊ အကွရာသတ်မှတ်ချက်တွေ ပုံသေနည်းတွေနဲ့ တွက်ချက်အဖြေထုတ်ရပေမယ့် ဥာဏ်ကောင်းဖို့တော့ လိုမယ်၊ ဥာဏ်မကောင်းရင် ပုံသေနည်း ဘယ်လောက်ကောင်းကောင်း အဖြေမထွက်ဘူး၊

လူ့ဘဝလည်း ဒီလိုပဲ၊ ယောကျ်ားဖြစ်ခြင်း မိန်းမဖြစ်ခြင်းကိစ္စကို ဆေးပညာဆိုင်ရာ သိအိုရီတွေနဲ့ တွက်စစ်ကြည့်လို့ရတယ်၊ ဒါပေမယ့် မိန်းမစစ်စစ် ယောကျ်ားစစ်စစ် ဖြစ်လာဖို့ ကံကောင်းဖို့တော့ လိုတယ်ကွ၊ ကံမကောင်း အကြောင်းမလှရင် သူတို့လို အေမီတွေ ဒေစီတွေ ဖြစ်ကုန်ရော"

"သူတို့ ဟိုဘဝက ဘာတွေလုပ်ခဲ့လဲ မသိဘူးနော်၊ မင်းရော သိလား!"

"တော်ပြီကွာ. . . အခြောက်တွေ ဝိုင်းရိုက်အောင်တော့ မလုပ်နဲ့ကွာ"

"အား. . . "

အော်သံက လိုက်ကာခန်းဆီးအတွင်းမှဖြစ်၍ သူနှင့် အောင်ထွန်းတို့ ထိုင်နေရာမှ ဆတ်ခနဲ ကြည့်ကြသည်၊

ကြည့်တော့လည်း မမြင်ရ၊

"အမလေးဟယ်. . . အော်လိုက်တဲ့အသံကြီးကလည်း"

"အော်မှာပေါ့ဟျ. . . ခင်ဗျား ဘာလုပ်တာလဲ!"

"အလှပြင်တာလေ"

"အပေါ်မှာ ပြင်တာလေဗျာ၊ အောက်နဲ့ဘာဆိုင်လဲဗျ"

"သိတယ် ထမီဝတ်ရင် အဆင်ပြေမပြေ စမ်းကြည့်တာ"

"ကျုပ် ဒေါသဖြစ်အောင်တော့ မလုပ်နဲ့နော်. . . ဒါပဲ"

"အမလေး. . . ဖြစ်နေလိုက်တာ တကတည်းမှပဲ"

ဝလတစ်ယောက် ဘယ်လောက် စိတ်ကျဉ်းကျပ်နေမလဲဟု တွေးမိကာ သူ လိုက်ဝင်သွားဖို့ ခြေလှမ်းပြင်ခိုက် ဦးခင်မောင်လတ် ပိုက်ဆံအိတ်ကြီး ချိုင်းကြားညှပ်ကာ လိမ်ကျစ်လိမ်ကျစ်နှင့် လျှောက်လာသည်။ သူတို့ကို မြင်မှ စိုးရိမ်နေသောမျက်နှာနှင့် နာရီလေး မ,ကြည့်ပြီး. . .

"နာရီဝက်လောက်တော့ ကြာဦးမှာပဲ၊ တို့က အိမ်ကို (၈)နာရီ မထိုးခင် လာမယ်လို့ ပြောထားတာ"

"အခု ဘယ်နှစ်နာရီ ထိုးပြီလဲ!"

"ခုနစ်နာရီ ခွဲနေပြီ"

"အဲ့ဒါဆိုလည်း သေချာတဲ့နည်း သုံးလိုက်ဗျာ"

"ဟဲ့. . . ဘယ်လို သေချာတဲ့နည်းလဲ၊ အေမီတို့လည်း ဝိုင်းပြီး တောကို လုပ်နေကြတာ. . . "

"အဲ့ဒါ ပြောတာမဟုတ်ဘူး၊ မိန်းမအစစ်တစ်ယောက် ရှာဖို့ ပြောတာ"

"အို. . . ရှုပ်ရှုပ်ယှက်ယှက်တွေ မကြိုက်ပါဘူး၊ တို့က တို့လူပဲ သဘောကျတယ်၊ အမလေး. . . ပြင်ထားတာလည်း သွားကြည့်ပါဦး၊ နင်တို့တောင် ခိုက်သွားဦးမယ်. . . အဟင်း. . . ဟင်း"

"အား. . . အား. . . ဗျာ"

ဝလ အော်ပြန်သဖြင့် သူ သည်းမခံနိုင်တော့ပဲ. . .

"ဟေ့လူတွေ. . . ခင်ဗျားတို့ အလှပြင်နေတာလား၊ ညှစ်သတ်နေတာလား"

ထိုအခါ ဦးခင်မောင်လတ်က. . .

"အဲ့ဒီဟာမတွေနဲ့တော့ ဒုက္ခပါပဲ၊ ဟဲ့. . . နင်တို့နော်၊ ငါတစ်ယောက်လုံး ရှိနေတာတောင် ကြောင်တောင်နှိုက်နေကြလား မသာမတွေရဲ့. . . ကဲ"

www.burmeseclassic.com

www.burmeseclassic.com

"မမလတ်ကလည်း. . . တစ်ခါလေးပဲ ဟာပဲဟာကို"

ဦးခင်မောင်လတ် ဘောက်ဆတ်ဘောက်ဆတ်နှင့် လျှောက်ကာ အခန်းထဲပြန်ဝင်မှပင် အထဲကအုပ်စု ငြိမ်ကာသွားလေသည်။ သူနှင့် အောင်ထွန်းလည်း လေပူများမှတ်ထုတ်ကာ ပြန်ထိုင်လိုက်ကြသည်။

"ဗလ သနားပါတယ်ကွာ၊ ငါတို့ပါ အထဲလိုက်ဝင်ပြီး နေမှကောင်းမယ်"

အောင်ထွန်း ပေါင်ကြားထဲ လက်ညှပ်၍. . .

"ငါ. . . ငါ. . . ဒီမှာ နေခဲ့မယ်လေ"

"ဟာ. . . ဘယ်ဖြစ်မလဲကွာ၊ လာပါ"

ပြောပြီး သူထရပ်ကာ အောင်ထွန်းကို လက်မောင်းမှ ဆွဲထူသဖြင့်. . .

"ငါ့ကို လာညှစ်လို့ကတော့ ငါ ပြန်ညှစ်မှာနော်"

"ညှစ်ကွာ. . . အသေသာ ညှစ်ပစ်၊ ငါလာလုပ်လည်း ငါလည်း ဆော်မှာပဲ"

သို့နှင့် နှစ်ယောက်သား လိုက်ကာနား ရောက်သွားသည်။ ထို့အခိုက်မှာပင် အတွင်းဘက်ကနေ ခန်းဆီးလိုက်ကာအား ဆွဲဖွင့်လိုက်၍ နှစ်ယောက်သား လန့်ကာ နောက်တွန့်သွားကြသည်။

"ဟယ်. . . အလန်လေးတွေ လာချောင်းကြည့်တယ်တော့၊ ခစ်. . ခစ်. . ခစ်"

"တို့ကို ခင်ရမယ်နော်. . . သိလား"

ကြားနေရသည့်အသံက အူယားသလို ခံစားနေရသော်လည်း ဗလကို ကြည့်ပြီး အံ့အားသင့်နေကြသည်။ နဂိုက ပိန်ပိန်ပါးပါး မျက်နှာလုံးလုံးနှင့် ဗလအား အပျံစား ခြယ်မှုန်းပြီး ဆံထုံးနှင့် ရင်ဖုံးနှင့် မြန်မာဆန်ဆန် ထုံးဖွဲ့ထား၍ တကယ့်မိန်းကလေးတစ်ယောက်လို ချစ်စရာကောင်းနေသေးတော့သည်။

"ဗလရေ. . . ဂွတ်တယ်ဟ"

"မင်းတို့ကသာ ဂွတ်နေ၊ ငါ့မှာ ငါးပူတင်း တွတ်သလို အတွတ်

ခံနေရတာ"

ရယ်ကြသည်။

ထို့နောက် နံ့သာရောင် ရင်ဖုံးနှင့် နံ့သာရောင် အခဲပါသည့် ခွိပ်ထမီနှင့် လက်ဝတ်ရတနာများ ဆင်ပေးကာ မိန်းမကိုင်အိတ်ကလေး တစ်လုံးပါ ပေးလိုက်သောအခါ ဗလတစ်ယောက် မယ်ဗလ ဖြစ်ကာသွားတော့သည်။

"ဟဲ့. . ဟဲ့. . . လမ်းလျှောက်ရင် ဒီလိုလေးလေ ဒီလိုလေး"

"တော်ပါဗျာ. . . ကျွန်တော် လျှောက်တတ်သလိုပဲ လျှောက်မယ်"

ဦးခင်မောင်လတ်က ရတယ်ဆိုသည့်သဘောမျိုး ခေါင်းညိတ်ကာ အေမီမကို ကျသင့်ငွေ ရှင်းပေးလိုက်သည်။

"သွားကြရအောင်. . . သူ. . တို့ကားနဲ့ လိုက်နော် သိလား"

"ဟာ. . . ကျွန်တော့်သူငယ်ချင်းကားနဲ့ လိုက်မယ်လေဗျာ"

ထိုအခါ အောင်ထွန်းက. . .

"မဟုတ်ဘူး ဗလ၊ မင်းက သူ့ကားနဲ့ပဲ လိုက်ရမှာ"

ဗလ ခေါင်းတွေကုတ်၊ နှာခေါင်းတွေ ပွတ်ဖို့ လုပ်သဖြင့် လုပ်မည့်လက်ကို ဦးခင်မောင်လတ် အတင်းလိုက်ဖမ်းဆုပ်ပြီး မျက်နှာချိုသွေးနှာပါသည်။

ဒါနဲ့ပဲ ပင်ကိုယ်အားနာတတ်သောစိတ်အခံနှင့် ဗလခမျာ ဘာမှ မပွတ်မကုတ်လိုက်ရဘဲ ပါသွားရရှာလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

"ဟေ. . . ဘယ်လို"

"အာ. . . ဘွာ. . ဘွာတေး၊ ယောင်ပြီး ပြောမိတာ၊ ဟိုကောင်ကြီးရင် ဒေါကန်လိုက်မယ့်ဖြစ်ခြင်း"

ဦးခင်မောင်လတ် ကားက ခြံဝန်းတစ်ခုရှေ့ ရပ်ကာ ဟွန်းတီးလိုက်သဖြင့် အောင်ထွန်းက သူ့ကားကိုပါ ဘေးချရပ်လိုက်သည်။ ထို့နောက် ခြံတံခါးမကြီး ပွင့်လာ၍ ဦးခင်မောင်လတ်ကားလေး လျှောကနဲ ဘီးလှိမ့်ကာ ဝင်သွားပြီး ခြံတံခါးမကြီးလည်း ပြန်လည်စေ့ပိတ်ကာ သွားတော့သည်။

သူလည်း စက်ရပ်၍ ရှေ့မီးကြီးများ ပိတ်ကာ ကျောမှီကို နောက်လှန်ချလိုက်သည်။ အောင်ထွန်းလည်း သူ့နည်းတူ ကျောမှီကို လျှောချကာ သက်တောင့်သက်သာဖြစ်အောင် နေလိုက်တော့သည်။

သို့သော် စိတ်က လျှောချစရာ ကျောမှီခုံ မရှိသဖြင့် မသက်တောင့် မသက်သာပဲ ဖြစ်ရလေသည်။ နာရီကြည့်၍ အချိန်ကို မှတ်လိုက်သည်။ ပြီးမှ စိတ်မသက်မသာသံကြီးနှင့်. . .

"ဘုရားသိကြားမလို့ ဝလ အဆင်ပြေပါစေ၊ ချောချောမောမော ဖြစ်ပါစေကွာ"

"ထက်ခေါင်ရာ. . . မင်း ရည်းစားလေးတစ်ယောက် ရဖို့ မလွယ်ပါလားကွာ၊ ငါတောင် မင်းကို ကြည့်ပြီး မေသကြိန်နဲ့ နီးစပ်အောင် လုပ်ဖို့ ကြောက်လာပြီ"

"ဒါ ဘာဟုတ်သေးလဲကွာ၊ ငါ့အမေရဲ့မောင် ဦးဇော်တုန်းကမှ ငါ့ထက် ဆိုးတာ"

"ဟုတ်လား. . . ပြောပြလေကွာ"

သူလည်း ဝလ ပြန်ထွက်အလာကို စောင့်ရမည်ဖြစ်၍. . .

"ဒီလိုကွ. . . ငါ့ဦးလေး ဦးဇော်က အရမ်းရိုးအပြီး ဥာဏ်ရည်လည်း နည်းတယ်ကွ၊ ကိုယ့်ဦးလေးအကြောင်း ကြွားရတာလည်း မကောင်းပါဘူး၊ ကျောင်းပညာကလည်း လေးတန်းကို ငါးခါကျလို့ ဆက်မထားတော့ပဲ ကျောင်းထုတ်လိုက်ရတယ်၊ အဖိုးတို့က အိမ်မှာ ဆီစက်

ဦးခင်မောင်လတ် ကားနောက်ကနေ သူတို့ကားကို မျှော်လိုက်လာခဲ့သည်။

အောင်ထွန်းက ကားကို ဂရုစိုက် မောင်းနှင်ရင်း. . .

"ဟိုရောက်ရင် ငါတို့က ဘယ်ပုံစံနဲ့ လိုက်ဝင်ရမှာလဲ!"

"ငါတို့က ဝင်လို့မရဘူးလေကွာ၊ အပြင်ကပဲ စောင့်ရမှာ"

"ဩော်. . . အဲ့သလိုလား"

"အေး. . . ဝလက ကိစ္စဝိစ္ဆပြီးလို့ ပြန်ထွက်လာရင် ခေါ်ပြီး ပြန်မယ်၊ ငါ့အိမ်မှာပဲ အိပ်ကြမယ်ကွာ၊ မနက်ကျတော့ ငှားထားတဲ့ ပစ္စည်းတွေ ဆိုင်ပြန်ပို့၊ ဝလကို ပြန်ပို့ပြီးရင် ပြီးပြီကွ"

"ဟား. . . ရပ်ကွက်ကတော့ ဟိုက်ဘောစ်ရပ်ကွက်ပဲကွ"

အောင်ထွန်းပြောမှ သူလည်း ဘေးကို လှည့်ကြည့်သည်၊ သပ်ရပ်ခန့်ညားသော ခြံဝန်းကြီးများနှင့် ခေတ်မှီထယ်ဝါသော အဆောက်အဦးကြီးများအား လျှပ်စစ်မီးချောင်း ထိန်ထိန်ငြိုး ထွန်းညှိကာ ကွေ့မြင့်နေရသဖြင့်. . .

"အေးနော်. . . ဝလတော့ ယောက်ျားရ က်ကောင်းတာပဲတဲ့"

www.burmeseclassic.com

www.burmeseclassic.com

ထောင်ပြီး ဆီကုန်သည်လည်း လုပ်တော့ စီးပွားရေးက ကောင်း၊ ပိုက်ဆံလည်း ရှိတယ်ကွ၊ သားသမီးကလည်း ငါ့အမေနဲ့ ဦးဇော် နှစ်ယောက်တည်း ရှိတာ၊

အဲဒီတော့ ဦးဇော်ကို အတန်းပညာ မတတ်လည်း ဘုန်းကြီးစာလေး နည်းနည်းပါးပါး တတ်ရင် မဆိုးဘူးဆိုပြီး အဖိုးတို့က သူတို့ဆောက်လှူထားတဲ့ကျောင်းမှာ ဦးဇော်ကို ကျောင်းအိပ်ကျောင်းစားနဲ့ သွားထားလိုက်တယ်ကွ၊

ပထမတော့ အဆင်ပြေတယ်၊ ကျောင်းလှူထားတဲ့ ဒကာကြီးရဲ့ သားဆိုတော့ ဘုန်းကြီးကလည်း အရေးပေးတယ်၊ ဆရာတော်ကြီးကိုယ်တိုင် အလေးထား အရေးပေး ဆက်ဆံခံရတဲ့သူဆိုတော့ ကျောင်းမှာ ရှိတဲ့ ကိုယ်တော်တွေ ကိုရင်တွေ သူတော်တွေကအစ ဒကာဇော်. . . ဒကာဇော်နဲ့ နေတာပေါ့ကွာ၊

စာလည်း သင်ပေးတာပေါ့၊ ဥာဏ်ထိုင်းတဲ့သူဆိုတော့ အတော့်ကို စိတ်ရှည်ရှည်နဲ့ သင်ပေးရရှာတာ၊ ဘုန်းကြီးက ကျန်တာသာ စိတ်ရှည်မယ်၊ စာနဲ့ ပတ်သက်လာရင်တော့ မရဘူးကွ၊ ကျောင်းက စာသင်ကိုယ်တော်တွေ ဘုန်းကြီး ဘယ်လောက် လက်ဆပြင်းတယ်ဆိုတာ အသိဆုံးပေါ့၊

ဒါပေမယ့် ဒကာဇော်တို့ကတော့ လွတ်ငြိမ်းချမ်းသာခွင့် ရပုံပဲ၊ စာမရလို့ စာကျက်ပျင်းလို့ အရိုက်မခံရတာ ကျောင်းမှာ ငါ့ဦးလေး ဦးဇော်တစ်ယောက်ပဲ ရှိတယ်၊ ဒီလိုနဲ့ တစ်နေ့ကျတော့ ကျောင်းကို ဘုန်းကြီးရဲ့နှမ၊ တူမ သားအမိ ရောက်လာတယ်ကွ၊ ရှမ်းပြည်နယ်ကနေ လာရတာ၊

လာတဲ့ကိစ္စကလည်း ရန်ကုန်မှာ ဆယ်တန်းဖြေခိုင်းပြီး အောင်ရင် အလုပ်လုပ်ရင်း အဝေးသင် တက်ဖို့ဆိုတော့ အနေကြာမယ်၊ မိန်းမတွေမို့လို့ ကျောင်းမှာ တည်းလို့ မဖြစ်တာနဲ့ သူက ဒကာကြီး ငါ့အဖိုးကို ခေါ်တိုင်ပင်တာပေါ့ကွာ၊ ငါ့အဖိုးကလည်း သူကိုးကွယ်တဲ့ ဘုန်းကြီးရဲ့ အမျိုး မဟုတ်လား၊ ပြဿနာ မရှိဘူး၊ အိမ်ခေါ်သွားမယ် အိမ်မှာ

နေပစေ၊ အလုပ်အတွက်လည်း မပူနဲ့၊ သားအမိနှစ်ယောက် စလုံး အလုပ်ပေးမယ်၊ အဖိုးမှာ ဆီဆိုင်တွေ ဆီကောက်ရတဲ့အလုပ်တွေ ဘေးလူကိုတောင် ခေါ်ခိုင်းထားရတာ၊ ကိုယ့်ဆရာရင်း၊ ဒကာရင်း အကြောင်းသိတွေ အဆင်ပြေပေါ့ကွာ၊ ဘုန်းကြီးနှမက မုဆိုးမ ဆိုတော့ နောက်ဆံတင်းစရာ အနှောင်အဖွဲ့ မရှိလို့ ပိုတောင် အဆင်ပြေသေး၊ ဒါနဲ့ပဲ အဖိုးက သူ့ကားနဲ့ သားအမိ နှစ်ယောက်လုံး ခေါ်ပြန်လာခဲ့တယ်၊

ဒါပေမယ့် ဒီကိစ္စကို အဖွားက သိပ်သဘောမကျဘူးကွ၊ သိတဲ့တိုင်း ဘုန်းကြီးနှမနဲ့တူမက ပအို့ဝ်အမျိုးသမီးတွေဆိုတော့ ဖြူဖြူချောချော ချစ်စရာလေးတွေ မဟုတ်လား၊ သမီးကလည်း ဖြူဖြူထွားထွားနဲ့ မအေနဲ့ ညီအစ်မလား အောက်မေ့ရတယ်. . .

အဲဒီတော့ အဘွားက သူ့ယောကျ်ားကို စိတ်မချဘူးနဲ့ တူပါတယ်၊ ယောကျ်ားလုပ်လာတဲ့ကိစ္စကို ကန့်ကွက်ဖို့ကလည်း ခက်နဲ့ နောက်ဆုံး လက်ခံပြီး ငါ့အမေအခန်းနဲ့ ကပ်လျက်က ငါ့ဦးလေး ဦးဇော် အခန်းမှာပဲ ယာယီနေရာချလိုက်တယ်၊ ဦးဇော်က ဘုန်းကြီးကျောင်းမှာ ဆိုတော့ ပြဿနာမရှိဘူး၊ ဦးဇော်အခန်းက ငါ့အမေအခန်းနဲ့ အဖိုးတို့ အဖွားတို့အခန်းကြားမှာဆိုတော့ အခြေအနေအားလုံးကို ထိန်းချုပ်နိုင်မယ်လို့ အဖွားက တွက်ပြီး ထားလိုက်တာကွ၊ ဒီလိုနဲ့ အိမ်မှာ အနေကြာသွားတယ်ဆိုပါတော့ကွာ၊

တစ်နေ့တော့ ပြဿနာ တက်ရော့ပေါ့၊ ဦးဇော်က ဘုန်းကြီးဆီမှာ တစ်နှစ်ကျော်လောက် နေလိုက်ရတာဆိုတော့ သူ့ခမျာ ပျင်းလာပုံရတယ်၊ လူပျိုကလည်း ဖြစ်လာပြီမဟုတ်လား၊ ဘာရမလဲ အိမ်ကို ခိုးပြန်လာရောကွာ၊ အဖိုးကို ကြောက်တော့ ပြောင်မဝင်ရဲပဲ ခိုးဝင်တာ၊ အိမ်သားတွေ မသိအောင် တိတ်တိတ်ကလေး ဝင်လာပြီး သူ့အခန်းထဲမှာ ဝင်အိပ်နေတာ၊ အဲဒီအချိန်မှာ မနန်းသူက ဝင်လာရောကွာ”

“သူ့အမေလား!”

“ဘယ်ကလာ. . . သူ့သမီးကွ”

“မင်းက နာမည်မပြောတော့ ဘယ်ဟာ ဘာမှန်း မသိဘူးလေ

www.burmeseclassic.com

www.burmeseclassic.com

ကွာ"

"ဩော်. . . ဟုတ်သားပဲ၊ သူ့အမေနာမည်က ဒေါ်နုနီ၊ သူ့သမီးနာမည်က မနန်းသူ"

"ရပြီ. . . ဆက်ပြော၊ ကောင်းခန်းက ခုမှ စရဲ့ ရှိသေးတာ"

ထက်ခေါင် စကားဖြတ်ပြီး ဂီယာအဖုံးနောက်ဖျားမှာ ချထားသော ရေသန့်ဘူးကို လှမ်းဆွဲကာ မော့သောက်လိုက်သည်။

ပြီးမှ. . .

"ငါပြောတာ ဘယ်ရောက်သွားပြီလဲ!"

"မနန်းသူ ဝင်လာပြီကွ၊ ဟိုကောင်ကလည်း ခုတင်မှာ စောင်ခြုံပြီး အိပ်နေတယ်"

"မင်းဂျီးဒေါ် ဟိုကောင်လား၊ အဲဒါ ငါဦးလေးကွ"

"ဩော်. . . ဆောရီး. . . ဆောရီး၊ ငါစိတ်ထဲမှာ ရုပ်ရှင်ကြည့်ရသလို ဖြစ်သွားလို့၊ အင်း. . . လုပ်ပါကွ၊ ပြောပါဦး"

"အေး. . . အဲဒါ မနန်းသူက သူ့အမေ အလုပ်ကနေ အစောကြီး ပြန်လာပြီး အိပ်နေတယ် ထင်လို့ ခုတင်ပေါ် တက်လဲပြီး ခွအိပ်ပါလေရော၊ ဦးဇော်က စောင်ခြုံထားလို့ ဘယ်သူမှန်း မသိပေမယ့် သူကလည်း သူ့အပြစ်နဲ့သူမို့လို့ မလှုပ်ရဲဘူး၊ အဲဒီမှာ မနန်းသူက သူ့အမေ အမှတ်နဲ့ ပအို့ဝ်စကားနဲ့ တွတ်တီးတွတ်တာ ပြောတော့မှ ဘုန်းကြီးအမျိုးတွေဆိုတာ သိတာ၊ သူကိုယ်တိုင်ကလည်း ဘုန်းကြီးကျောင်းကပြေးလာခါစ ပူပူနွေးနွေးဆိုတော့ ကြောက်လည်းကြောက် ရင်လည်းတုန်ပေါ့ကွာ၊

သူက ကြောက်ပြီးတုန်လေ မနန်းသူက သူ့အမေ ဘာဖြစ်လဲဆိုပြီး စိုးရိမ်စိတ်နဲ့မေး၊ စောင်ခြုံကို အတင်းဖွင့်၊ ဦးဇော်ကလည်း အတင်းဆွဲပြီးကွေးပေါ့၊ နောက်တော့ မနန်းသူက ခေါင်းက ဖွင့်လို့မရတော့ ရတဲ့နေရာက ဆွဲဖွင့်၊ ပုဆိုးစ မြင်ပြီး လန့်အော်ပါလေရောကွာ၊ အော်တော့မှ ငါဦးလေး လန့်ပြီး မနန်းသူပါးစပ်ကို အတင်းပိတ်၊ မနန်းသူကလည်း ရုန်းကန်နဲ့ နှစ်ယောက်သား ခုတင်ပေါ် ဘာပြောကောင်းမလဲ၊

ဘာမှကို ပြောလို့မကောင်းအောင် ဝရုန်းသုန်းကား ဖြစ်ကုန်တာ ဟကောင်ရေ၊ အဲဒီအချိန်မှာ မဖွားက သူ့အခန်းထဲ ပစ္စည်းတစ်ခုဝင်ယူဖို့ ဖြတ်အလာ အခန်းထဲက ဝူးတူးဝါးတား ဝုန်းဒိုင်းဂျိန်ဂွမ်းတွေဖြစ်နေလို့ အခန်းတံခါး ဖွင့်ကြည့်တာ၊ အဖွားလည်း လန့်အော်ပါလေရော၊

မအော် ခံနိုင်မလားကွ၊ သူအလိုမကျတဲ့မိန်းကလေးနဲ့ သူ့သားနဲ့ လုံးထွေးနေတာ၊ ပြီးတော့ နှစ်ယောက်စလုံး ခုတင်ပေါ်မှာ လုံချည်တွေ ထမီတွေ မရှိတော့ဘူး"

"ဟာ!. . . အတော်ဆိုးဆိုး မြင်ရမှာပဲ"

"ဟေ့ကောင်. . ဘောင်းဘီကျန်သေးတယ်၊ မင်း အမြင်အာရုံတွေ လျှော့ထား၊ ကြားရသလောက်ပဲတွေး"

"အာ. . . အေးပါကွာ၊ ဆက်ပြောပါဦး"

"ဦးဇော်က ခိုးပြန် ခိုးဝင်လာတဲ့သူဆိုတော့ လူကြီးတွေ သိရင် ပြဿနာတက်မှာစိုးလို့ ကြောက်ပြီး မနန်းသူကို လုံးဝအော်ခွင့်မပေးတာ၊ မနန်းသူကလည်း ကြောက်ပြီး ရုန်းကန်တာ၊ အဲဒီတော့ နှစ်ယောက်စလုံး အကြောက်အကန် ရုန်းမှတော့ မကျွတ်ခံနိုင်ရှိုးလား၊ လုံးနေတာပေါ့!"

"အေးနော်. . . အားရှိစရာပဲ"

"ဟကောင်. . . "

"လုပ်ပါကွ. . . ဆက်ပါဦး"

"အေး. . . အဲဒါ အဖွားအော်တော့ အိမ်သားတွေ အကုန်လုံးပြန်ရောက်လာကြတယ်၊ ငါဦးဇော်လည်း အဖို့ဝင်တွယ်ပစ်တာ မွှစိကို တက်သွားတာပဲ၊

မနန်းသူလည်း ရှက်ပြီးငိုတာ ဘာမှကို မေးလို့မရတော့ဘူး၊ ငါဦးလေး ဦးဇော်ကို မေးတော့လည်း ဒီအတိုင်းပဲ၊ သူက ပိုဆိုးတယ်၊ ပြေးတဲ့အမူရာ ကြမ်းတဲ့အမူပါ နှစ်မူပေါင်းပြီး ဘယ်ကဘာ ဇာပြောရ

www.burmeseclassic.com

www.burmeseclassic.com

မှန်းမသိ၊ လူကလည်း ခပ်ထုံထုံ ခပ်အအ၊

အဲ့ဒီမှာတင် အဖိုးက သူ့သဘောနဲ့သူ ဆုံးဖြတ်ပြီး ဆရာတော်ဆီ ဦးတိုက်လျှောက် နားဖောက်ပစ်လိုက်တယ်ကွ"

"ဟာ. . . အဆင်ပြေလှချည်လား. . . ဒါနဲ့များ"

"ဆုံးအောင် နားထောင်၊ ဆရာတော်က လွယ်လွယ်လက်မခံဘူး၊ ဒကာကြီးသား ကျပ်ဆိ လွတ်စမ်းလို့ ခပ်ပြတ်ပြတ်ပဲ မိန့်လိုက်တယ်၊ မင်းသိတဲ့အတိုင်း ကျောင်းမှာ သူ ဒီလောက်အလိုလိုက်ထားတဲ့ကြားက ကျောင်းကနေ ပြေးတယ်၊ အိမ်ရောက်တော့ သူ့တူမကို ကြိတယ်ဆိုတော့ ဘုန်းကြီးလည်း တင်းတာပေါ့ကွာ၊

ဒေါ်နုနီကတော့ ဘာမှ မပြောရှာဘူးကွ၊ လူကြီးတွေ ကောင်းသလို စီစဉ်ကြပါဆိုပြီး သူ့ကိုယ်သူ ကလေးစာရင်းသွင်းပြီး ဘေးထွက်နေလိုက်တယ်၊ အဲ့ဒါနဲ့ ငါဦးလေး ဘုန်းကြီးဆီ တစ်ခေါက်ပြန်ရောက်တာပေါ့ကွာ၊ အဲ့ဒီမှာ ဘုန်းကြီးက စာရွက်တစ်ရွက်နဲ့ မေးခွန်းငါးခုရေးပြီးပေးလိုက်တယ်၊ အဲ့ဒီမေးခွန်းကို တစ်ထိုင်တည်း ရအောင်ဖြေလို့ မိန့်ပြီး ကြိမ်လုံးပါ ဘေးချထားတယ်၊ ငါဦးလေးဆိုတာ ကြောက်လို့ သေးတောင် ထွက်ကျတယ်ကွ"

"ဘာတွေ မေးထားလဲ!"

"ပြောပြမယ်၊ တစ် - လူ့ဘဝမှာ ရခဲခြင်း ဘယ်နှစ်ပါး ရှိလဲ၊ ပြည့်စုံအောင် ဖြေပါတဲ့၊ နှစ် - ဆူးညောင့်ငါးစင်းကို ရေးပါတဲ့၊ သုံး - လင့်ဝတ္ထရားငါးပါးက ဘာတွေလဲတဲ့၊ လေး - မယားအပြား ဘယ်နှစ်ပါး ရှိလဲ၊ ဘာတွေလဲတဲ့၊ ငါး - လူမိုက်လက္ခဏာသုံးပါး ရှိတယ်၊ ဖော်ပြပါတဲ့ကွာ၊

ဦးလေးလည်း မေးခွန်းဖတ်ပြီး ဇောချွေးတွေ ပြန်လာရာကနေ ဇောခုနစ်တန်ပါ ပြန်လာလို့ ရေနဲ့ လောင်းပြီး နှာနှပ်ယူရတယ်၊ ဒါလည်း ဘုန်းကြီးက မလျှော့ဘူးကွ၊ ဖြေဆိုတာချည်းပဲ၊

နောက်ဆုံးတော့ ဦးလေးခမျာ ရှိသမျှဉာဏ်တွေ လွှာပြီးတော့ ဖြေရမယ်လေ၊ သူ ဖြေတာကလည်း မိုက်တယ်၊

တစ်. . . လူ့ဘဝမှာ ရခဲခြင်း လေးပါးရှိပါသည်တဲ့၊ အောင်ဘာလေ ဆုမဲကြီး ပေါက်ခြင်း၊ အဖေ မုန့်ဖိုးတစ်ထောင်ပြည့်အောင် ပေးခြင်း၊ ကားစပါယ်ယာ အကြွေးစွန်း ပြန်အမ်းခြင်း၊ အကွက်ကြီး မိသော်လည်း ဒိုင်ပြေးခြင်းတဲ့"

"ဟား. . ဟား. . ဟား. . ဟား. . တယ်ဟုတ်ပါလား"

"အေး. . . ဆူးခြောင်းငါးစင်းက နှင်းဆီပင်ဆူး၊ ဇီးပင်ဆူး၊ သံဆူး၊ သွပ်ဆူး၊ ကြက်ခတ်ဝါးဆူးတဲ့"

"ဒါလည်း ဟုတ်တာပဲ"

"ပြောပြမယ်. . . သုံး - လင့်ဝတ္ထရားငါးပါးက မယားကို မြတ်နိုးယုယစွာ ခေါ်ခြင်း၊ ရိုက်ပုတ်ဆဲရေးမှု မပြုခြင်း၊ မိမိမယားမှ တစ်ပါး အခြားမိန်းမကို မကျူးလွန်ခြင်း၊ မိမိရှာဖွေ၍ ရလာသော ဥစ္စာပစ္စည်းကို မယားအား အလုံးစုံ အပ်နှံခြင်း၊ အဆင်တန်ဆာတို့ကို မိန်းမနှစ်သက်ရာ ဆင်စေခြင်းတဲ့ကွ"

"ဟ. . . ဒါကျတော့ ကျမ်းထွက်အတိုင်းပါပဲလား"

"ဟုတ်တယ်. . . ငါဦးလေးမှာ ဒီလို ဉာဏ်ရည်ဉာဏ်သွေးမျိုးကတော့ ရှိတယ်၊ လေးက မယားအပြားကို မေးတာ၊ အဲ့ဒီမေးခွန်းမှာ သူ အတော်ကြာအောင် စဉ်းစားတယ်၊ မယားဆိုတော့ မိန်းမ၊ မိန်းမတွေမှာ အပြားဘယ်နှစ်ပြား ပါသလဲပေါ့၊ သူတွေးလို့ရသလောက် တစ်ပြားပဲရှိတယ်ပေါ့၊ အဲ့ဒါနဲ့ ချွေးတွေ ဖရဲသီးလုံးလောက်ကျအောင် စဉ်းစားပြီး တစ်ပြားလို့ ဖြေလိုက်တယ်. . . "

အောင်ထွန်း တခိခိ ရယ်၍ ထက်ခေါင် ခေါင်းငဲ့ကြည့်၍. . .

"ဟေ့ကောင် နားထောင်လေကွာ"

"အေးပါ. . . အခိ. . ခိ. . ခိ"

"နောက်ဆုံး နံပါတ်ငါးက လူမိုက်လက္ခဏာသုံးပါးလို့ ဖြေရတာ၊ ဘာတွေလဲဆိုတော့ မေးရိုးကားကား၊ မျက်ခုံးရိုးထူထူ နှာခေါင်းပွပွရှိခြင်း၊ တစ်ကိုယ်လုံး တက်တူးရုပ်တွေ ထိုးထားခြင်း ထစ်ခနဲရှိ ဒေါသလားတု့ မေးတတ်ခြင်းတဲ့"

www.burmeseclassic.com

www.burmeseclassic.com

အောင်ထွန်းက အရယ်တစ်ဝက်နှင့်...

"ဘုန်းကြီးက ဘာပြောလဲ!"

"ဖတ်ပြီး ဆော်တာကွာ၊ မောင်လွင် ငါးခြောက်ပြား ပျောက်လို့ သူ့ဘုန်းကြီး နွားတယ်ဆိုတာ ငါဦးလေးကို သမတဲ့ဘုန်းကြီး ဘယ်မှိမလဲ၊ ရိုက်ပြီး ပစ်ချထားတဲ့ ကြိမ်လုံးကို ဘီးနဲ့ ဖြီးသင်လို့တောင် ရတယ်ဆိုပဲကွ..."

"ဗုဒ္ဓေါ..."

အောင်ထွန်း ဒီတစ်ခါ မရယ်ဘဲ ဘုရားတကာ ငြိမ်သွားသည်၊ ထက်ခေါင်က...

"အရိုက်ခံရတဲ့ ငါဦးလေးကို ငှက်ဆီသီးနဲ့ နယ်ပြီး ဆေးရုံပို့ရတဲ့အချိန်မှာ ဘုန်းကြီးရဲ့လက်မောင်းကိုလည်း အရိုးအကြော အထူးကုနဲ့ကို ပြရတာဟ"

"တော်တော်တွယ်တာပဲ... ကြက်သီးတောင် ထတယ်"

"တွယ်တာလည်း မပြောနဲ့၊ လူ့ဘဝမှာ ရခဲခြင်းလေးပါးရှိတယ်၊ လူ့အဖြစ်ကို ရခဲခြင်း၊ ဘုရားပွင့်သောကာလကို ကြုံခဲခြင်း၊ သဒ္ဓါတရား နှင့် ပြည့်စုံခဲခြင်း၊ ရဟန်းအဖြစ်ဘို့ ရခဲခြင်းကွ၊ အဲဒါ ကျမ်းထွက်အဖြေမှန်"

"ဟေ..."

"နောက်တစ်ခု ဆူးညောင့်ငါးစင်းဆိုတာ ဘုရားကို ယုံမှားခြင်း၊ တရားတော်ကို ယုံမှားခြင်း၊ သံဃာတော်ကို ယုံမှားခြင်း၊ သိက္ခာပုဒ်ကို ယုံမှားခြင်း၊ တရားအားထုတ်ဖက် သီတင်းသုံးဖော်သုံးဖက် အပေါ် အမျက်ထွက်ခြင်းတဲ့ဟ..."

"သြော်... ဟို... သွပ်ဆူးတွေ၊ သံဆူးတွေ မဟုတ်ဘူးကိုး"

"မဟုတ်ဘူး.. အဲ.. လင့်ဝတ္ထုရားကတော့ ကွက်တိမှန်တယ်၊ အဲဒါကြောင့်လည်း ဘုန်းကြီးက သူ့တူမနဲ့ ပေးစားဖို့ ခွင့်ပြုလိုက်တာ"

"တော်သေးတာပေါ့ကွာ... တစ်ခုမှန်သွားလို့"

"မတော်တာ ဆက်ပြောမယ်၊ မယားအပြား တစ်ပြားထဲ ရှိပါ

တယ် ပြောလို့ ဘုန်းကြီးက.. ဟင်.. ကိုလေသာကောင်.. သေဟ ဆိုပြီး အသားကုန် တွယ်တာ၊ တွယ်ရင်း နင် အဲဒီတစ်ပြားပဲ သိလားလို့ မေးတော့ ဦးလေးက တင်ပါ့ဘုရား၊ ဘယ်မိန်းမကြည့်ကြည့် လျှာပြား တစ်ပြားပဲ ပါပါတယ်ဘုရားဆိုပြီး ပြောလို့ ဘုန်းကြီးက လျှောလိုက်တာ"

"တော်သေးတာပေါ့ကွာ... လျှာကယ်ပေလို့၊ မဟုတ်ရင် အသက်တောင် ပါနိုင်တယ်နော"

"လျှောတယ်ဆိုတာ အဲဒီမေးခွန်းအတွက် လျှောတာ၊ နောက်မေးခွန်းအတွက် ဆက်ပြီးတွယ်တယ်ဗျား"

"ဟမ်..."

"လူမိုက်လက္ခဏာသုံးပါးက သူ ဖြေသလို မဟုတ်ဘူး၊ ဥစ္စာမရှိဘဲ ကာမဂုဏ် အလိုရှိခြင်း၊ ခွန်အားမရှိပဲ ခိုက်ရန်ပြုခြင်း၊ ကျမ်းဂန်အကြားအမြင်နည်းလျက် အငြင်းအခုံ အလိုရှိခြင်းကွ၊ အဲဒါမှ အမှန်"

"သြော်... အေးပေါ့၊ ဆော်ပြီပေါ့၊ ဒီအတိုင်းဆို ရိုက်ပြီး ချထားတဲ့ ကြိမ်လုံးကို ဘီးနဲ့ ဖြီးသင်လို့ ရရုံတင် ဘယ်ကမလဲကွ၊ သန်းဥတွေ တွယ်ပြီး ဘောက်တောင် ထချင်ထနေဦးမှာ၊ အေး... အဲဒါနဲ့ ညားကြလေသတည်းပေါ့"

"မညားဘူးကွ"

"ဟာ... ဘာဖြစ်လို့တုန်း၊ ဘုန်းကြီးက သဘောတူလိုက်ပြီလေ"

"ငါဦးလေးက ပြောတယ်၊ ဘုန်းကြီးအမျိုးတွေ စိတ်နာတယ်တဲ့"

"ဟာ... နှမျောစရာကွာ"

"ဟုတ်တယ်... ငါ့အဖိုးလည်း အဲ့သလိုစိတ်မျိုး ရှိပုံရတယ်၊ နှမျောတာနဲ့ အဖွားလည်း ဆုံးရော မနန်းသူရဲ့အမေ ဒေါ်နုနီကို ယူလိုက်တယ်ကွ"

"သြော... မခြိမ်းတဲ့မိုးက..."

"အေးကွာ.. အဲဒါနဲ့ ငါ့အမေလည်း မိထွေးနဲ့ တစ်ပိုးအောက်

www.burmeseclassic.com

www.burmeseclassic.com

အတူမနေဘူးဆိုပြီး ငါ့အဖေကို ယူလိုက်တာ ငါ့ကို မွေးလာတာပဲလေ"

"ဒါနဲ့ မင်းဦးလေး ဦးဇော်ကရော"

"အေး. . . အဲ့ဒါမှ တကယ့်အနှစ်၊ သူ့အဖေကို ဒေါ်နုနိုက ယူလိုက်လို့ အကြီးအကျယ် ဒေါပွပြီး ဂလဲ့စားချေမယ်ဆိုပြီး မနန်းသူကို ခိုးပြေးတာလေ"

"နိပ်ပဟ"

"မနိပ်ဘူး. . . မနန်းသူက အလိုမတူပဲ ခိုးယူပေါင်းသင်းပါတယ်ဆိုပြီး တိုင်လို့ ထောင်ကျသွားတယ်"

"ဟာ. . ."

"ခုတော့ ထောင်က လွှတ်ပြီး ဘုန်းကြီးဝတ်သွားပြီ"

"အင်း. . . လူ့ဘဝနော် တကယ့်သံဝေဂပါလား"

"ဒါကြောင့် ငါ့ဦးလေးက ငါ့ထက် ဆိုးပါတယ် ပြောတာပေါ့ကွာ"

"ဟင်. . . ဒါဆို မင်းတို့အမွေကိစ္စ ပလုံပြိပေါ့!"

"ဘယ်ပလုံမလဲ. . . ငါ့အဖိုးက လူလည်ပါ၊ မသေခင် က တည်းက သေတမ်းစာနဲ့ ရှေ့နေအပ်ပြီး မျှမျှတတ ခွဲထားပေးခဲ့တာ"

ထက်ခေါင် စကားဖြတ်ပြီး ရေသန့်ဘူး ယူမော့သည်၊ ရေမရှိတော့သဖြင့် အာခေါင်ခြောက်ခြောက်နှင့် ဦးခင်မောင်လတ်တို့ခြံဖက် လှမ်းကဲကြည့်လိုက်သည်၊

"ဟာ. . . မီးတွေ ပိတ်လိုက်ပါလား!"

ပြောရင်းနှင့် လက်က နာရီကို ပြန်ကြည့်သည်၊

"ဘုရားဘုရား. . . ဆယ့်တစ်နာရီ ထိုးတော့မယ်၊ ဟာ. . . ဗလ. . . ဗလရေ"

ထက်ခေါင် ဗလအတွက် အလွန်အမင်း စိုးရိမ်သွားကာ ကား တံခါးဖွင့်ပြီး ဆင်းပြေးသဖြင့် အောင်ထွန်းပါ ပြေးလိုက်လာသည်၊

"ဒီလူ လူပါးဝပြီကွ. . . တွေ့မယ်"

ထက်ခေါင် အံကြိတ်သံနှင့် ပြောရင်း တံခါးမကြီးမှ လူဝင်

ပေါက်ကို တွန်းလှုပ်သည်၊ မရ၍ တံခါးကို ကျော်မတက်ရန် ပြင်သဖြင့် အောင်ထွန်း အတင်းဝင်ဆွဲကာ. . .

"ထက်ခေါင်. . . မင်း အဲ့သလို မလုပ်နဲ့"

"လုပ်တော့ ဘာဖြစ်လဲ၊ သတ်ပါ သတ်ပစ်မယ်"

"ဟော့ကောင်. . . ပိုင်နက်ကျူးလွန်မှုနဲ့ ငြိသွားမယ်ကွ"

"ဒါဆို ဗလ ဘယ်လိုလုပ်မလဲ၊ ဗလ ဘာဖြစ်နေပြီလဲ!"

"ဖုန်း. . . ဖုန်း. . . မင်းဆီမှာ သူ့ဖုန်းနံပါတ် ရှိတယ်"

အောင်ထွန်း သတိပေး၍ ထက်ခေါင် ဖုန်းဖွင့်ကာ ခေါ်လိုက်သည်၊ တော်တော်နှင့် ဖုန်းမကိုင်၍ ထက်ခေါင် တောက်ခေါက်ကာ တံခါးဘောင်အား လက်ဖနောင့်နှင့် ဆောင့်ရိုက်ပစ်လိုက်စဉ် တစ်ဖက်မှ ဖုန်းလက်ခံပြီး ထူးသံကို ကြားရတော့သည်၊

အောင်ထွန်းက. . .

"ထက်ခေါင် စပီကာ ဖွင့်စမ်း"

"ဟဲလို. . . ဘယ်သူလဲ၊ ဦးခင်မောင်လတ်လား!"

"မဟုတ်ဘူး. . . ငါ. . ငါ ဗလကွာ၊ ဒီမှာ ဒုက္ခရောက်နေပြီ"

"ဟာ. . . မင်း ဘာဖြစ်နေလဲ၊ ဘာဖြစ်သွားလဲ!"

"ဘာမှ မဖြစ်သေးဘူး. . . ဒီလူ ငါ့ကို ညာတာပါတော်းနဲ့ ခေါ်သိပ်နေလို့ ငါ အိမ်က ယူလာတဲ့ ကနဦးနဲ့ ပညာပေးထားတာ. . . အိမ်သာနဲ့ မိတ်ဖွဲ့နေတယ်"

"အေး. . . ကောင်းတယ်၊ ငါတို့ မပြန်ဘူး၊ မင်းကို ခြံရှေ့က စောင့်နေတာ၊ မင်းထွက်မလာလို့ ဖုန်းခေါ်တာ၊ မင်းမကြောက်နဲ့ ဗလ၊ အဲ့ဒီလူကို အခု ဖုန်းသွားပေးစမ်း"

"ဟာ. . . အိမ်သာထဲ ရောက်နေတယ်"

"သွားပေးကွာ"

"အေးအေး. . . ခဏလေး ကိုင်ထား"

ထို့နောက် ဖုန်းထဲမှ တံခါးထုသံ ခေါ်သံကြားရပြီး ညည်းညူသံနှင့် ဦးခင်မောင်လတ်အသံကို ကြားရတော့သည်၊

www.burmeseclassic.com

www.burmeseclassic.com

"ဟယ်လို. . . အမလေး. . . ကျွတ်. . . ကျွတ်"

"ဟေ့လူ. . . ခင်ဗျား ကျုပ်သူငယ်ချင်းကို ဘာလုပ်တာလဲ!"

"ငါ. . . ဘာလုပ်လို့လဲဟယ်. . . ကျွတ်ကျွတ်၊ သူလုပ်လို့ ငါ့မှာ ဝမ်းလျှောသလို ဖြစ်နေရတာ၊ ငါ့ကိုလည်း သနားကြပါဦး"

"လာမလုပ်နဲ့. . . ကျုပ် ခင်ဗျားအိမ်ရှေ့က လုံးဝမပြန်သေးဘူး၊ ကျုပ်သူငယ်ချင်းကို အခု ပြန်ထုတ်ပေး၊ ငါးမိနစ်အတွင်း ပြန်ထုတ်မပေးရင် ကျုပ် ရဲစခန်းမှာ အမှုဖွင့်ပစ်မယ်. . . ဘာမှတ်နေလဲ!"

"အာ. . . အေး. . . အေးပါဟယ်၊ အခု လွှတ်ပေးပါ့မယ်၊ မဟုတ်ရင် ငါလည်း ဝမ်းလျှောပြီး သေလိမ့်မယ်၊ စိတ်ချပါ၊ အမလေး ကျွတ်ကျွတ်. . . ယူချင်ဦးဟဲ့ ယောကျ်ား. . . ငါ့နှယ်နော်"

ထက်ခေါင် ဒေါသမျက်နှာနှင့် ခွီးခနဲ ထရယ်၍ အောင်ထွန်းပါမနေနိုင်ဘဲ ရယ်တော့သည်။ ခဏကြာတော့ မီးများ ပြန်လင်းလာပြီး ဖရိုဖရဲ အပြိုအပြဲနှင့် ထွက်လာသော ဝလကို တွေ့ရကာ ကွတကွတနှင့် နောက်က လိုက်လာသော ဦးခင်မောင်လတ်ကိုပါ တွေ့ရတော့သည်။

တံခါးဖွင့်ပြီးသည်နှင့် ဝလ ခုန်မထွက်ရုံတမယ် ထွက်ကာ သက်ပြင်းမောကို ဟူးကနဲ မှုတ်ထုတ်သည်။ ထို့နောက် ဆံထုံးကိုပါ ဖြုတ်ချကာ ခေါင်းကို တဖျင်းဖျင်း ကုတ်လေသည်။

ထက်ခေါင်က ဝလကို သေချာကြည့်ပြီး. . .

"မင်း ဘာမှ မဖြစ်ဘူးနော်"

ဝလ ခေါင်းခါပြမှ ဦးခင်မောင်လတ်ဘက် လှည့်ပြီး. . .

"ကဲ. . . ကျုပ်တို့ပြန်မယ်"

"ဟာ. . . နေဦးလေ၊ တို့သဘောတူထားတဲ့ကိစ္စ ဘယ်လို ဆက်လုပ်ကြမှာလဲ!၊ အမလေး. . . ကျွတ်. . . ကျွတ်"

"ဘာလုပ်စရာ လိုတော့လဲ၊ ပြီးပြီလေဗျာ၊ ကျန်တာ လူကြီးချင်း စကားပြောလိုက်ရင် အိသကြိန်နဲ့ခင်ဗျားနဲ့ ဇာတ်လမ်းပြတ်ပြီ၊ ဒါပဲ မဟုတ်လား"

"ဟုတ်ပါတယ်. . . မာမီက. . သူ. . သူ့ချွေးမလေးကို ကြည့်

ချင်သေးတယ်ဆိုရင် တို့ ဘယ်လိုလုပ်ရမလဲလို့"

"ဓါတ်ပုံပို့လိုက်မယ် ကျွတ်ကျွတ်အိပ်နဲ့၊ လာ. . . ဟေ့ကောင်တွေ လစ်ကြမယ်"

ဦးခင်မောင်လတ် နှုတ်ခမ်းတလန် ပန်းတစ်လန်နှင့် ဆဲကာ ကျန်ရစ်ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၀)တစ်၊

တော်သလင်းနေ့ ပုဇွန်သေ၊ တော်သလင်းမိုး ကန်စွန်းကိုးဟု ရှေးလူကြီးများ ဆိုထားခဲ့သောစကားက ပိုးစိုးပက်စက် မှန်လွန်းသည်ဟု ထင်ခေါင် တွေးနေမိသည်။ သူ အိမ်က ထွက်လာတုန်းက မနက်ခင်း ထွက်တဲ့နေရောင်နှင့် အပူရှိန်ဆို ပုဇွန်သေရုံတင်မကပဲ ငါးတွေရော ဖားတွေပါ သေနိုင်သည်။

သူတောင် အိမ်ရှေ့က ထွက်လာပြီးမှ ဦးထုပ်ပဲ ဆောင်းရမလို၊ ထီးပဲ ယူရမလို ဖြစ်သွားပြီးမှ ဘာမှမယူပဲ လွယ်အိတ် ခေါင်းပေါ် တင်ကာ လျှောက်လာခဲ့ရသည်။ ကားပေါ် ရောက်တဲ့အထိ ပူလုံး၊ ခရီးသည်ကလည်း တစ်လုံးကြီး၊ စီးမိတဲ့(၂၀၃)တ အဲပဲးကွန်း အထည်ကြီးပျက်၊ တကယ့်အလုံပိတ်ကားကြီး ဖြစ်နေလို့ ပြောဖတ်စော်

www.burmeseclassic.com

www.burmeseclassic.com

တောင် နံလာသည်။ ဘေလီကျော်မှ ပူရာကနေ အိုက်စပ်စပ်ကြီး ဖြစ်လာပြီး နေရောင်လုံးဝမျောက်သွားသဖြင့် လူကြားထဲကနေ ငုံကိုင်းကြည့်တော့ အပြင်မှာ မိုးအုံ့နေပါသည်။ အုံ့ကွာ၊ ရွာကွာပေါ့၊ ရွာပါသည်။

ခွန်ရှစ်လမ်းဆုံကနေ ထွက်လာကတည်းက ရွာလိုက်တဲ့မိုး၊ ကျောင်းကို ကားတစ်ပတ် ပတ်မိတာတောင် မတိတ်လို့ ထုံးစံအတိုင်း အိတ်ကို ခေါင်းပေါ် တင်ကာ ပြေးရသည်။ ကားကြီးဝင်း ကင်တင်းထဲ ရောက်မှ ကောင်းကင်ကို ရဲရဲမောင့်ကြည့်သည်။

ဘုရား. . . ဘုရား။ မည်းမည်းလှုပ် ချိလာသော မိုးသားတိမ်လိပ်တွေက မျှော်စင်ကျွန်း စိန်ခေါ်ပွဲလို သဲသဲမဲမဲ ထိုးသတ်ကာ ရွာချသဖြင့် ကင်တင်းအမိုးတွေ တဖျောဖျော ညံကာနေတော့သည်။

သူလည်း လက်ဖက်ရည်ကို ဝမ်းခေါင်းသံနှင့် အော်ကာ မှာရသည်။ ဒီမိုးက ကန်သင်းတင်မဟုတ်၊ တာဘောင်ပါ ကျိုးလောက်သည်။

သူ လက်ဖက်ရည်တစ်ဝက် ကျိုးချိန်မှာ ဗလနှင့်အောင်ထွန်းတို့ ရောက်လာကြသည်။ ဒီကောင်နှစ်ကောင်တမှ ဟုတ်နေသေးသည်။ နှစ်ယောက်စလုံး ထီးကိုယ်စီ။

"ဟ. . . ဟေ့ကောင် ခွဲနေပါလား"

"ဟေ. . . မင်းကြီးဒေါ် မိုးကိုလည်း ကြည့်ဦးလေကွာ"

"ထီးလေးဘာလေး ဆောင်းမပေါ့ကွာ၊ မိုးမရွာလဲ နေပူတာပဲ၊ စာမေးပွဲ ဖြေရတော့မယ်၊ ကျန်းမာရေး ဟကောင်ရေ၊ ဗလ. . . လက်ဖက်ရည် မှာကွာ"

အောင်ထွန်း အော်အော်ပြီး ပြောပြီးမှ သူ့လည်ပင်းသူ ပြန်သနားသွားသည်။ ဗလက သူတို့ထက် လိမ္မာပြီး စနစ်တကျ အသုံးချတတ်သည်၊ မိုးသဲ့လေသဲ့ ခေါင်မိုးက ဗျိုးဗျိုးဗျောက်ဗျောက်သံကို အည့်ခံပြီး ဖျော်ခုံနားအထိ လျှောက်သွားကာ မှာလိုက်သည်။

"အခြေအနေ ဘယ်လိုလဲ ထက်ခေါင်!"

"ခုချိန်ထိတော့ အဖြူအမည်း မသဲကွဲသေးဘူးကွ၊ နေခင်း

ထမင်းစား ဆင်းချိန်လောက်မှ မေသကြိန်ကို သွားထောက်ကြည့်မလားလို့"

"ပါးရိုက်လွှတ်မှာပေါ့ကွ"

"သတင်း. . . သတင်း. . မသာကောင်တွေ စောစောစီးစီး မဆဲချင်ဘူး"

အောင်ထွန်း ပခုံးတွန့် ပြုံးရင်း ဗလအတွက် စားပွဲအောက် သွင်းထားသော ခုံတစ်ခုံကို ဆွဲထုတ်ပေးလိုက်သည်။

ဗလ မျက်မှန်လေးတစ်ချက် မ,တင်ကာ ဝင်ထိုင်ပြီး. . .

"နောက်တစ်ခါ ဟိုလူကြီးနဲ့ ပတ်သက်တဲ့ အကူအညီမျိုး မတောင်းနဲ့တော့ကွာ၊ ကျန်တာ ဘာဖြစ်ဖြစ် ငါလုပ်မယ်"

"အေး. . . အဲ့ဒီနေ့က မင်းတို့ အော်ပရာ ဘယ်လိုကလိုက်ကြလဲ၊ ငါလည်း အဲ့ဒီညက ဒေါသတွေ၊ မင်း သမလွှတ်လိုက်လို့ ရယ်ရတာတွေ မေးဖို့မေ့သွားတယ်"

"သူ့ဘာသူ အဆင်ပြေသွားတာ၊ ငါတော့ အဆင်မပြေမယ်လို့ကို မထင်ထားတာကွ"

"အေး. . . ပြောပါဦး"

ထိုအခိုက် လက်ဖက်ရည် လာချပေးသဖြင့် ဗလ လက်ဖက်ရည်တစ်ငုံ စုတ်သောက်လိုက်သည်။ ပြီးမှ. . .

"မင်းသိတဲ့အတိုင်း ငါက လမ်းလျှောက်တော့လည်း တောင့်တောင့်ကြီး၊ စကားပြောတော့လည်း ကျွန်တော်နဲ့ပဲ ပြောတာ၊ အဲ့ဒါကို ဘွားတော်ကြီးက 'သမီးက မန္တလေးသူလား. . . ထင်သားပဲ' တဲ့ကွာ"

ရယ်ကြသည်။ ထို့နောက် ဗလက ဆက်၍. . .

"အဲ့ဒါနဲ့ မေးလိုက်တာ မိဘတွေက ဘာလုပ်သလဲ၊ ရှိသေးလား၊ သမီးက ဘာနဲ့ ကျောင်းပြီးလဲ၊ အခု ဘယ်မှာ တည်းလဲနဲ့ ငါလည်း ပါးစပ်နဲ့တွေ့သမျှ အကုန်လွှတ်တာ၊ လွှတ်သမျှ ဘွားတော်ကြီးက သဘောတွေ ကျနေလို့ ငါ ဒုက္ခရောက်သွားတာပေါ့"

"ဟာ. . . ဘယ်လိုကြောင့်လဲ!"

www.burmeseclassic.com

www.burmeseclassic.com

"သူ သဘောကျမှတော့ သူ့သား ဂျယ်ကြိုးက မာမီ သား သူ့ကို ဒီမှာပဲ သိပ်လိုက်တော့မယ်လို့ ပြောတာကို ကောင်းတာပေါ့ သားရယ်ဆိုပြီး သူကိုယ်တိုင် သူ့သားအခန်းထဲအထိ လိုက်ပို့တာဟေ့၊ ငါ့မှာ ဇောချွေးတွေ ပြန်တာမှ မပြောပါနဲ့တော့"

"အဟက်ဟက်. . . ဗလတို့အတွေ့အကြုံကတော့ ရှယ်ပဲကွာ၊ ဒါမျိုး ကြုံရခဲတယ်ကွ၊ မင်း ကံထူးတာ"

"တော်စမ်းပါကွာ. . . စိတ်ကူးရပြီး ကနခို ဆောင်လာလို့ပဲ တော်တော့တယ်"

အောင်ထွန်း လက်ဖက်ရည်သောက်ရင်း ရယ်မိ၍ ခွီးခနဲဖြစ်ကာ လက်ဖက်ရည်တွေပါ ဖွာခနဲ ထွက်လာလေတော့သည်။

"ဒီကောင်လည်း ဉာဏ်ပြေးတာပဲကွနော်၊ တကယ်မထင်ရဘူး"

"ဉာဏ်မပါရင် ခံလာရမှာ"

"ဟေ့ကောင်တွေ. . . တော်ကြကွာ၊ ခွီးထဲမှပဲ"

"ဟင်. . . "

အောင်ထွန်းထံမှ ထွက်လာသော "ဟင်. . . " သံက အောင်ထွန်း၏ မျက်လုံးအစုံကိုပါ ပြူးကျယ်ငြိမ်သက်သွားစေသဖြင့် သူရော ဗလပါ အောင်ထွန်း၏အကြည့်တန်းဆီ လှမ်းကြည့်လိုက်ကြသည်။

"ဟာ. . . "

သည်တစ်ကြိမ် "ဟာ" သွားတာက ထက်ခေါင်ဖြစ်ပါသည်၊

"သင်္ကြန်တို့ ညီအစ်မကွ"

ထက်ခေါင် အင်းမလုပ် အဲမလုပ် ငုတ်တုတ်ထိုင်ကြည့်နေ၍ ဗလနှင့် အောင်ထွန်းတို့ ခုံတွေ ဆွဲထုတ်ကာ နေရာပေးကြသည်။

"လာ. . . ညီမလေးရော ညီမကြီးပါ ထိုင်ကြ၊ ဘာသောက်မလဲ၊ အပူလား အအေးလား!"

ထုံးစံအတိုင်း အောင်ထွန်း ဖော်ရွေသွက်လက်ပြကာ ခရီးဦးကြိုပြုလိုက်သည်။ သို့သော် မိုးသံလေသံကြောင့် ရှိုးစမိုးနဲ့ မပြောနိုင်ဘဲ

လိပ်ခေါင်းထွက်အောင် အော်ကာပြောရသည်။

ပြူးထားသည့်မျက်နှာသာ မတွေ့ရလျှင် ရန်တွေ့လွှတ်သည့်နှယ်။

"လျှာပါ ပြတ်ထွက်လာဦးမယ်"

"ဘာလဲ ညီမလေး. . . စာလား၊ ဩော်. . . စာကျက်တာပေါ့၊ စာမေးပွဲ နီးနေပြီလေ"

"စိတ်ညစ်တယ်"

"ဟင်. . . သိပ်ချစ်တယ် ဟုတ်လား!"

"ဘာမှန်းလဲ မသိဘူးဟာ"

"ဟာ. . . မနမ်းရဲဘူးဆိုလည်း ရပါတယ်"

"ဟေ့ကောင်"

ထက်ခေါင် ထအော်မှပဲ ပွဲက ပြီးသွားသည်။

"ဟိုက ဘာပြောလို့ ပြောမှန်းမသိ၊ မင်း ကြားချင်တာကြားပြီး လျှောက်ပြောနေ၊ ပါးထရိုက်လိမ့်မယ်၊ ဟိုက လက်သွက်တယ်ကွ"

"ဘာ. . . ရက်စက်တယ်"

"တော်ပြီကွာ. . . မင်း သူတို့အတွက် ကော်ဖီမှာပေးလိုက်၊ သွား. . . သွား. . . ဟိုမှာ သွားမှာ. . . "

"အာ. . . အေးပါကွာ၊ ဖြေးဖြေးပြောလည်း ကိုးပါပဲ၊ လျော်ပါမယ်"

အောင်ထွန်း ပျာယီပျာယာ ထွက်သွားမှပင် ထက်ခေါင် သက်ပြင်းချကာ ပြန်ထိုင်သည်။ အရပ်ထဲကစကားအတိုင်း ရာသီဥတုက ကိုယ့်ဘက် ပါနေသလား မဆိုနိုင်၊ မိုးက စဲသွားသည်။ နည်းပညာခေတ်ထဲ ရွာတဲ့မိုးဖြစ်၍ တိခနဲ ရပ်သွားသည်။ မိုးတောင် အရှိန်ကို ထိန်းချုပ်နိုင်သောနည်းတွေ သုံးလာသဖြင့် သူလည်း ရင်ခုန်သံကို ထိန်းပစ်သည်။

"သင်္ကြန်တို့ ဒီနေ့ လာတာ နည်းနည်းထူးဆန်းနေသလားလို့ ဟိုလေ. . ဒီကို တစ်ခါမှ မလာဘူးလို့ ပြောတာပါ"

ထိုအခါ အိသင်္ကြန်က. . .

www.burmeseclassic.com

www.burmeseclassic.com

"တို့ သူ့ကို ကျေးဇူးတင်တဲ့အကြောင်း ပြောချင်လို့ပါ"

"ဘာအတွက်လဲ သကြိန်!"

"မနေ့ညက ဦးခင်မောင်လတ် မာမိကြီး ရောက်လာပြီး ဖေဖေနဲ့မေမေကို တောင်းပန်သွားတယ်၊ သူ့သားမှာ ရည်ရွယ်ထားတဲ့သူ ရှိမှန်း မသိလို့ ကမ်းလှမ်းမိတာ ခွင့်လွှတ်ဖို့နဲ့ စေ့စပ်ကြောင်းလမ်းဖို့ကိစ္စ ဖျက်သိမ်းလိုက်ဖို့လေ"

"ဟာ. . . တကယ်. . ."

"အင်း. . ."

အင်းဟု ဆိုကာ ပြုံးလျက် မျက်လွှာချလိုက်သော သူမ၏ မျက်နှာအလှအား ငတ်မွတ်စွာ ငေးကြည့်ပြီးမှ မေသကြိန်ကို အားနာပြီး အကြည့်လွှဲပစ်ရသည်။ နှမျောစရာ၊

ထို့နောက် အိသကြိန်က. . .

"သူ ဘယ်လိုများ ဖန်တီးလိုက်သလဲ မသိဘူးနော်"

"ဒီလိုပါပဲ သကြိန်ရယ်၊ မွေးကတည်းက ဦးနှောက်တစ်ခြမ်း မျက်စိတစ်လုံးတည်း ပါလာတဲ့လူ ဖြစ်နေပါစေ၊ တခြားနေရာမှာသာ မှန်မှားထုံအတာမျိုး ဖြစ်ချင်ဖြစ်မယ်၊ အချစ်နဲ့ ပတ်သက်လာရင် အမြင်အာရုံနဲ့ တွေးခေါ်မျှော်မြင်နိုင်စွမ်းကတော့ အပြည့်ပဲ၊ နည်းနည်းတော့ ပင်ပန်းတာပေါ့၊ စိတ်ပင်ပန်း လူပင်ပန်းတော့ ရှိတာပေါ့၊ ဒါက အသေးအဖွဲပါ"

သူ လှည့်မကြည့်လည်း သိပါသည်။

ဝလ အသံတိတ် ဆဲနေလေတော့မည်၊

အောင်ထွန်း ကော်ဖီပန်းကန်တွေ ကိုယ်တိုင်သယ်ယူပြီး ရောက်လာသည်၊

"ကော်ဖီသောက်ကြပါဦးကွ. . . ဒီဆိုင်က မေကျာကင်တင်းတွေမှာ ရောင်းတဲ့ ရေသကြားတို့ ချိုကျဲတို့ထက်တော့ သာတယ်"

သကြိန်တို့ညီအစ်မ ထရပ်လိုက်ကြသည်။

"တို့ ပြန်တော့မယ်"

သူ အလိုအလျောက် ခေါင်းညိတ်ပြမိလျက်သား ဖြစ်သွားသည်၊ အောင်ထွန်းခမျာ အတော်ပြူးပြူးပြာပြာဖြစ်ကာ. . .

"ဟာ. . . ကော်ဖီသောက်သွားကြဦးလေ"

"တော်ပြီ. . . ကျေးဇူးတင်တယ်"

အကြီးမက ယဉ်ကျေးစွာငြင်းဆန်သော်လည်း အငယ်မက. .

"ကော်ဖီတစ်ခွက်နဲ့ တွေ့တိုင်း ပြီးပြနေရမယ့် အတူတူတော့ မသောက်တာပဲ ကောင်းပါတယ်ရှင်. . . သွားတော့မယ်"

"ဟာ. . . ဟာ. . . ဟေ့. . . ဟေ့"

အောင်ထွန်း ခြေကားယား လက်ကားယားနှင့် ဖြစ်နေခိုက်

www.burmeseclassic.com

www.burmeseclassic.com

ဗလနှင့်ထက်ခေါင်တို့ ကော်ဖီတစ်ယောက်တစ်ခွက်စီ လှမ်းယူကာ မော့ပစ်လိုက်ကြသည်။

"အား. . . ကောင်းတယ်ဟ၊ ဒီကောင် ဘယ်လိုများ ပြောပြီး ဖျော်လာလဲ မသိဘူး"

အောင်ထွန်း ခုံကြည့်ပြီး ဗလရှေ့၌ တစ်ဝက်ကျန်နေသော ကော်ဖီခွက်ကို ယူကာ မော့သောက်ပစ်လိုက်သည်။ ပြီးမှ ကော်ဖီခွက်ကို စားပွဲပေါ် ခပ်ဆတ်ဆတ် ဆောင့်ချ၍ မျက်နှာကို ကောက်ခိုက်ထားပြီး ထိုင်လိုက်သည်။ ထက်ခေါင်က ကော်ဖီခွက်ကို လုံးဝအောက်မချပဲ လက်ထဲမှာပင် ထားကာ အရသာခံ သောက်ရင်း. . .

"ဒါ ဘာကော်ဖီလဲကွ အောင်ထွန်း၊ နောက်တစ်ခါ ငါလည်း မှာသောက်ချင်လို့"

"ရှယ်. . . ရှယ်. . . ရှယ်တောင် ရိုးရိုးရှယ် မဟုတ်ဘူး၊ ဂွတ် ရှယ်၊ ကော်ဖီတစ်ခွက်ကို ခုနစ်ရာကွ"

အောင်ထွန်း ဆောင့်ကြိုးအောင့်ကြိုးနှင့် ပြန်ဖြေသည်။

"ဟာ. . . မှားလှချေလား၊ ရွှေနဲ့ ဖျော်ထားလို့လား!"

"ရွှေတော့ ဘယ်ပါမလဲကွ၊ အဲဒီထဲမှာ နက်စ်၊ အိုဇာတင်း၊ ချောကလက်မုန့်၊ မိုင်လို့၊ ဟောလစ်၊ တစ်ဇန်းစီ ထည့်ပြီး ရေနွေးလုံးဝမထည့်ပဲ နွားနို့ပူပူနဲ့ ဖျော်ထားတာ၊ ရှင်းလား. . . "

ဗလ ကြေးတိုက်တော့သည်။

"မသာကောင်. . . ငါ့ကျတော့ ရိုးရိုးကျဆိမ့်တဲ့"

"တူမလားကွ"

ထက်ခေါင် ကော်ဖီပန်းကန် ပြန်ချသဖြင့် အောင်ထွန်း ကျာကသီ လှမ်းယူပြီး ကြည့်လိုက်သည်။ တစ်စက်မျှ မကျန်တော့သဖြင့် ပွစိပွစိ လုပ်ကာ ဆဲလေသည်။

"ဒီပုံစံနဲ့ကတော့ မင်း မရနိုင်ဘူး အောင်ထွန်းရာ"

"ဟေ. . . မင်းပဲ သွက်သွက်လက်လက် ထက်ထက်မြက်မြက် ဆိုကွ"

"မှန်တယ်. . . သွက်တာနဲ့ ကလက်တာနဲ့ မတူဘူးကွ၊ မင်းဟာက ကလက်ကချော်ကြီး ဖြစ်နေတာ၊ ဟိုက ဘယ်လိုလုပ် စိတ်ဝင်စားမှာလဲ"

အောင်ထွန်းမျက်နှာ မှုန်အိုသွားပြီး. . .

"ငါ့ကို မနောက်နဲ့ကွာ ထက်ခေါင်ရာ၊ ငါ တကယ် 'ဘုတ်ဆုံမ' ဖြစ်နေပြီ"

"ဘာ. . . မင်း ဘုတ်ဆုံမနဲ့ ဖြစ်နေတယ်၊ ဘယ်ဘုတ်ဆုံလဲ၊ အီးမေဂျာက ဟိုဝတုတ်ကြီးလား!"

ဗလ ဝင်နှောင့်၍ အောင်ထွန်း နှာမှုတ်သံ ရှူးကနဲ ထွက်လာတာ. . .

"အဲ့ဒါပြောတာ မဟုတ်ဘူးကွာ၊ ဘုတ်ဆုံမ ဂရုတ်သီးမှုန့် ကြော်ငြာထဲကလို ဟပ်ထိနေပြီလို့ ပြောတာ"

"ဩော်. . . အဟိတိ. . . အောင်ထွန်းလည်း အလာကြီးဟ"

"အေးပေါ့ကွာ. . . မင်းတို့က ကိုယ်စီကိုယ်ငှ ရှိနေကြပြီ ဆိုတော့ ပြောကြပေါ့"

အောင်ထွန်းကို ကြည့်ပြီး သူ စိတ်မကောင်း ဖြစ်နေသည်။ တကယ်တမ်းကျ သူကိုယ်တိုင်လည်း ပြောသလောက်ကို မရေရာသေးပါချေ။

စောစောက သေချာအောင် အဖြေတစ်ခု ထုတ်လိုက်ချင်သော်လည်း အငယ်မကို အားနာစွာ အသာလျှိုကာ နေလိုက်ရသည်။ ထို့ကြောင့် အောင်ထွန်းအား နှစ်သိမ့်လိုသည့်သဘောနှင့်. . .

"အားမလျှော့ပါနဲ့ကွာ. . . မင်းက ပုံသေနည်း လွဲနေလို့ပါ။ ငါလည်း မင်းပြောသလောက် မသေချာသေးပါဘူး"

"ဒါပေမယ့် ငါ့ထက် သေချာနေပြီလေကွာ"

ထက်ခေါင် မျက်မှောင်တစ်ချက် ကြုံ့သွင်းပြီးမှ. . .

"ဒီလိုလုပ်ကွာ"

ထိုအခိုက် ဗလက. . .

www.burmeseclassic.com

www.burmeseclassic.com

"ကဲ. . . မင်းတို့ နေခဲ့ကြဦးကွာ၊ ငါ မွန်လေးဆီက ထီးယူလာ
တာ၊ သွားပြန်ပေးလိုက်ဦးမယ်"

"သွား. . . သွား. . . ဒေဝဒတ်လိုကောင်မျိုး အနားမှာ ရှိနေ
ရင် ဘာမှ အလုပ်မဖြစ်ဘူး. . . လစ်"

ဗလ ခုံမှ ထရင်း အောင်ထွန်းဆီ အကြည့်ပို့ကာ သူ့နား,နား
ကပ်၍ တီးတိုးသဖန်းပိုး လုပ်ကာ ထွက်သွားသည်။

"ဒီကောင် ဘာပြောသွားတာလဲ!"

"ဘာမှ မဟုတ်ပါဘူးကွာ"

"ပြောစမ်းပါကွ. . . ဒီကောင် ဘာပြောသွားတာလဲ!"

"ဘာမှ မဟုတ်ပါဘူးဆိုကွာ"

"မဟုတ်ဘူး. . . ပြော"

"မင်းကြောင့် ငှက်ပျောပင်တွေတော့ ဒုက္ခပဲကွာတဲ့"

"တောက်. . . ခွေးကောင်"

"မင်း မခံချင်ဘူး မဟုတ်လား!"

"ဒီကောင် စော်ကားတာကွ"

"ဒါဆိုလည်း နောက် မစော်ကားရဲအောင် ကြိုးစားကွာ. . . ငါ
ပြောသလိုလုပ်"

ထို့နောက် ထက်ခေါင်က အောင်ထွန်းလည်ပင်းကို လှမ်းဆွဲပြီး
တီးတိုးပြောလိုက်သည်။

အောင်ထွန်း မျက်လုံးပြူးသွားကာ. . .

"ဟေ့ကောင်. . . မဖြစ်ဘူးထင်တယ်နော်"

"ဖြစ်အောင် လုပ်ကွာ၊ အဲ့ဒါ မင်းအတွက် တစ်ခုတည်းသော
ပုံသေနည်းပဲ"

အောင်ထွန်း မျက်လုံးလေး လည်တယ်လည်တယ်နှင့် ပေါင်
ကြားထဲ လက်ဝါးနှစ်ဖက် ထည့်ကာ ညှပ်ထားသည်။ ခဏကြာမှ. . .

"တ. . တခြားနည်းလေး စဉ်းစား"

သူ ခေါင်းခါပြလိုက်၍ အောင်ထွန်း စုတ်သပ် ညည်းတွားလေ

တော့၏။

"ကဲ. . . ရှင်းတော့ကွာ၊ လစ်ကြမယ်"

အပြင်မှာတော့. . . တော်သလင်းနေ ပုဇွန်သေနေပါသည်။
အောင်ထွန်း ထီးဖွင့်ဆောင်းရင်း သူ့ကိုပါ မိုးပေးသည်။

"ဟ. . . လာလေကွာ၊ နေပူတယ်ကွ"

"ငါ့တစ်ကိုယ်လုံး ရွှဲနေတာ နေလှန်းရဦးမယ်"

၃၅ ချိန်ကာလတို့ တရွေ့ရွေ့ ကုန်လွန်သွားခဲ့သည်။ ခြတက်
သလို တက်ပြီး ခြစားသလို အစားခံနေရသော ကာလယန္တရားထဲ ထက်
ခေါင်တို့အုပ်စုလည်း ရေမျောသလိုမျောကာ ရေတက်သလို တက်လာခဲ့
ကြသည်။ အချစ်ဒီရေ ဖြစ်လေသည်။

Second Semester ဖြေပြီး ကျောင်းပိတ်လိုက်ပြီဖြစ်၍ ဝေဖြိုး
တို့လို ကျောင်းမှာကတည်းက တွဲလာခဲ့သော်အတွဲများ အပြီးတွဲသူက
တွဲ၊ အပြီးခွဲသူခွဲ၊ အတွဲမပျက် ခွဲလျက်နေသူကနေနှင့် အခြေအနေ
အပြောင်းအလဲများ ဖြစ်ကုန်ကြသည်။

အောင်ထွန်းလို တစ်ကောင်ကြွက် သမားများကတော့ ဘာ

www.burmeseclassic.com

www.burmeseclassic.com

တွေဘယ်လို ခရီးဆက်မည်တော့မသိ၊ ကားတစ်စီးနှင့် မနက်တိုင်း သူ့ထံ ရောက်လာပါသည်။

သနားစရာကောင်းသော မျှော်တော်ယောင် မင်းနှစ်ပါးတို့ သီချင်းများ အော်ဆိုလိုက်၊ လက်ဖက်ရည်ဆိုင် ထွက်ထိုင်လိုက်နှင့် ကျား ချောင်း,ချောင်းကာ ဆင်ကြိ,ကြိနေခြင်း ဖြစ်သည်။

အောင်ထွန်း၏တစ်ခုတည်းသော ပုံသေနည်းအတွက်. . .

"ထက်ခေါင်. . . လပြည့်နေ့ ဘယ်နေ့ကျလဲ!"

"အဂၤါနေ့ ဘာဖြစ်လို့လဲ!"

"ငါ ဗေဒင်မေးကြည့်တယ်၊ ငါ့ရဲ့ဖူးစာရေး စန်းယှဉ် နက္ခတ်က အခုလာမယ့် လပြည့်နေ့မှာ တိုင်ထိပ်တက်ချိပ်နေတဲ့အတွက် အဲဒီနေ့မှာ ကြိုးစားရင် တစ်ခွန်းတည်းနဲ့ ပြီးမယ်တဲ့ကွ"

"အမယ်လေး. . . တယ်ဟုတ်ပါလား၊ သေချာရဲ့လားကွာ"

"ပြော်. . . ငါ့အမေ လက်စွဲဗေဒင်ဆရာကွ၊ သူ တွက်ချက်ပေးတဲ့အတိုင်းလုပ်၊ အားလုံး အိုခေ"

"ပြီးရော. . . ငါလည်း အဲဒီနေ့ ပွဲသိမ်းမယ်"

"ဟာ. . . မင်းနဲ့တော့ မဆိုင်ဘူးလေ"

"အတူတူပဲ. . . မင်းလည်း စနေ၊ ငါလည်း စနေ၊ မွေးတဲ့နှစ်၊ လ၊ ရက် အားလုံး အတူတူပဲ၊ နာမည်အက္ခရာတွဲတာကအစ အတူတူပဲ၊ မင်းအတွက် မေးတာ ငါ့အတွက် မေးတာနဲ့ အတူတူပဲပေါ့ကွ"

"အေးနော်. . . မင်းနဲ့ငါ အတော်တူတာ၊ ဒါနဲ့များ ငါက ဘာကြောင့် ထုံအအ ဖြစ်နေရတာလဲကွာ"

ထိုစဉ် ဦးမြတ်ကျော်တစ်ယောက် ဆိုင်ထဲ ဝင်လာသဖြင့် ထက်ခေါင် ကိုယ်ရှိန်သတ်လိုက်သည်၊ ထို့နောက် ထက်ခေါင်က. . .

"ဦးလေး. . . ဒီကိုလာလေ"

"ပြော်. . . အေး. . . ထက်ခေါင် အတော်ပဲ၊ ငါတစ်ယောက်ထဲ ပျင်းပျင်းနဲ့ ထိုင်ရပြီ အောက်မေ့တာ"

ထက်ခေါင်က ဦးမြတ်ကျော်အတွက် လက်ဖက်ရည် လှုပ်မှာ

ပေးပြီးမှ. . .

"ဒါ ကျွန်တော့်သူငယ်ချင်း အောင်ထွန်းပါ၊ အတန်းတူ မေကျာတူ သူငယ်ချင်းပါ"

"အေး. . . တွေ့ရတာ ဝမ်းသာတယ်၊ ဦးလေးက ဦးမြတ်ကျော်ပါ၊ မောင်ထက်ခေါင်ရဲ့မိတ်ဆွေပေါ့ကွာ၊ အခု မင်းတို့ ကျောင်းပြီးပြီဆိုတော့ ဘာလုပ်မယ်လို့ တိုင်ပင်ကြလဲ"

"အမေကတော့ အဖေ ရှယ်ယာဝင်ထားတဲ့ကုမ္ပဏီမှာ အလုပ်ဝင်ဖို့ ကြိုးစားပေးနေတယ်၊ ဒီကောင်ကြီးကတော့ သူ့မိဘတွေရဲ့ကုမ္ပဏီမှာပဲ လုပ်မယ်တဲ့"

"ဟာ. . . အေး. . . ကောင်းတာပေါ့ကွာ၊ လူ့ဘဝဆိုတာ ဒီလိုပဲ၊ အဓိပ္ပါယ်ရှိအောင် ကြိုးစားရှင်သန်ရတာပဲဟေ့၊ ဒါနဲ့ ကျောင်းပြီးသွားလို့ မင်းတို့ကောင်မလေးတွေကရော အတူနေကြတော့မယ် ဘာညာနဲ့ မပူဆာကြဘူးလားကွဟေ"

"မူးလို့ နည်းနည်းတောင်းရှူရင်တောင် ပါးရိုက်ခံရမယ့်ကောင်တွေပါ ဦးလေးရာ၊ တကယ် ဘုရားစူး မရှိတာပါ"

"ဟား. . ဟား. . ဟား. . ဟား. . မင်းတို့ အတော်ညံ့တဲ့ကောင်တွေပါလား"

"ပြောလဲ ခံရမယ့်ဘဝပါ"

အောင်ထွန်း၏ဖြေပုံလေးကို ဦးမြတ်ကျော် သဘောကျသွားပြီး စားပွဲထိုး လာချပေးသွားသော လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်သည်၊ ပြီးမှ. . .

"မင်းတို့ကွာ. . . ငါ့လောက်တောင် မစွံတဲ့ကောင်တွေပဲကွ"

ထိုအခါ အောင်ထွန်းက. . .

"နည်းလမ်းကောင်းလေးများ ရှိရင် ကြားနာပါရစေ ဦးလေးရယ်"

"အင်း. . . နည်းလမ်းကောင်းဆိုတာတော့ ဒီတိုင်းတော့ တော်သက်လာရင် ကိုယ့်ရဲ့ကြိုးစားမှုက အဓိကပဲကွ၊ ကိုယ်ဘယ်လောက် အား

www.burmeseclassic.com

www.burmeseclassic.com

ထုတ်မှ ရှိသလဲဆိုတာအပေါ်မှာပဲ မူတည်တယ်၊ ငါတို့ခေတ်မှာတော့ မိန်းကလေး ကြိုက်အောင် နေပြလိုက်ရင် အဆင်ပြေတာပဲကွ၊ အဲ. . . မင်းတို့ခေတ်မှာတော့ အဲဒါမျိုး မရှိတော့ဘူး၊ ဒါကလည်း ရှင်းတယ်၊ ခေတ်ရဲ့တိုးတက်ပြောင်းလဲမှုကြောင့် မိန်းမနဲ့ယောကျ်ားး လုပ်အားညီမှုသွားတဲ့အတွက် မိန်းကလေးတွေက သူတို့စိတ်နဲ့ အဆင်ပြေရာကို သူတို့ဘာသာ ရွေးချယ်သွားကြတာပဲလေ"

အောင်ထွန်း အတော့်ကို လေးစားသွားဟန်နှင့်. . .

"ဦးလေးနဲ့ တွေ့ရတာ တန်ဖိုးကြီးလိုက်တာဗျာ၊ ကျွန်တော် ဦးလေးကို တိုင်ပင်လို့ရမလား၊ ကိစ္စက ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်စလုံး ခက်နေတာလေးပါ"

ထက်ခေါင် မျက်လုံးပြူးသွားပြီး ခြေဖျားလက်ဖျားတွေပါ အေးစက်ချင်လာသည်။ ထို့ကြောင့် အောင်ထွန်းကို သတိပေးဖို့ ကြိုးစားသော်လည်း နောက်ကျသွားပါသည်။

"ဒီလို ဦးလေးရာ၊ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက်က ညီအစ်မနှစ်ယောက်ကို ကြိုက်ကြတယ်၊ သူက အကြီးမ၊ ကျွန်တော်က အငယ်မပေါ့၊ သူကတော့ ကျွန်တော့်ထက် အများကြီးအဆင်ပြေတယ်၊ သူ နည်းနည်းလေး ကြိုးစားလိုက်တာနဲ့ အိုခေပဲ၊ ကျွန်တော့်မှာသာ အဆင်မပြေတာ၊ ဘယ်လိုမှ ချဉ်းကပ်လို့ မရဘူး ဖြစ်နေတယ်၊ ထက်ခေါင်ကတော့ ပြောပါတယ်၊ ကောင်မလေးပုံက ထက်ထက်မြက်မြက် ရှိတဲ့ ယောကျ်ားလေးမျိုးကို သဘောကျတဲ့ပုံစံတဲ့၊ ခုကျတာက ကျွန်တော်က ငတုံး ဦးလေးရ၊ အခုလောက် စကားသွက်အောင် ပြောဖြစ်တာ ဒီကောင် သင်ပေးလွန်းလို့"

"အဟက်ဟက်. . . မင်းကတော့လေ၊ တကယ်ပါပဲ၊ ကဲ. . . အဲ့ဒီကောင်မလေးက အခု ဘယ်မှာနေလဲ၊ ဆိုလိုတာက နေရာဒေသအပေါ် မူတည်ပြီး လူနေမှုစရိုက် အဆင့်အတန်းဆိုတာ ရှိတယ်၊ အဲ့ဒါကို ဦးလေး ခန့်မှန်းပေးချင်တာ"

သူ ဘယ်လိုမှ မနေနိုင်တော့သဖြင့် ထွက်ပေါက်ရှာသလိုမျိုး

မျက်နှာလေးရဲ့၊ ဗိုက်ကလေး နှိပ်လျက်. . .

"ဦးလေးရေ. . . ကန်တော့ပါဗျာ၊ ကျွန်တော် မအောင့်နိုင်တော့လို့"

"ဟာ. . . အေး. . အေး. . . သွား မောင်ထက်ခေါင်"

ထက်ခေါင် ခုံမှ မထခင် အောင်ထွန်း ခြေထောက်ကို နင်းကာ မျက်စိမှိတ်ပြလိုက်ပြီးမှ ထရပ်လိုက်သည်။

ဒါကို အောင်ထွန်းက. . .

"ရပါတယ်. . . အားမနာနဲ့၊ ဦးလေးနဲ့ စကားကောင်းနေပြီကွ၊ သွား. . . သွား"

ဒုက္ခတော့ အကြီးအကျယ် ရောက်ပြီဟု တွေးကာ ထက်ခေါင် ပြေးတော့သည်။ ထက်ခေါင် သွားမှ ဦးမြတ်ကျော်က. . .

"အင်း. . . ပြောပါဦးကွ"

"ဟုတ်ကဲ့. . . သူတို့ညီအစ်မက ဒီရပ်ကွက်ထဲမှာပဲ နေတာ ဦးလေးရဲ့"

"ဟေ. . ပြော. . ဒီရပ်ကွက်ကလား၊ ဘယ်သူတွေများတုန်း၊ ဦးလေးအသိထဲကဆို ပိုပြီးအကဲခတ်ပေးလို့ ကောင်းတာပေါ့"

"ကျေးဇူးတင်လိုက်တာ ဦးလေးရာ၊ ခုလို လူရင်းလူခံလည်းရှိ၊ ဝိုင်းလည်း စဉ်းစားလမ်းညွှန်ပေးတော့ ကျွန်တော် အဆင်ပြေဖို့ သေချာသွားပြီ"

"ဒါပေါ့. . . ဒါပေါ့၊ အင်း. . . နာမည်တွေက"

"အိသကြိန်နဲ့ မေသကြိန်တဲ့"

"ဟမ်!. . . "

ဦးမြတ်ကျော် လန့်ကာသွားပြီး ပြူးကြည့်သဖြင့် ထွန်းကျော်က. . .

"ဗျာ. . . ဦး. . ဦးလေးနဲ့ ရင်းနှီးလား!"

"အဲ့ဒါ ငါ့သမီးတွေကွ"

"ဗျာ. . . ဟာ. . . ဒုက္ခပါပဲ"

www.burmeseclassic.com

www.burmeseclassic.com

ေအာင္ထြန္း အကြီးအကျယ္ ထိတ္လန္႔သြားကာ ခုံပေါ္မွ ေအာက္ဆင္းထိုင္ျပီး လက္အုပ္ခ်ီလွ်က္. . .

"မရည္ရြယ္ပါဘူး ဦးေလးရယ္. . . ခြင့္လြတ္ပါ။ ေတာင္းပန္ပါတယ္"

"ေတာက္. . . ဟိုေကာင္ အဲဒါေၾကာင့္ ေျပးတာ၊ မင္းတို့ကြာ"

"ေတာင္းပန္ပါတယ္ ဦးေလးရာ၊ ဒါေပမယ့္ အၾကြေဘာက်ေလးေတာ့ ေပးခဲ့ပါ"

"ဟာ. . . ဒီေကာင္. . . "

"စိတ္မဆိုးပါနဲ့ ဦးေလးရာ၊ ကၽြန္ေတာ္ တကယ္ခ်စ္တာပါ၊ လုံးဝအေျမာ္မက်ပါဘူး၊ ခ်က္ခ်င္းလက္ထပ္ရင္ ခ်က္ခ်င္းယူမယ့္ ေကာင္ပါ"

"ဟေကာင္ ငတုံး. . . ငါက သူ့အေဖကြ"

"သိပါတယ္ခင္ဗ်ာ. . . ငတုံးငအမို့လို့လည္း ဒီလိုေျပာမိတာပါ၊ ခုေလာက္ သက္ေအာင္ ေျပာတတ္လာတာလည္း ထက္ေခါင္ သင္ေပးလို့ပါ"

"မင္းတို့နဲ့ေတာ့ ခုကြီးကြီးကၽနေပြ၊ ရွက္လိုက္တာကြာ၊ မင္း ခုံပေါ္ ျပန္ထိုင္စမ္း"

ေအာင္ထြန္း၏အူတိအူေၾကာင္ လုပ္ပုံေၾကာင့္ ဆိုင္ထဲ ရွိသမွ် သူတို့ ပြဲၾကီးစိစိျဖစ္ကုန္ၾကသည္။ တစ္ခ်ိဳ့ ဘာျဖစ္မွန္း မသိလိုက္၍ လည့္ၾကည့္ကာ အခ်င္းခ်င္း ေမးေငါ့ေနၾက၍ ဦးျမတ္ေက်ာ္ မ်က္နွာတို့ ထူပူကုန္ေလသည္။ ထို့ေနာက္ ကိုယ့္တုတ္နွင့္ကိုယ္ အရိုက္ခံထားရ၍ အေတာ္ခံရခက္စြာနွင့္ ေအာင္ထြန္းကို ကြည့္မိသည္။ စိတ္ထဲက ဆဲထိုးပစ္ခ်င္စိတ္ ေပါက္ေနေသာ္လည္း ေအာင္ထြန္းပုံစံက ရိုးရိုးအာရွေ့မကြည့္ ေနာက္မကြည့္ေကာင္။

ျပဿနာက သူကိုယ္တိုင္ ထိုစရိုက္မ်ိဳးကို သေဘာက်ေနျခင္းျဖစ္သည္။ ထက္ေခါင္ကို ခင္မင္ရင္းစဲ့ ျဖစ္သြားတာလည္း ဒီလိုစရိုက္မို့ပင္။ သို့ေသာ္ ထက္ေခါင္က သူ့လိုေတာ့ မဟုတ္၊ နည္းနည္းေသးဆု

လွယ္ျပီး ပါးနပ္သည္။ အခုပဲကြည့္၊ အဖေရွ့မွာ သမီးအေကာင္းေျပာေတာ့မည့္ကိစ္စ သူ ဘယ္လိုမွ တားဆီးဖို့ မမီ၍ ထေျပးသြားခြင္းျဖစ္သည္။ ခက္ေျပျပီ။

"အား. . . ဟုတ္ျပီ၊ မင္းက ငါ့သမီး အငယ္မကို တကယ္သေဘာက်တယ္ေပါ့"

"တကယ္ပါခင္ဗ်ာ. . . အခု ထက္ေခါင္ဆီ ခဏခဏ လာေနရတဲ့ကိစ္စကလည္း အဲဒါေၾကာင့္ပါ"

"ေကာင္းျပီေလ. . . ငါလက္ခံတယ္၊ မင္းၾကိဳးစားၾကည့္ပါေတာ့၊ ရိုးသားစ္စာ ၾကိဳးစားဖို့ ေျပာတာေနာ္"

"ဟုတ္ကဲ့. . . ဟုတ္ကဲ့. . . ဝမ်းသာလိုက္တာ ဦးေလးရာ"

"အား. . . မင္းၾကိဳးစားၾကည့္လို့ ငါ့သမီးက လုံးဝလက္မခံပါဘူးဆိုရင္ေတာ့ နောက္ဆုတ္လိုက္. . . ဟုတ္ျပီေနာ္"

"ဟုတ္ကဲ့. . . ခင္ဗ်ာ"

"ကဲ. . . မင္းသြားေတာ့၊ လက္ဖက္ရည္ဖိုး ငါရွင္းလိုက္မယ္"

"ဟာ. . . မဟုတ္တာပဲ ဦးေလးရာ၊ ကၽြန္ေတာ္ ရွင္းပါမယ္၊ ဒီလိုလုပ္မယ္လေ၊ ကၽြန္ေတာ္တို့ စကားေျပာရင္း အတူျပန္ၾကမယ္၊ ကၽြန္ေတာ္ ထက္ေခါင္ဆီ ဝင္မွာဆိုေတာ့. . . "

"မင္း ေတာ္ေတာ္ အလိုက္မသိတဲ့ေကာင္ပါလား၊ ငါ မ်က္နွာပူတယ္ကြ"

"ေၾသာ္. . . ဟုတ္တာေပါ့၊ ေတာင္းပန္ပါတယ္၊ ကၽြန္ေတာ္ သြားပါ့မယ္"

ဦးျမတ္ေက်ာ္ သက္ျပင္းခ်ကာ ကၽြန္ခဲ့သည္။ စိတ္ထဲ ထက္ေခါင္အေၾကာင္း ဖ်တ္ခနဲ ေပၚလာကာ စိတ္ညစ္သြားလေသည္။

(ဒီေကာင္ကြာ. . .)

www.burmeseclassic.com

www.burmeseclassic.com



အခန်း(ဆယ့်နှစ်)

ခြံထဲသို့ မြောက်ကြွမြောက်ကြွနှင့် ဝင်လာသော အောင်ထွန်းကို လှမ်းအော်မဆဲမိအောင် အတော်မြိုသိပ်ထားရသည်။ သွားပါပြီ၊ ဦးမြတ်ကျော်နဲ့ ဆုံရင် ဘယ်လိုမျက်နှာပြရမှန်း မတွေးတတ်အောင် ဖြစ်နေသည်။

"ထက်ခေါင်ရေ. . . အဆင်ပြေတယ်ဟ. . . အဟတ် ဟား"

"မင်းဂျီးဒေါ်ကြီး ပြေပါလား. . . ခွမ်းမှပဲ"

အောင်ထွန်း သနားစရာ မျက်နှာလေးနှင့် ခေါင်းလေး ကုတ်ကာ ထက်ခေါင်ရှေ့ ဆက်တီခုံမှာ ဝင်ထိုင်ရင်း. . .

"မင်းပဲ ပြောတာလေ၊ ဒါ ငါ့အတွက် အသေချာဆုံး ပုံသေနည်းဆို၊ ငါက တခြားဟာ စဉ်းစားပေးပါ ဆိုတာတောင် မင်းက ဟင့်အင်းဆို"

www.burmeseclassic.com

www.burmeseclassic.com

"အေး. . . ငါပြောတာ မင်းအတွက်၊ ငါ့အတွက် မပါဘူးကွ"

"ဩော်. . . ပြောလက်စနဲ့ အဆင်ပြေအောင်ဆိုပြီး"

"တော်တော့ အောင်ထွန်း၊ မင်းကိစ္စ မင်းဘာသာပဲ ဆက်လုပ်တော့"

"မင်းကွာ. . . စိတ်ဆိုးစရာမှ မဟုတ်တာ"

"ဘာကွ. . . အိမ်မျက်နှာချင်းဆိုင် နေပြီး ဒီလောက်ရင်းနှီးနေတာ ငါ ဘယ်လို မျက်နှာပြမလဲ!"

"ဟာကွာ. . . နောင်လည်း ယောကျ်ားမ တော်ရတော့မယ့်ဟာ"

"ယေ့ကောင်. . . နောက်မှ တော်တာ နောက်ကိစ္စကွ၊ အခုရှေ့မှာ မတော်တရော်တွေ ဖြစ်ကုန်ပြီ၊ အဲ့ဒါ မင်းသိလား၊ ကျွတ်. . . ငါတော့ သေချင်တာပါပဲ"

"နေစမ်းပါဦး ထက်ခေါင်၊ ဒီကိစ္စက အဲ့သလောက်တောင် သွေးပျက်စရာ ကောင်းနေလား၊ အေးလေ. . . ဒါဆိုလည်း ငါ့စကားကို ငါပြန်ပြင်မယ်၊ ဦးမြတ်ကျော်ကို သွားတွေ့ပြီး စောစောက ပြောတဲ့ကိစ္စမှာ ထက်ခေါင်မပါဘူးလို့"

ထက်ခေါင် ခေါင်းငိုက်စိုက်ချကာ ခါယမ်းပစ်သည်။

ပြီးမှ ညည်းညူသံတစ်ဝက်နှင့်. . .

"ငါနဲ့ ဦးမြတ်ကျော်ကြားမှာ ငါ့ဖက်တာ မကျော်သင့်တဲ့ ကျေးဇူးတရားတွေ ရှိတယ် ထွန်းကျော်၊ ပွင့်ပွင့်လင်းလင်းပြောရရင် ငါ့အမေတောင် ငါ့ကို သားလို့ မသတ်မှတ်ချင်တော့လောက်အောင် ဆိုးခဲ့မိုက်ခဲ့တယ်၊ ရပ်ကွက်လူမိုက်တစ်ယောက်လို ဖြစ်နေတဲ့ ငါ့ကို တစ်ရပ်ကွက်လုံး အော့နှလုံးနာနေတဲ့ကြားက ဦးမြတ်ကျော်က ငါ့ကို နွေးထွေးမှုပေးခဲ့တယ်၊ အလေးပေး ဆက်ဆံတယ်၊ ကုန်ကုန်ပြောရရင် ရိုက်မှုနဲ့ အချုပ်ထဲ ရောက်သွားတဲ့ ငါ့ကို အမေက ထောင်ကျသွားအောင် အရေးယူခိုင်းတယ်၊ ဦးမြတ်ကျော်က အာမခံနဲ့ ထုတ်လာတယ်၊ အမှုကြေအေးအောင် ကူညီပေးတယ်၊ မင်း စဉ်းစားကြည့်စမ်း. . . ငါလုပ်သင့်သလား!"

"လုပ်သင့်တယ်"

"ဘာ. . . "

"ဟုတ်တယ်လေကွာ. . . ဦးမြတ်ကျော်တို့ သေဆုံးသွားရင် လူ့လောကအလယ် မျက်စိသူငယ် နားသူငယ်နဲ့ ကျန်ခဲ့ရတော့မယ့် သူတို့ရင်သွေးလေးတွေကို တစ်သက်လုံး တယုတယ စောင့်ရှောက်ပေးတယ်ဆိုတဲ့အလုပ်က သူ့ကျေးဇူးတရားကို ကျကျနန ပြန်ဆပ်. . . "

အောင်ထွန်း စကားသံ တိကနဲ ဖြတ်ကာ မျက်လုံးအကြည့်တွေက ဧည့်ခန်းပြတင်းမှတဆင့် ခြံအဝင်တံခါးဆီ ပြူးကျယ်စွာ ပို့လွှတ်ထားသဖြင့် ထက်ခေါင် လှမ်းကြည့်မိသည်။

"ဟ. . . အောင်ထွန်း"

ခြံတံခါးဝမှာ ရပ်လျက် အိမ်ဖက်ဆီကို အံတကြိတ်ကြိတ် တောက်တခေါက်ခေါက်နှင့် တလှုပ်ခွရွ လှမ်းကြည့်နေသော မေသကြိန်ကြောင့် သူ ထိုင်ရမလို ထရမလို ဖြစ်သွားသည်။ အောင်ထွန်းကတော့ မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူလျော်ကာ ငုတ်တုတ် အသက်ထွက်တော့မလို ဖြစ်နေသည်။

"ထ. . . ထက်ခေါင်. . . "

အသံထွက်လာ၍ အသက်တော့ မထွက်သေး။

"ဘာလဲ!"

"ဟို. . . ဟိုမှာ. . . ငါ. . . ငါ ဘာလုပ်ရမလဲ!"

"အပြင်ထွက်ပြီး မျက်နှာပြလိုက်ကွာ၊ ဒါမှပဲ ပွဲပြီးမယ်"

"ဘယ်လို ပြီးမှာလဲ!"

"သူက ပါးရိုက်ချင်လို့ လာတာပဲကွာ၊ မင်း မျက်နှာပြလိုက်မှ ပြီးမှာပေါ့ကွ"

"ဟာ. . . "

"မဟာနဲ့လေ. . . ဒါ မင်းပစ္စည်း၊ မင်းနဲ့ပဲ ဆိုင်တယ်"

ပြောပြီး သူ လှမ်းအကြည့် မေသကြိန်ဘေးမှာ အိသကြိန်ပ[illegible]
ကျိုးကြည့်ကြောင်ကြည့် ရပ်ကာနေသဖြင့် သူ အံ့အားသင့်သွားခိုက်

www.burmeseclassic.com

www.burmeseclassic.com

အောင်ထွန်းက. . .

"ဟာ. . . ဟေ့. . . ဟို. . . ဟိုမှာ မင်းပစ္စည်းပါ ရောက်နေတယ်"

"ဟေ့ကောင် တိုးတိုး"

ထိုစဉ်. . .

(ဟိုက်. . . မေမေ. . .)

သူမတို့နောက်သို့ ထက်ခေါင်၏မိခင်ဖြစ်သူ၏ကားလေး အိခနဲ ရပ်လိုက်တာ မြင်လိုက်ရသည်နှင့် သူ၏ငယ်ထိပ်တည့်တည့် မိုးကြိုးပစ်ခံရသည်နှယ် ထူပြာတက်သွားပြီး အပေါ်ထပ်သို့ တချိုးတည်း တက်ပြေးတော့သည်။

"ထက်. . . ထက်ခေါင်. . . "

အောင်ထွန်းပါ အူတူတူ ပြာတာတာ လိုက်တက်လာတော့၏၊



"လာ. . . သမီးတို့ အဲဒီမှာ ဝင်ထိုင်ကြကွယ်"

အိမ်ရှေ့ကားရပ်သံ၊ ကားတံခါးဖွင့်ပိတ်သံနှင့် ဧည့်ခန်းထဲ ဝင်လာကြသော ဖိနပ်ခွာရှပ်သံများ၊ ပြီးတော့ မိခင်၏ပဋိသန္ဓာရ စကားဆိုသံ၊ ထိုနောက်ပိုင်း အောက်ထပ်ဧည့်ခန်းထဲမှ အသံဗလံများ ငြိမ်သွားသဖြင့် သူ၏အကြားအာရုံကို ပို၍ အားစိုက်မိကာ အသက်ရှူဖို့ မေ့နေ

သည်။

အောင်ထွန်းကတော့ သူ့နောက်နား ကပ်လျက် ကုန်းဝပ်ကာ နားနှစ်ဖက်အား လက်နှင့် ပိတ်ထားသည်။ ထိုအခိုက်မှာပင် လေလည်ချင်လာသဖြင့် အောင်ထွန်းကို အားနာစွာ အသံကို လျှော့၍ လည်လိုက်၏။ ကျန်တာတော့ လျှော့လို့မရ၊ အောင်ထွန်း နားနှစ်ဖက်ကို လက်နှင့် ပိတ်ထား၍ နှာခေါင်းနှစ်ပေါက်ကို ဘာနှင့် ပိတ်မည်တော့ မသိ၊ စိုးရိမ်ထိတ်လန့်မှုကြောင့် ချေးပါချင်သလို သေးပေါက်ချင်သလို ဖြစ်လာသော စိတ်နှင့် လည်ထွက်သွားသော လေဖြစ်၍ အတော်ဆိုးဆိုးပင်။

ထိုစဉ်အတွင်းမှာပင် အောက်ထပ်မှ အသံများ ပေါ်ထွက်လာတော့သည်။

"အအေးသောက်ကြဦး သမီးတို့၊ ထက်ခေါင်တစ်ယောက်လည်း အိမ်ဟောင်းလောင်း ဖွင့်ထားပြီး ဘယ်သဝေထိုးပြန်လဲမသိဘူး"

"သူ ရှိတယ် အန်တီ၊ သူ့သူငယ်ချင်းလည်း ရှိတယ်၊ သူတို့ အိမ်ထဲ ဝင်သွားတာ သမီးတွေ့လိုက်တယ်"

"ဟင်. . . ဒါဆို ခဏလေး သမီးတို့၊ အန်တီ အပေါ်တက်ကြည့်လိုက်ဦးမယ်"

ထို့နောက် အပေါ်ထပ် လှေကားအတိုင်း အချက်မှန်မှန် တက်လာနေသော မိခင်၏ခြေသံအား တဖြည်းဖြည်း နီးကပ်စွာ ကြားလာရပြီးနောက် သူတို့နှစ်ယောက် ပုန်းဝပ်နေသော ခုတင်ဘေးမှာ တိခနဲ ရပ်သွားသည်။ သူ၏နှလုံးခုန်သံပါ ဒုတ်ခနဲ ရပ်သွားလေသည်။ သူ ဇွတ်မှိတ်ထားသော မျက်လုံးတွေကို မဝံ့မရဲ ဖွင့်ကြည့်လိုက်သည်။ ဖွေးဖွေးကစ်ကစ် အမေ့ခြေအစုံက နောက်နားဆီ ရွေ့လျားသွားသဖြင့် သူ လိုက်ကြည့်မိ၏။

(ဟိုက်)

အပြင်ဘက် တစ်ခြမ်းထွက်နေသော အောင်ထွန်း၏ဖင်ဘုံးကြီးကို ဆောင့်ကန်ပစ်တော့၏၊

"အင်. . . ဟယ်. . . ထွက်စမ်း"

www.burmeseclassic.com

www.burmeseclassic.com

"ဒုန်. . . "

"အု. . . အား"

ဖင်ကို အကန်ခံရ၍ အုခနဲ ကြိတ်ညည်းသော အောင်ထွန်း၏ အသံက လန့်ပြီး ဖော်ကြည့်မိသော ခေါင်းက ခုတင်ဘောင်တန်းနှင့် ဆောင့်ကာ 'အား. . . ' မှာ အဆုံးသတ်သွားသည်။

"ထွက်စမ်း. . . ထက်ခေါင်. . . မင်း အရှက်မရှိတဲ့ကောင်"

ဖင်မပွတ်ဘဲ ခေါင်းပွတ်နေသော အောင်ထွန်းကို မေးဆတ်ပြ၍ ထွက်ခိုင်းလိုက်သည်။ အောင်ထွန်းကလည်း ရှဲ့မဲ့ကာ သူ့နည်းတူ လုပ်ပြ၍ နောက်ဆုံးတော့ သူ ထွတ်လာရတော့သည်။ အောင်ထွန်းလည်း လိုက်ထွက်လာပါသည်။

"မင်းတို့ တော်တော်အရှက်မရှိတဲ့ကောင်တွေ၊ ဦးမြတ်ကျော်ကို ရည်းစားစကား သွားပြောတယ်ဆို"

"ဗျာ. . . "

"ဟာ. . . "

"မင်းတို့ ဘာမှ လာပြီး အူကြောင်ကြောင် လုပ်မနေနဲ့၊ အခု သကြိန်တို့ညီအစ်မ အဲဒီကိစ္စ မကျေနပ်လို့ မင်းတို့ကို လာရှာတာ"

"မဟုတ်တာ မေမေရာ၊ ယောကျ်ားချင်း ပြောစရာလား၊ ဟေ့ကောင် ထွန်းကျော် မင်း ဘယ်လို ပြောလာတာလဲ!"

"ရိုးရိုးပဲ. . . ဒီအတိုင်းပဲ၊ ဒီ. . . ဒီလိုပါ အန်တီရယ်၊ ကျွန်တော်က. . . "

အောင်ထွန်းက အဖြစ်မှန်အား အမှုန်အမွှားမျှ မကျန်အောင် ရှင်းပြလိုက်သဖြင့် မိခင်ဖြစ်သူ စိတ်ရှုပ်သွားကာ. . .

"လာ. . . လာ. . . မင်းတို့ ဆင်းပြီးရှင်းစမ်း"

သို့ဖြင့် သူတို့နှစ်ယောက် မိခင်၏နောက်မှ လိုက်ပါကာ ဧည့်ခန်းထဲ ရောက်ခဲ့ရတော့သည်။ သူ့ကို မြင်သည်နှင့် အကြီးမ အိသကြိန်က MP4 လေး ထုတ်ကာ ဖွင့်ပြလိုက်သည်။

monitor screen ပေါ်မှာ လက်ဖက်ရည်ဆိုင်မြင်ကွင်းနှင့်

မြတ်ကျော်ရှေ့ လက်အုပ်လေး ချီလျက် ဒူးတုပ်ထိုင်နေသော အောင်ထွန်းကို မြင်ရပြီး ဆူညံနေသောအသံတွေနှင့်အတူ ဦးမြတ်ကျော်နှင့် အောင်ထွန်းတို့ အသံကို ကြားရတော့၏။

"ဟာ. . . ဒီကောင်. . . "

"စိတ်မဆိုးပါနဲ့ ဦးလေးရာ၊ ကျွန်တော် တကယ်ချစ်တာပါ၊ လုံးဝအပျော်မကြံပါဘူး၊ ချက်ချင်းလက်ထပ်ရင် ချက်ချင်းယူမယ့်ကောင်ပါ"

ထိုမျှနှင့်ပင် ပြတ်တောက်သွားပြီး မေသကြိန်က. . .

"ကဲ. . . ရှင် ဘာငြင်းချင်သေးလဲ!"

"ဟာ. . . အဲဒါ မင်းကို လက်ထပ်ချင်တဲ့အကြောင်း ပြောပြနေတာပါကွာ"

"ဘာ. . . ရှင် စာမတတ်ဘူးလား၊ ရှင်ပြောတဲ့စကားထဲမှာ ကျွန်မကို ရည်ညွှန်းတဲ့စကားလုံး တစ်လုံးမှ မပါဘူး"

"အာ. . . ရှေ့မှာလည်း ပါတယ်၊ နောက်မှာလည်း ပါတယ်၊ မယုံရင် အစအဆုံး ပြန်ဖွင့်ကြည့်၊ အခု မင်း ဖွင့်ပြတာ အလယ်ပိုင်း တွက်တွက်လေး. . . "

"ဘာမှ မပါဘူး၊ အဲဒါ အကုန်ပဲ၊ မယုံရင် ရှင်တို့ဘာသာ ဖွင့်ကြည့်"

သူ လှမ်းယူကာ ဖွင့်ကြည့်လိုက်သည်။ ဟုတ်သည်၊ ထိုအပိုင်းလေးကလွဲလို့ ကျန်တာ မပါ၊ သို့သော် သူ သဘောပေါက်သွားပါသည်။ ဒါ လုပ်ကြံမှုဆိုတာ သေချာသည်။ ထို့ကြောင့်. . .

"နေပါဦး မေသကြိန်၊ အဲဒီမှာ ကိုကြီးလည်း ရှိနေတာပဲ၊ ဆိုင်ကို လာတာလည်း ဦးလေးတစ်ယောက်တည်း၊ ဒီကိစ္စကို မင်း ဘယ်လို ရိုက်ယူလာလဲ!"

"စာအုပ်အငှားဆိုင်က အပြန်လမ်းမှာ မင်းသူနဲ့ တွေ့လို့ လေးလိုက်တာ၊ ဒါ မင်းသူစက်၊ သူတို့ ရိုက်ယူလာတာ"

သူ ပို၍ သဘောပေါက်သွားပါသည်။ အမှန်တော့ မင်းသူက

www.burmeseclassic.com

www.burmeseclassic.com

မေသကြိန်ကို ကြိတ်ကြဲနေတဲ့ကောင်၊ မင်းသူအဖေနှင့် ဦးမြတ်ကျော်က ဓမ္မမိတ်ဆွေတွေ၊ မိဘချင်း ရင်းနှီး၍ ဝတ္ထရားအရ ခေါ်ပြောဆက်ဆံနေရသော်လည်း ရပ်ကွက်ထဲ အလေနတ်တော ကျနေသော မင်းသူကို မေသကြိန် စိတ်မဝင်စား၊ ဒီကြားထဲ အောင်ထွန်း လုံးနေမှန်း မင်းသူသတိထားမိနေသဖြင့် ကြုံတုန်းလေး ကြပ်ပေးလိုက်ခြင်း ဖြစ်သည်။ မေသကြိန်ကလည်း ဒီကလေးကွက်လေးလောက်နှင့် ဤမျှ ရိုးအစွာ ပြဿနာရှာစရာ အကြောင်းမရှိ၊ တကယ်ရှိတဲ့အကြောင်းက အောင်ထွန်းကို သူမ သိပ်သဘောမတွေ့လှ၍ အခွင့်ကြုံတုန်းလေး ဝုန်းပစ်တာ ဖြစ်နိုင်ပါသည်။

"ကောင်းပြီလေ... ညီမလေး မကျေနပ်ဘူးဆိုရင်လည်း ကိုကြီး သူ့အစား တောင်းပန်ပါတယ်၊ သူ ဒီလို မရည်ရွယ်တာလည်း အမှန်ပဲ၊ သူ ဘာကို ရည်ရွယ်တယ်ဆိုတာလည်း ကိုကြီး အသိဆုံးပါပဲ၊ လိုအပ်ရင် ဒီကိစ္စ ဦးလေးကို..."

"အို... မလိုပါဘူး၊ သူ့မျက်နှာကို ဒီရပ်ကွက်ထဲမှာ မတွေ့ရရင် ပြီးတာပဲ"

အောင်ထွန်း ဘယ်လောက်နာကျင်ကြေကွဲနေမယ်ဆိုတာတော့ သူ ခံစားလို့ရပါသည်။ မတတ်နိုင်ပြီ၊ မွေးနေ့၊ မွေးရက်၊ မွေးလ၊ အကုန်တူပြီး ကံချင်းမတူသော အောင်ထွန်းကို နောက်မှ နှစ်သိမ့်မည်ဟု ဆုံးဖြတ်ကာ သကြိန်တို့ ညီအစ်မကို ခြံဝအထိ လိုက်ပို့သည်။

"ညီမလေး ရက်စက်တယ်ကွာ၊ ဒီကောင်ကြီး မင်းကို အသေခိုက်တာ..."

"ညီမလေးမှ မကြိုက်တာ၊ အခု ဖေဖေ့ကိုတောင် ဖွင့်ပြောလာပြီဆိုတော့ နောက်တစ်ကြိုး မတက်ခင် ကြိုဖြတ်ထားတာ"

"အေးလေ... အချစ်ဆိုတာ Ready Made ဝယ်ဝတ်သလိုပဲ ကိုယ်နဲ့ ကွက်တိဖြစ်ဖို့ဆိုတာတော့ ခက်သားလား၊ ဒါပေမယ့် တော်တော်များများကတော့ မတော်လည်း စွပ်နေကြတာပါပဲ၊ အဲ့ဒါကိုက 'အော်တာ' ဖြစ်နေတာ"

"ဘာပဲဖြစ်ဖြစ်လေ... ခုလောက်ဆို ကိုကြီးရဲ့လူ ကျွတ်နေပြီ၊ ရှေ့တိုးရဲမှာ မဟုတ်တော့ဘူး၊ ညီမလေး အဲ့ဒါပဲ လိုချင်တာ"

"ထင်လို့လား... လူဟာ တကယ်ချစ်လာပြီဆိုရင် အဲလစ်ဇာတ် ဘုရင်မကြီးရဲ့နှာခေါင်းကို ပြေးဆွဲဖို့လည်း ဝန်မလေးဘူးကွ၊ မင်းလောက်တော့ အချဉ်ပဲ"

"ဟင်း... သတ္တိရှိရင် စမ်းကြည့်လိုက်ပေါ့"

ထိုစဉ် တစ်ခွန်းလုံး ငြိမ်ပြီး လိုက်ပါလာသော အိသကြိန်က...

"ကဲ... မေသကြိန်၊ နင် လုပ်ချင်တာ လုပ်ပြီးရင် လှိမ့်ခံဖို့သာပြင်ထားတော့၊ ဟိုမှာ မေမေ"

"အန်..."

အားလုံး လှမ်းကြည့်ပြီး ထိတ်ပျာကုန်ကြသည်။ ထိုအခါမှပင် ချိထားသော မေသကြိန်၏မျက်နှာလေး ချထားကာ လေသံနှင့်...

"မေမေ သွားတာ မြန်လိုက်တာ၊ နေ့ခင်းမှ ပြန်ရောက်မယ် ဆိုပြီးတော့"

သူတို့အုပ်စု ထူထူပူပူနှင့် ကျီးတီးကြောင်တောင် ရပ်နေခိုက် ထွန်းကျော် မျက်နှာငယ်လေးနှင့်...

"ဒီမှာ သော့တွဲတစ်တွဲ ကျန်ခဲ့တယ်၊ အန်တီက အိမ်က သော့ မဟုတ်ဘူးလို့ ပြောလို့"

အိသကြိန် လှမ်းယူလိုက်ပြီး...

"ဒါ ခြံသော့လေ ကျေးဇူးပဲနော်..."

ထို့နောက်မှ မေသကြိန်ဖက် လှည့်၍ အသံတိုးတိုးနှင့်...

"ငါတို့ ဘယ်လိုလုပ်ကြမလဲဟင် မေမေ၊ အတော်ဒေါသထွက်နေပြီဟဲ့"

"ခြံတံခါးက သော့ခတ်ခဲ့တာလား!"

ထက်ခေါင် ဝင်မေး၍ အိသကြိန်က စိုးရိမ်ပူပန်နေသော မျက်နှာနှင့် ခေါင်းညိတ်ပြသည်။

ထိုအခိုက်မှာပင် ဒေါ်မြမို့ ရပ်ကြည့်နေရာမှ လမ်းလျှောက်သို့

www.burmeseclassic.com

www.burmeseclassic.com

ကူးလာပါသည်။ သင်္ကြန်တို့ညီအစ်မ ဖြူရော်ထိတ်လန့်နေသောမျက်နှာတွေနှင့် ခေါင်းကို ငုံ့ကာ ထားကြသည်။ ထက်ခေါင်ကိုယ်တိုင်လည်း မနိုင်မှန်းသိလျက်နှင့် အသေခံ တိုက်ရတော့မည့် စစ်ပွဲတစ်ပွဲ၏စစ်သူကြီးနှယ် အသင့်ပြင်ကာထားသည်။

တကယ်တမ်းကျ ဒေါ်မြမို့ သင်္ကြန်တို့ညီအစ်မကို ဂရုမစိုက်နိုင်အားဘဲ အားလုံးကို ကျော်ပြီး အောင်ထွန်းရှေ့ ရပ်လိုက်သည်။

"သားက မမသီတာရဲ့သား မဟုတ်လား!"

ရုတ်တရက်မို့ အောင်ထွန်း အူတူတူဖြစ်သွားပြီး. . .

"ဟုတ်ပါတယ်ခင်ဗျာ"

"အဲ. . . ကြည့်စမ်း မင်း အန်တီ့ကို မမှတ်မိဘူးလား!၊ အန်တီ့နာမည်က ဒေါ်မြမို့လေ၊ ဟိုတစ်ခေါက်တုန်းက သားနဲ့ ဧည့်ခန်းမှာ ဆုံလို့ သားမေမေပဲ မိတ်ဆက်ပေးတာလေကွယ်"

ဒေါ်မြမို့ ဝမ်းသာအားရ နှုတ်ဆက် အမျိုးစပ်နေတော့သဖြင့် ထက်ခေါင် စိတ်သက်သာရာ ရကာ ပင့်သက်ခိုးရှိုက်ရင်း အိသင်္ကြန်ကို မျက်စိမှိတ်ပြလိုက်သည်။

ထိုစဉ် အောင်ထွန်း တစ်စုံတစ်ခုကို သတိရသွားဟန်နှင့်. . .

"ဩော်. . ကျွန်တော်မှတ်မိပြီ၊ မေမေ့ငယ်သူငယ်ချင်း ဆိုတာ"

"အမလေး သားရယ်. . . စဉ်းစားနေလိုက်တာ၊ အန်တီ အခုပဲ မင်းတို့အိမ်က ပြန်လာတာ၊ အန်တီ့သမီးအကြီးမအတွက် သားတို့ကုမ္ပဏီမှာ အလုပ်သွင်းပေးမလားလို့၊ သားမေမေနဲ့ မတွေ့ခဲ့ရပါဘူးကွယ်"

"ဟား. . . ကောင်းတာပေါ့ အန်တီ၊ ကျွန်တော်တို့ ငယ်သူငယ်ချင်းတွေ အတူတူ အလုပ်လုပ်ခွင့်ရတာပေါ့၊ အလုပ်ရဖို့ မပူနဲ့၊ ကျွန်တော်ပြောရင် ပြီးပြီ"

"ဟုတ်လား. . . အိသင်္ကြန်နဲ့ သူငယ်ချင်းတွေလား!"

"ဟုတ်တယ် အန်တီ၊ ထက်ခေါင်၊ ကျွန်တော် အိသင်္ကြန်၊ မေသင်္ကြန်တို့က အတန်းဖော် သူငယ်ချင်းတွေ"

"ဟင်. . . မေသင်္ကြန်က ဘယ်လိုဖြစ်ပြီး"

"ဩော်. . . ဒီလိုပါ၊ မေသင်္ကြန်က ကျောင်းမှာလည်း သူ့အစ်မနဲ့ တတွဲတွဲ နေတာဆိုတော့ အိသင်္ကြန်နဲ့ ပတ်သက်ပြီး ရင်းနှီးကြတာပါ"

သူ အခိုန်မီ ဝင်ထိန်းပေးလိုက်သဖြင့် အောင်ထွန်း ကျေးဇူးတင်ထိုက်သူများအား ကျေးဇူးတင်သလို လှမ်းကြည့်ကာ ခေါင်းကို တွင်တွင်ညိတ်လေသည်။

သို့သော် ဒေါ်မြမို့ မျက်လုံးထဲမှာတော့ ထက်ခေါင်မရှိကြောင်း သိသာသည်။ ထို့နောက် ထွန်းကျော်ကိုပင် အရယ်အပြုံးနှင့်. . .

"ကဲ. . . သား. . . ရောက်တုန်း အန်တီ့အိမ်ကိုလည်း ဝင်လည်သွားဦး၊ သမီးသင်္ကြန် ခဏခဏ သွားဖွင့်၊ ညည်းတို့အဖေရော"

"ဓမ္မာရုံအစည်းအဝေး သွားတယ် မေမေ"

"ဩော်. . . အဲဒါကြောင့်"

"မဟုတ်ဘူး အန်တီ၊ အောင်ထွန်း ကျွန်တော့်အိမ် လာလည်ရင်း သင်္ကြန်တို့ညီအစ်မကို တွေ့လို့ လှမ်းခေါ်ပြီး ကျွန်တော်တို့အိမ်မှာ စကားစုပြောကြတာပါ၊ အိမ်မှာ မေမေလည်း ရှိပါတယ် အန်တီ"

"ငါ မင်းကို မေးလို့လား!"

ဒေါ်မြမို့ မျက်လုံးထောင့်ကပ်ကြည့်ပြီး ခပ်ဆတ်ဆတ် ပြောလိုက်၏။ သို့သော် ကြားရုံလောက် ကျယ်သောအသံဖြစ်၍ ထက်ခေါင် ပခုံးလေး တွန့်ကာ ပြုံးဝါသည်။ ဒေါ်မြမို့ သိပ်တော့ မကြည်။

သို့နှင့် အားလုံး လမ်းတစ်ဖက် ကူးကြခိုက် ထက်ခေါင်တစ်ယောက်တည်း ရပ်ကျန်နေသဖြင့် အောင်ထွန်းက. . .

"ဟာ. . . ထက်ခေါင် လာလေကွာ"

"ငါ မလိုက်တော့ဘူး"

"ဟာ. . . လာပါ၊ ငါတစ်ယောက်ထဲ ကြောင်တောင်ကျားလား နဲ့. . . လာ"

လာ ဆိုပြီး အောင်ထွန်း အတင်းဆွဲကာ ခေါ်သည်။ သူလည်း

www.burmeseclassic.com

www.burmeseclassic.com

ခြေကန်ရုန်းကာ လိုက်ပါလာခဲ့သည်။ ခပ်ကြမ်းကြမ်း ပြန်ရုန်းတာမို့ မလုပ်မိအောင်လည်း ဘာသာ သတိထားသည်။ ဒေါ်မြမို့ ဘဝင်မကျသော်လည်း အောင်ထွန်းမျက်နှာကြောင့် လှည့်မကြည့်တော့ဘဲ မသိဟန်ဆောင်ကာ ရှေ့က ထွက်လေသည်။

ထိုအခါမှပင် အောင်ထွန်းအား လေသံနှင့်...

"ကျေးဇူးပဲ အောင်ထွန်း၊ ယောကျ်ားမအိမ်ကို ဘယ်အပေါက်ကနေ ဝင်ရမလဲလို့ ချောင်းနေတာ ကြာပြီ"

□ □ □ □

"ဟာ... ဒီကောင်တွေ၊ မင်းတို့ မလွန်ဘူးလားကွ... ဟေ"

"ဗျာ..."

"ဟင်..."

အသံနှင့်အတူ ဦးမြကျော်ကို ဇည့်ခန်းထဲ ဝင်လာတာ တွေ့လိုက်ရသဖြင့် ထက်ခေါင်နှင့်အောင်ထွန်းတို့ ဖင်တကြွကြွ ဖြစ်ကုန်ကြသည်။ ထို့နောက် ဦးမြတ်ကျော်က ဆက်တီပိုင်းသို့ ထွက်လာပြီး...

"မမြမို့... မင်း ဘာလုပ်တာလဲကွ!"

"အို... ဘာလုပ်လို့လဲ၊ ဘုမသိဘမသိနဲ့ ရှင်ဘာဖြစ်နေတာလဲ!"

"ဘာ... အဲ့ဒီကောင်တွေကို မင်းက ဘာထင်နေလို့လဲ၊ မင်းအိမ်ကို ရုံခါပစ်မယ့်ကောင်တွေကွ... နားလည်လား!"

"ဘာ... ဘယ်လိုရှင့်!"

"မင်းသမီးနှစ်ယောက်စလုံးကို မ,မယ့်ကောင်တွေ၊ မင်းပါအဆစ်ပါသွားမယ် နားလည်လား၊ ဘုရား... ဘုရား၊ အိမ်ထဲ ခေါ်ပြီးတော့တောင် ဧည့်ခံလိုက်သေး"

"ဒီမှာ ကိုမြတ်ကျော်၊ မောင်အောင်ထွန်းကသာ သဘောကျမယ်ဆိုရင် ကျွန်မဘက်က ပေးစားဖို့ အသင့်ပဲရှင့်... သိရဲ့လား၊ ဒါကျွန်မသူငယ်ချင်း မသီတာရဲ့တစ်ဦးတည်းသောသား နေရှင်း ကုမ္ပဏီပိုင်ရှင်ရဲ့သား... ရှင်းလား!"

ဦးမြတ်ကျော် ပခုံးတွန့်ကာ မျက်နှာကို မဲ့လွဲလိုက်ပြီး...

"အထင်မကြီးပါဘူးကွာ... နေရှင်းကုမ္ပဏီမကလို့ ဘိုးအင်းကုမ္ပဏီပဲပိုင်ပိုင် မြတ်ကျော် ဒါတွေ ဂရုမစိုက်ဘူး၊ ငါ ဂရုစိုက်တာက ငါ့သမီးတွေကို ငါလို ချစ်တဲ့ယောကျ်ားမျိုးပဲ လိုချင်တယ်၊ ကဲ... ထားပါတော့၊ ဟိုကောင်ကတော့ မင်းသူငယ်ချင်းရဲ့သားမို့လို့ လက်ခံတယ်ထား... ဒီကောင်ကရော"

ထက်ခေါင်ရင်ထဲ ဒိန်းခနဲဖြစ်သွားပြီး ဒေါ်မြမို့၏မျက်နှာကို မဝံ့မရဲ လှမ်းကြည့်လိုက်မိသည်။ ဒေါ်မြမို့က မျက်စောင်းလေးပစ်၊ မျက်နှာလေး မော့၍...

"ကျွန်မ မသိဘူး၊ သိလည်း မသိချင်ဘူး၊ မောင်အောင်ထွန်းခေါ်လာလို့ မောင်အောင်ထွန်း မျက်နှာကြောင့် မောင်းမထုတ်တာ၊ ရှင်သိထားဖို့က မြမို့တို့က အဆိပ်ပင် ရေမလောင်းတတ်ဘူး"

ထိုစကားက ဦးမြတ်ကျော်ကို တည့်တည့်ထိမှန်ကာ ဦးမြတ်ကျော် ယိုင်ခနဲဖြစ်သွားပြီး ထက်ခေါင်ကို ကြည့်လိုက်၏။ သူ့ မော့အကြည့်နှင့် အကြည့်ချင်း ဆုံကာ နားလည်လိုက်ပါသည်။ ထို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ထိုင်ရာမှ ထကာ ဦးမြတ်ကျော်ရှေ့ ဒူးထောက်လျက်...

"ကျွန်တော့်ရဲ့ဆိုးချင်မိုက်ချင်တဲ့စရိုက်ကို ပုဒ္ဓဘုရားရှင် ရှေ့မှာ အဝိုလိမာလ မာန်ချပြီး ကျွတ်တန်းဝင်သလိုမျိုး ဦးရဲ့ရှေ့မှာ ကျွန်တော် ဝန်ချစွန့်လွှတ်ခဲ့တာပါ၊ အဲဒီအချိန်ကစပြီး နောင်အသက်တာ တစ်လျှောက်လုံး ဘယ်တော့မှ လူဆိုးလူမိုက် ပြန်မဖြစ်စေရဘူးဆိုတဲ့ ဆုံးဖြတ်ချက်နဲ့ ဦးရဲ့ကျေးဇူးကို ဆပ်နေခဲ့တာပါ၊ ဦးရေလောင်းခဲ့တုန်းက ကျွန်တော်ဟာ အဆိပ်ပင်ပါ၊ ဒါပေမယ့် ဦးရဲ့မေတ္တာရေကြောင့် ကျွန်တော်ဟာ အဆိပ်ပင်ကနေ ဆေးပင်ဖြစ်ခဲ့ပါပြီ၊ ကျွန်တော်နဲ့ ပတ်သက်သူအားလုံး ခွန်အားဖြစ်စေမှာပါ... အဆိပ်မဖြစ်စေရပါဘူး"

"အေး... ဟုတ်ပြီ၊ ဒါဆို ငါ့စေတနာ အလှကား မဖြစ်ဘူးပေါ့ကွာ၊ နေစမ်းပါဦး မနက်က မင်း ဘာလို့ ထွက်ပြေးတာလဲ!"

"ခင်... ခင်ဗျာ"

သူ အိသကြိန်ဆီ ယောင်ယမ်း လှည့်ကြည့်မိသွားသည်။

အိသကြိန် ချက်ချင်း ခေါင်းကို ငုံ့ချပစ်၏။ ထို့နောက်...

"ကျွန်တော်နဲ့ အိသကြိန် လူငယ်ချင်း မေတ္တာမျှနေကြပါတယ်၊ ဒါပေမယ့် ဒီကိစ္စက ဦးရဲ့ကျေးဇူးတရားကို မျှတ်ကွယ်ပြုသလို ဖြစ်မှာ စိုးလို့ ပွင့်ပွင့်လင်းလင်း မပြောရဲတာပါ"

"ဟင်... အိသကြိန်"

"ရှင်... မေမေ"

"တောက်... ညည်း"

"တော်စမ်း မမြို့၊ ထွန်းကျော်ကို မင်း သဘောကျသလို ထက်ခေါင်ကို ငါသဘောကျတယ်၊ ငါ့သမီးက လက်ခံတယ်ဆိုရင် ငါလက်ခံဖို့ အသင့်ပဲ"

"အို... ကျွန်မ လုံးဝသဘောမတူဘူး ကိုမြတ်ကျော်"

"ပြဿနာမရှိပါဘူး... မင်းနဲ့ငါလည်း ဘယ်သူမှ သဘောမတူတဲ့ကြားက လင်မယားဖြစ်ခဲ့ကြတာ၊ ကိုယ်ချင်းစာပေါ့ကွာ၊ ကဲ... မောင်ထက်ခေါင်၊ မင်းဘက်က အဆင်သင့်ဖြစ်ရင် မင်းအမေကို ဖွင့်

ပြောပြီး မိသားဖသားပီပီ ကြောင်းလမ်းပေါ့ကွာ"

ထိုအခါ ဒေါ်မြမို့က...

"နေပါဦး ကိုမြတ်ကျော်၊ ရှင့်သမီးရဲ့သဘောဆန္ဒကိုရော မေးပြီးပြီလား!"

"ခင်မောင်လတ် ငါ့ကို အကုန်ပြောပြပြီးပြီ၊ ဟုတ်တယ်မဟုတ်လား သမီး"

အိသကြိန်ဆီ အားလုံး အကြည့်ရောက်သွားသဖြင့် အိသကြိန် မျက်နှာရဲရဲလေးနှင့် မဝံ့မရဲ ခေါင်းညိတ်ကာပြသည်။ ထက်ခေါင် ထခုန်မတတ် ဝမ်းသာသွားသော်လည်း ဒေါ်မြမို့ကို ကြောက်၍ မခုန်ရဲဘဲ ငြိမ်ကာနေရသည်။ ထို့နောက် ဦးမြတ်ကျော်က...

"သမီးက အိုခေဆိုတော့ မင်းကရော"

"ဟုတ်ကဲ့... လောလောဆယ် ကျွန်တော် မမေ့ရှယ်ယာကုမ္ပဏီမှာ အလုပ်ဝင်ဖို့ စီစဉ်နေပါတယ် ဦးလေး၊ ကျွန်တော်က အိမ်ထောင်ဦးစီးတာဝန် ယူရမှာ ဖြစ်တဲ့အတွက် အိသကြိန် စီးပွားရေးလှုပ်ရှားမှုတွေကိုလည်း ပြည့်စုံမှု ရှိအောင် ကျွန်တော် အချိန်နည်းနည်းယူပြီး ကြိုးစားပါ့မယ်... ပြီးမှ..."

"ဒါပေါ့ကွာ... ဦးလေး ကျေနပ်တယ်၊ လောလောဆယ် အဆင်ပြေရင် မိဘချင်း ကမ်းလှမ်းထားပေါ့ကွာ... ဟုတ်ပြီလား!"

"ဟုတ်ကဲ့"

"ကိုင်း... ဟုတ်ရင် ပြန်ကြ၊ မင်းတို့က ငါ့အိမ်ကို ရုံခါပစ်မယ့် ကောင်တွေဆိုတော့ ကြာကြာထားလို့ မကောင်းဘူး"

ဟုတ် ဆိုပြီး ထက်ခေါင် ထရပ်ကာ ဦးညွတ်၍ နှုတ်ဆက်လိုက်သည်။ အောင်ထွန်းလည်း ယောင်နနနှင့် ထရပ်စဉ် ဒေါ်မြမို့က...

"မောင်အောင်ထွန်း... ပြန်တော့မလို့လားကွယ်"

"ဟုတ်ကဲ့... အန်တီ..."

ထို့နောက် ဒေါ်မြမို့က ဦးမြတ်ကျော်ကို လှမ်းကြည့်လိုက်ပြီး...

"စောစောက အန်တီ့ပြောစကားက အတည်ပဲနော် သား၊

www.burmeseclassic.com

www.burmeseclassic.com

အန်တို့သမီးနှစ်ယောက်ထဲက မင်းသဘောကျတဲ့သူ ရှိသလား"

အောင်ထွန်းမျက်နှာကြီး နီအမ်းတက်လာပြီး ထက်ခေါင်ကို အကူအညီတောင်းသလို လှမ်းကြည့်သည်။ ထက်ခေါင်က ခေါင်းညိတ်ပြဖို့ မျက်ရိပ်ပြလိုက်မှ. . .

"ဟုတ်. . . ရှိ. . . ရှိပါတယ်၊ မေ. . မေသကြိန်ပါ"

"ဩော်. . . အဟင်းဟင်း. . . သမီးငယ်ကိုလား၊ ဟင်း. . . လွဲသွားလို့ပေါ့၊ မလွဲရင် ပွဲကြီးပွဲကောင်းပဲ၊ အေးလေ. . . သမီးကျောင်းပြီးရင် စီစဉ်တာပေါ့၊ လောလောဆယ် မမသီတာနဲ့ နားဖောက်ထားရင် အဆင်ပြေပြီပေါ့ကွယ်"

ထိုစဉ် ဦးမြတ်ကျော်က. . .

"မလိုဘူးကွ. . . ငါ့သမီးသဘော မပါဘဲ ငါ လုံးဝခွင့်မပြုနိုင်ဘူး"

"ဩော်. . . ရှင်ကများ၊ ကဲ. . . သမီးလေး ဘယ်လိုလဲ!"

"သမီး မကြိုက်ဘူး"

"ဘာ. . . ညည်း"

"သမီး တကယ်မကြိုက်တာ"

"ကြည့်စမ်း. . . ခွေးမ၊ မိဘက လက်နဲ့ရေး၊ ညည်းက ခြေနဲ့ဖျက်ချင်တဲ့ကောင်မ"

"ဟေ့. . . မမြမို့၊ မင်း ငါ့သမီးကို မထိနဲ့နော်"

"ထိတော့ ဘာဖြစ်လဲ၊ ရှင်က ဘာလုပ်ချင်လဲ!"

"ငါ. . . နော်"

"အံမာ. . . လာ. . . လာစမ်းပါ"

"အို. . . မေမေ"

"ဖယ်စမ်း"

"အန်တီ. . . အန်တီ. . . ကျွန်တော် တောင်းပန်ပါတယ် အန်တီ၊ ကျွန်တော့်ကြောင့် မိဘတွေ အချင်းများတာမျိုး မဖြစ်ကြပါနဲ့၊ မေသကြိန် မနှစ်သက်ရင် ကျွန်တော်တို့ အတင်းအကြပ် စီစဉ်တာမျိုး

မဖြစ်သင့်ပါဘူးခင်ဗျာ၊ မေသကြိန် ကျောင်းပြီးဖို့အချိန်တွေ အများကြီး လိုပါသေးတယ်၊ အန်တီလည်း စိတ်ချမ်းသာ၊ မေသကြိန်လည်း နှစ်သက်ကျေနပ်အောင် ကျွန်တော် ကြိုးစားပါ့မယ်"

"အေး. . . ငါ့တူပြောတာ နည်းလမ်းကျတယ်၊ ဒီလိုပဲ ဖြစ်ရမယ်၊ ဦးရဲ့သဘောထားကို မင်းလည်း သိပြီးပြီ၊ ဦးက လူကိုပဲ တန်ဖိုးထားတယ်၊ တန်ဖိုးရှိတဲ့လူတစ်ယောက် ဖြစ်လာအောင် မင်း ကြိုးစားရင်ရပြီ"

"မှတ်သားပါ့မယ် ခင်ဗျာ၊ ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

နှစ်ယောက်သား ခြံအပြင်ကို ခပ်သုတ်သုတ် ထွက်လာကြပြီးမှ သက်မမောကို အသားကုန် လွှတ်ကြသည်။

"ငါ ပြန်တော့မယ် ထက်ခေါင်"

"ဟာ. . . ထမင်းစားပြီးမှ ပြန်လေ"

"မစားတော့ဘူး. . . အခုတောင် ရင်ပြည့်ရင်ကယ် ဖြစ်နေပြီ"

"မင်း အဆင်ပြေနေပြီပဲကွ"

"မင်းဂျီးဒေါ်ကြီး ပြေမလား၊ ဟိုမှာ ခါးခါးသီးသီးဖြစ်နေတာ"

"စိတ်မပူပါနဲ့ကွာ. . . မင်းကိစ္စက အဖြေထွက်အောင် တွက်ပြီးသားပါ၊ မေးခွန်းလေးပဲ ပြန်ရှာရမှာ"

အောင်ထွန်း အသံတိတ် ဆဲကာ ထွက်သွားသည်။

သူလည်း ခြံထဲ ဝင်ကာနီးမှ သူမတို့ခြံဖက် မဝံ့မရဲ လှမ်းကြည့်လိုက်တော့ အိသကြိန်ကို အပေါ်ထပ် အခန်းပြတင်းမှာ ရပ်နေတာတွေ့ရလေသည်။ ထို့ကြောင့် သူ လက်ဝှေ့ယမ်းပြမည်အပြု ဒေါ်မြမို့ မျက်နှာကြီး ပေါ်လာသဖြင့် မြောက်ထားသောလက်အား ပြန်မချရဲပဲ ကိုင်းကျနေသော ပိတောက်ပင်ကိုင်းများကို ခုန်. . ခုန်ကာ ဆွဲနေမိတော့၏။

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

ယုလောင်တောက်ရှသော နွေကာလအား သိမ်မွေ့စွာ လွှမ်းမြောက်ခဲ့ကြသည်။ အချိန်ကာလ အတွေ့အကြုံနှင့် လူနှင့် လူ့ပတ်ဝန်းကျင် နှီးနွယ်ဆက်ဆံမှုက လူတစ်ယောက်၏လူမှုဘဝဖြစ်စဉ်ကို အဲ့ဖွယ်ပြောင်းလဲစေသည်။

ဟိုတုန်းက ရပ်ကွက်ထဲ ခပ်ဆိုးဆိုး ခပ်တေတေ စရိုက်နှင့် ထက်ခေါင်ကို ဒိန်အမြင်နှင့် ယှဉ်ကြည့်လျှင် သပ်သပ်စီ၊ အနေအထိုင် အပြောအဆို ဝတ်စားဆင်ယင်မှုကအစ ပညာတတ် လူယဉ်ကျေးတို့၏ အမူအကျင့်သွင်ပြင်နှင့်. . .

အောင်ထွန်းလည်း ထို့အတူ၊ ဟိုတုန်းက အုတူတူ အောင်ထွန်း မဟုတ်တော့ဘဲ. . အိသင်္ကြန်၏အထက်ဌာန အကြီးအကဲဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com

နေရှင်းကုမ္ပဏီ မန်းနေးဂျင်းဒါရိုက်တာ ဦးအောင်ထွန်းအဖြစ်နှင့် တည်ကြည်ခန့်ညားစွာ မြင်တွေ့လာရသည်။

နှစ်သစ်ကူး သင်္ကြန်ပွဲတော်အတွက် ရုံးများ ကြိုတင်ပိတ်လိုက်ပြီဖြစ်၍ သူတို့ကုမ္ပဏီများလည်း နှစ်ဦးအကြို နှုတ်ဆက်ပွဲများ ပြုလုပ်ကာ ပိတ်လိုက်ကြသည်။

"သားရေ. . . ထက်ခေါင်"

မနေ့ကတည်းတ ဓမ္မာရုံက သွားဌားထားသော ငွေဖလားကြီးကို တိုက်ချွတ်နေရာမှ မိခင်၏ခေါ်သံကြောင့် ဖလားကို ရေလောင်းဆေးကြောပြီး ကိုင်ကာ စည်ခန်းသို့ ထွက်လာသည်။

"ဟာ. . . အောင်ထွန်း"

"အေး. . . ဒီနေ့ သင်္ကြန်အကျနေ့လေကွာ"

"သိတယ်လေ. . . သိလို့ ဒီမှာ မြင်လား"

"ဟာ. . . ကြီးလှချည်လား"

"သားရေ. . . မေမေ သီလသွားယူလိုက်ဦးမယ်၊ မေမေ ဘာပြဿနာမှ မကြားချင်ဘူးနော်"

"စိတ်ချပါ မေမေရယ်၊ သားက လူဆိုးလေးမှ မဟုတ်တော့တာ"

"ပြီးရော. . . ကဲ. . . မေမေသွားပြီ၊ မောင်အောင်ထွန်း. . . မင်းသူငယ်ချင်းကို ကြည့်ထိန်းဦးနော်"

"ဟုတ်ကဲ့ပါ အန်တီ"

မိခင်ထွက်သွားမှ ထက်ခေါင်က. . .

"မင်းအစီအစဉ်က ဘာလဲ!"

"ဒီနေ့ ကောင်မလေးကို ရေလောင်းပြီး ရင်ဖွင့်မယ်ကွာ"

"ဟာ. . . အရှက်ကွဲလို့ ပါးရိုက်လွှတ်မှာပေါ့!"

"မဟုတ်ဘူးလေ. . . ငါ ချစ်ရေးဆိုမယ်လို့ ပြောတာ"

"ကဲ. . . လုပ်. . . ထွက်ကြမယ်"

"ဘယ်က စောင့်မလဲ!"

"အိမ်ရှေ့က ပိတောက်ပင်ကြီး အောက်ကပေါ့ကွာ"

"ဟာ. . . အေး. . . မင်း ပိတောက်ပန်း တက်ခူးကွာ. . . "

"မပူနဲ့"

ထို့နောက် ထက်ခေါင်က သူ့ဖလားကြီးနှင့် ရေအပြည့် ဖြည့်ပြီး ထွက်သည်။ အောင်ထွန်းကလည်း သူ့ကားထဲမှ ငွေဖလားလေး ထုတ်ကာ ရေဖြည့်ပြီး ထွက်လာသည်။ ပိတောက်ပင်အောက် လူအတော်စုံနေကြချေပြီ၊ စိန်ကြီးတို့ ဖိုးလုံးတို့ပါ ရောက်နေကြသည်။

"ထက်ခေါင်. . . ငါတို့ ပိတောက်ပန်း ခူးချင်တယ်ကွာ"

"ဟုတ်တယ်. . . သမီးတို့ လိုချင်တယ်"

"သားတို့လည်း လိုချင်လို့"

"ကဲ. . . စိန်ကြီး၊ မင်းတို့နှစ်ယောက်ပဲ ကြည့်ပြီးလုပ်ပေးလိုက်ကြပါကွာ၊ ငါတို့ကိုလည်း တစ်ခက်စီလောက်ပေး"

"ဝေး. . . ဟေး"

စိန်ကြီးတို့ ခါးတောင်းမြောင်အောင် ကျိုက်ကာ တက်ကြသည်။ သိပ်မကြာ၊ တဖြောင်းဖြောင်း တပိုင်းပိုင်း ကျိုးသံမြည်သံနှင့် ပိတောက်ပန်းကိုင်းများ တဖျောဖျော ကျလာလေတော့၏။ သူတို့နှစ်ယောက်လည်း ကလေးတွေနှင့် လုကာ တစ်ခက်စီ ကောက်ကြသည်၊ တစ်ခါတုန်းက ရန်ပွဲနှင့် ကျခဲ့ရသော သင်္ကြန်ကို အမှတ်ရမိကာ ပြုံးဖြစ်သည်။

ထွန်းကျော်က. . .

"မင်း ဒီပိတောက်ပင်ကြီးကြောင့် အချုပ်ခန်းထဲမှာ သင်္ကြန်ကျခဲ့ရဖူးတယ်ဆို"

"ဘယ်သူပြောလဲ!"

"အိသင်္ကြန်လေ"

"အင်းလေ. . . အဲ့ဒီတုန်းကပေါ့၊ ခုတော့လည်း ရန်ဖြစ်ဟဲ့ အလုပ်ကို ငတ်းတွေပဲ လုပ်ကြတယ်ဆိုတာ ငါ သဘောပေါက်လာတော့ အပြင်မှာ သင်္ကြန်ကျခွင့် ရလာတာပေါ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . ဟိုမှာ ထွက်လာပြီကွ"

လှမ်းကြည့်လိုက်တော့ သင်္ကြန်တို့ ညီအစ်မနှစ်ယောက် ရေကစားဖို့တော့ မဟုတ်၊ စက်ဘီးကိုယ်စီ ဆွဲထွက်လာသဖြင့် ရေပက်ခံထွက်ကြဖို့ ဖြစ်လောက်သည်။

သူနှင့် အောင်ထွန်းလည်း ဖလားကိုယ်စီနှင့် ရောက်သွားကြပါသည်။

အိသင်္ကြန်က. . .

"ကိုအောင်ထွန်း. . . ညီမလေး စက်ဘီးမစီးတတ်ဘူး"

"ဟုတ်လား. . . ကိုယ်စီးတတ်တယ်၊ ကိုယ်က စက်ဘီးကို စက္ကူမ်း. . . အဟက်ဟက်၊ က. . . သင်္ကြန်အကျနေ့မှာ ကိုကြီးရဲ့ မေတ္တာရေလေး လောင်းပရစေနော်"

"လောင်းပေါ့. . . ရေမချိုးထားဘူး"

အောင်ထွန်း လောင်းပါသည်။ လောင်းပြီး ဖလား ခေါင်းစွပ်ကာ စက်ဘီးကို မေသင်္ကြန်၏လက်မှ လွှဲကာယူလိုက်သည်။ ထို့နောက် လမ်းတစ်ဖက် ဖြတ်ကူးကာ ထက်ခေါင်တို့အိမ်ထဲ တွန်းသွင်းသွားလေသည်။

မေသင်္ကြန်က စူပုပွနှင့်. . .

"ကိုကြီးလူ ဘာလုပ်ကာလဲ မသိဘူး"

ထက်ခေါင် လှည့်ကြည့်ပြီး. . .

"လေနည်းနေလို့ လေသွားထိုးတာ ထင်တယ်၊ အိမ်မှာ လေထိုးပိုက်ရှိတယ်လေ"

ထို့နောက် ထက်ခေါင်က အိသင်္ကြန် ပခုံးပေါ် ဖလားလေး ပင့်မြှောက်၍. . .

"ချစ်ခြင်းဖွဲ့ မေတ္တာတရားတွေ ပေါင်းခံထားတဲ့ အတာရေနဲ့ ကမ္ဘာမြေပေါ် တို့နှစ်ယောက် အသက်ရှည်သမျှ ချစ်သွားနိုင်အောင် အားပါးတရ လောင်းလိုက်တော့မယ်နော်"

"အင်း. . . "

ထက်ခေါင် လောင်းဖို့ ဟန်ပြင်လိုက်သော်လည်း ဖလားက ရှေ့မစောင်းဘဲ နောက်သို့ စောင်းကာ ရေတွေ ဝေါခနဲ ဖိတ်ကျကုန်သဖြင့် လှည့်အကြည့်. . .

"ဟင်. . . ဒေါ်ကုလားမ ဘာလုပ်တာလဲဗျ!"

"နင် စိတ်မှတ်မရှိဘူးလား၊ ဒီဖလားက ဓမ္မာရုံမှာ အလှူခံဖို့ ငါ ငွေကုန်ခံပြီး ဝယ်လှူထားတာ၊ နင် သင်္ကြန်ကစားဖို့ မဟုတ်ဘူးဟဲ့"

"ဟာ. . . ကျွန်တော် ဥပသကာ ဦးဝင်းနောင်ကို အလှူငွေ ထည့်ပြီးငှားလာတာပါဗျာ. . . "

"မလိုဘူး. . . ပြန်ပေး"

"မပေးဘူးဗျာ"

"က. . . ပေးလိုက်ပါ ထက်ခေါင်ရယ်၊ နင့်ရဲ့ပေါင်းခံရေနဲ့ မလောင်းလည်း ငါ နင့်ကို တစ်သက်လုံး ပေါင်းပြီးချစ်ပါ့မယ်"

"ဘာ. . . တကယ်. . . "

ထိုအခိုက်မှာပင် အောင်ထွန်း သူ့ကားကို ခြံထဲမှ ဘက်ဆုတ် ထွက်လာကာ သူတို့ဘေးနား ဝင်ရပ်၍. . .

"က. . . လာ. . . ငါတို့ ကားနဲ့ပဲ လည်ကြမယ်"

"ဟယ်. . . ကောင်းတယ်"

အိသင်္ကြန်တို့ မြူးတူးသွားကာ အိသင်္ကြန်၏စက်ဘီးကို ခြံထဲ ပြန်တွန်းသွင်းကြကာ ကားပေါ် ပြေးတက်ကြသည်။

ထက်ခေါင်လည်း တက်မည်အပြု. . .

"ဟဲ့. . . . ငါ့ဖလား ပြန်ပေးဆိုတာ နားမပါဘူးလား"

"ဟာ. . . ရော့ဗျာ"

ထက်ခေါင် သူ့လက်ထဲမှ ဖလားအား ဒေါ်ကုလားမခေါင်းကို စွပ်ချထားခဲ့ကာ ကားထဲ ပြေးဝင်ထိုင်တော့၏။

"ဟဲ့. . . မသာကောင် သေနာလေး"

"အေး. . . ဆဲ. . . ဆဲ. . . ခင်ဗျားကို သိကြားမင်းက ဝက်သားရေနဲ့ နာမည်မှတ်သွားပြီ"

www.burmeseclassic.com

www.burmeseclassic.com

"မှတ်ပစေဟေ့"

အောင်ထွန်းတို့ တဟားဟား ရယ်ကာ ကားမောင်းအထွက် ရှေ့မှ ဦးမြတ်ကျော် ပိတ်ရပ်ထား၍ ကားကို ဘရိတ်အုပ်လိုက်ရတော့ ၏။

"မင်းတို့ ဘာကောင်တွေလဲကွ၊ မိဘတွေဆီ ခွင့်မတောင်းဘဲ ကိုယ့်သဘောနဲ့ကိုယ် ထွက်ရအောင် မင်းတို့ ဘာကောင်တွေလဲ။ သွား. . . ဒီနေ့ လုံးဝလည်ဖို့ မစဉ်းစားနဲ့"

"ဗျာ. . . "

ချမ်းမြကြည်ဖြူကြပါစေ။

နတ်ကွန်းမိုး



www.burmeseclassic.com